# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ ခုနှစ် ၊ ပြာသိုလဆန်း(၁၁)ရက် ၊ ကြာသပတေးနေ့ ၊ (9-1-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၂၅၄)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**နိုင်ငံ၏ စီးပွားရေးကို အထောက်အကူ ပြုစေမည့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေး၊ ပြည်တွင်းခရီး သွားများ လွယ်ကူချောမွေ့စွာ ခရီးသွားလာနိုင်ရေးနှင့်ပြည်ပ ခရီးသည်များ ပိုမိုလာရောက် ရေးတို့ကို အခြားနိုင်ငံများ နည်းတူ အလေးထား ဆောင်ရွက်**

စာမျက်နှာ- ၁၆

**၂၀၂၅ ခုနှစ် ဇန်နဝါရီ ၈ ရက် ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗ စင်တီမီတာနှင့် အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၃၆၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

## ကဏန်းကျွန်းဒီရေတော ကြိုးပြင်ကာကွယ်တောသတ်မှတ်



**နေပြည်တော် ဇန်နဝါရီ ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ ၆ ပုဒ်မခွဲ (င)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် မွန်ပြည်နယ် သထုံခရိုင် သထုံမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၉၂၈၄ ဧကရှိသော နယ်မြေကို **"ကဏန်းကျွန်းဒီရေတောကြိုးပြင်ကာကွယ်တော"**အဖြစ် အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၂၅)အရ ၁၃၈၆ ခုနှစ် ပြာသိုလဆန်း ၄ ရက် (၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂ ရက်)မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဒီရေတောဂေဟစနစ် ရေရှည်တည်တံ့စေရန်နှင့်စီမံအုပ်ချုပ်မှုပိုမိုကောင်းမွန်လာစေရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝစေရန်၊ လှိုင်းဒဏ်၊ လေမုန်တိုင်းဒဏ်ခံစားရမှုများကို သဘာဝတံတိုင်းကြီးများသဖွယ် ကာကွယ်ရန်နှင့် ဒေသခံပြည်သူများအတွက် သား၊ ငါး၊ ကဏန်း၊ ပုစွန် စသောရေသယံဇာတများ စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရန် ရည်ရွယ်၍ ဒီရေတောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

ကဏန်းကျွန်း ဒီရေတောကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းဖြင့် ဒီရေတောအဓိကသစ်မျိုးများဖြစ်သည့် သမဲ့၊ ကန့်ပလာ၊ ဓနိ စသည့်ဒီရေတောသစ်ပင်များကို ထိန်းသိမ်းနိုင်မည့်အပြင် ဖြူးခြေထောက်၊ ဖြူးကြက်တက်၊ နံ့ဖြူး၊ ဖြူးအုပ်ဆောင်း၊ သမဲ့ကြီး၊ ကန့်ပလာ စသည့် သစ်မျိုးများဖြင့် စိုက်ပျိုးတည်ထောင်ထားသည့် ဒီရေတောစိုက်ခင်းများကိုပါ ထိန်းသိမ်းကာကွယ်နိုင်မည်ဖြစ်ခြင်း၊ သား၊ ငါး၊ ကဏန်း၊ ပုစွန်များ ရှင်သန်ပေါက်ဖွားရာဂေဟစနစ် ပိုမိုကောင်းမွန်လာစေခြင်း၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ခြင်း၊

စာမျက်နှာ ၁၈ ကော်လံ ၄




**Myanmar Mobile Money(MMM) ကိုအသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။**

ငွေသွင်း ငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊ ဈေးဝယ်ခြင်း ၊

E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ Internet Bill ပေးဆောင်ခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊

Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊

E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

ရတနာပုံ
၂၀၂၅ ခုနှစ် ဇန်နဝါရီ ၉ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံတော်၏အား နိုင်ငံ့သားကောင်းလူငယ်များ

နိုင်ငံ့အနာဂတ်ကို အကောင်းဆုံးဖန်တီးနိုင်မည့် လူ့စွမ်းအားအရင်းမြစ်များသည် နိုင်ငံတွင်းရှိလူငယ်များသာဖြစ်သည်။ လူငယ်များတွင် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ပြည့်ဝနေရန် အရေးကြီးသည်။ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ကိုအခြေခံကာ မိမိနိုင်ငံနှင့် မိမိလူမျိုးကိုကာကွယ်နိုင်ရန်အတွက် စစ်ပညာများ၊ ကာကွယ်ရေးပညာရပ်များ သင်ယူထားကြရမည်ဖြစ်သည်။

ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံသည် ပထဝီနိုင်ငံရေးအခြေအနေအရ အချက်အချာကြပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည့် အလားအလာကောင်းများရှိနေသည်။ ထိုအခွင့်အလမ်းကောင်းများနှင့်အတူ ကပ်ပါလာမည့်စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် နိုင်ငံတော်နှင့်နိုင်ငံသားအားလုံး လုံခြုံရေးတည်ငြိမ်အေးချမ်းရေးရှိရန်မှာ အသက်တမျှအရေးကြီးသည်။ ထို့ကြောင့် နိုင်ငံတကာကလေးစားခန့်ညားသော ကာကွယ်ရေးအင်အားရှိရန်အတွက် နိုင်ငံသားတိုင်း နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ကြရမည်ဖြစ်သည်။

အထူးသဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန်အတွက် အခြေအနေနှင့် အချိန်အခါအရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်နေ့တွင် အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁) ကို ၂၀၂၄ ခုနှစ် ဧပြီလ ၈ ရက်မှစတင်၍ ဖွင့်လှစ်သင်ကြားပေးခဲ့ရာ ယခုဆိုလျှင် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၈) ကိုပင်အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

သင်တန်းဆင်းနိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအနေဖြင့် တပ်ရင်းတပ်ဖွဲ့များတွင် တာဝန်ထမ်းဆောင်လျက်ရှိကြရာ ပေးအပ်သည့်တာဝန်များကို ထူးချွန်ပြောင်မြောက်စွာထမ်းဆောင်နိုင်ခဲ့ကြသည့်အတွက် နိုင်ငံတော်က ချီးမြှင့်သည့် စွမ်းရည်သတ္တိဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့များ ရရှိလာကြသည်ကို ဂုဏ်ယူဖွယ်ရာတွေ့ရှိရသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေအရဖြစ်စေ၊ မိမိစိတ်ဆန္ဒအရဖြစ်စေ၊ တပ်မတော်အတွင်းသို့ ဝင်ရောက်လာကြသူများကို တပ်မတော်၌ စစ်ဆင်ရေး၊ နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များ ထမ်းဆောင်ရာတွင် သိသင့်သိထိုက်သည့်၊ ရှိသင့်ရှိထိုက်သည့် စစ်ပညာရပ်များကိုအခြေခံမှစ၍ လိုအပ်သလို စနစ်တကျသင်ကြားလေ့ကျင့်ပေးပြီးမှသာ တာဝန်ပေးအပ်ခြင်းဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းခြင်းဖြင့် မိမိတို့နိုင်ငံ၏ကာကွယ်ရေးအင်အားနှင့် မိမိတို့ပြည်သူလူထု၏ကာကွယ်ရေး၊ လုံခြုံရေးဆိုင်ရာ အသိစွမ်းရည်များကို ပြသနိုင်မည်ဖြစ်သည်။ ထိုသို့ပြသနိုင်ခြင်းဖြင့် ပြိုင်ဘက်ရန်သူများ၏ ရန်ပြုလိုစိတ်၊ စစ်နှင့်ယှဉ်ပြိုင်လိုစိတ်များ ပျောက်ကွယ်ပြီး စစ်မဖြစ်ရဘဲ စစ်ကိုဟန့်တားနိုင်သော စွမ်းရည်များရရှိမည်ဖြစ်သည်။

သို့ဖြစ်၍ အလှည့်ပေါင်းစုံမှ ဝင်ရောက်တာဝန်ထမ်းဆောင်လာကြသူများဖြစ်သော်လည်း ယခုအခါ တူညီသောယူနီဖောင်းကိုဝတ်ဆင်၍ သင်တန်းကျောင်းများအလိုက် အရောင်အသွေးတူ၊ အတွေးအမြင်၊ ယုံကြည်ချက်၊ ခံယူချက်တူညီအောင် လေ့ကျင့်ပေးလိုက်ပြီဖြစ်၍ တပ်မတော်သားဘဝကို ဂုဏ်ယူစွာဖြင့် ပေးအပ်လာ သည့်မည်သည့်တာဝန်မျိုးကိုမဆို ကျေပွန်စွာထမ်းဆောင်နိုင်သော နိုင်ငံတော်နှင့် တပ်မတော်က ယုံကြည်အားကိုးရသည့် နိုင်ငံ့သားကောင်းရတနာများ၊ မိသားစုက လေးစားတန်ဖိုးထားရသည့် သူရဲကောင်းများအဖြစ် ကျင့်ကြံနေထိုင်ပြီး ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းကို တက်ကြွစွာပါဝင်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

## ၂၀၂၅ ခုနှစ်၊ ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဖြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင်လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်အောင် ဖော်ဆောင်ပေးရေး။

**ပေါင်းစည်းချစ်ကြည် လက်တွဲညီ ပြည်ထောင်စုရဲ့ ပန်းတိုင်ဆီ**

**တိုင်းပြည်သာယာ ဝပြောဖို့ ငြိမ်းချမ်းရေးကို တည်ဆောက်စို့**

**တို့ပြည်ထောင်စုတိုင်းရင်းသားများ ညီညွတ်စွမ်းအား ပြည်ခွန်အား**

# ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၇၂၅၈၇ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



ရွှေဘို ဇန်နဝါရီ ၈

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောစပါး ၇၂၅၈၇ ကေထိရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စပါး ၁၀၄၇၆၄ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသောစပါးစိုက်ခင်းများကို ယခုနှစ်အောက်တိုဘာလမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၇၂၅၈၇ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၈၀ ဒသမ ၃၁ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီက ရွှေဘိုမြို့နယ်မှာ စပါးဧက ၁၀၀၀၀၀ ကျော်ထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စပါးစိုက်ခင်းတွေကို လက်ရှိမှာ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ဧက ၇၂၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ရွှေဘိုမြို့နယ်တွင် မိုးစပါးစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိစေရေးနှင့် ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိစေရေး အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရွှေဘိုမြို့နယ်တွင် စိုက်ပျိုးထားသော စပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှု ကင်းထောက်ခြင်း၊ တမန်းနှီးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲခြင်း စသည့် စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရွှေဘိုမြို့နယ်တွင် စပါးများကို တစ်ဧကပန်းတိုင်အထွက်နှုန်း ရရှိအောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံအတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သည့် ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စပါးများ တိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းသင့်ကြောင်း ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ရက် ၉၀ စပါးတင်းရေ ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ကျုံပျော် ဇန်နဝါရီ ၈

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်း ရက် ၉၀ စပါးတင်းရေ ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျုံပျော်မြို့နယ် ဆန်၊စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြတ်မြတ်သူက ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်းက ရက် ၉၀ စပါးတင်းရေ ၅၂၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်ထိ ရက် ၉၀ စပါးတင်းရေ ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

" ကျုံပျော်မြို့နယ်က ရက် ၉၀ စပါးကို ရန်ကုန်ဆန်စပါးဈေးကွက်က ဒီဇင်ဘာလ ပထမပတ်ကနေ စတင်ပြီး ဝယ်ယူအားကောင်းခဲ့ပါတယ်။ ဒီဇင်ဘာလက ရန်ကုန်ဈေးကွက်ကို ရက် ၉၀ စပါးတင်းရေ ၇၃၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဧရာဝတီတိုင်းဒေသကြီးက ဆန်နဲ့စပါးတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ လက်ရှိ ဒေသထွက် မိုးစပါးတွေကို ဝယ်ယူပြီးတော့ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်"ဟု ဒေါ်မြတ်မြတ်သူက ပြောပြသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ရက် ၉၀ စပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၉၉၀၀၀၀ ထိ ဈေးပေါက်ခဲ့ကြောင်း၊ အဆိုပါစပါးများကို အဆက်မပြတ် တင်ပို့ရောင်းချနေရခြင်းကြောင့် အရောင်းအဝယ်လုပ်ငန်းရှင်များ၊ စိုက်ပျိုးရေးတောင်သူများ၊ ကုန်တင်ကားအငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ လုပ်ငန်းအဆင်ပြေကြကြောင်း သိရသည်။

ကျော်ကျော်လင်း

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၂၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မလှိုင်မြို့နယ် အောင်ပန်းကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မလှိုင် ဇန်နဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် သဲကန်ကျေးရွာအုပ်စု အောင်ပန်းကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ အောင်ပန်းကုန်းကျေးရွာ၌ အရှည်ပေ ၆၀၀၊ အကျယ် ၁၂ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့်ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးညှိနှိုင်းမှာကြားသည်။

အောင်ပန်းကုန်းကျေးရွာ၌ ကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၅၂ သိန်းဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၄ ခုနှစ် ဇူလိုင်လ ဒုတိယပတ်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် ငါန်းဇွန်မြို့ ရတနာပုံကျောင်းဆရာတော် ဘဒ္ဒန္တစက္ကိန္ဒက ဆေးပဒေသာပင်အတွက် ငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်းက လက်ခံရယူစဉ်။

# ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၄၄၄၈ ဧက စိုက်ပျိုးပြီးစီး



**ဘုတလင် ဇန်နဝါရီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၄၄၄၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံဧက ၄၄၄၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၄၄၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဘုတလင်မြို့နယ်မှာ ဟင်းသီးဟင်းရွက် ဧက ၄၄၄၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၄၄၄၈ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်းစတဲ့ သီးနှံတွေစိုက်ပျိုးဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAPနည်းစနစ်နဲ့စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာတွေပေးနေပါတယ်" ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် ဟင်းသီးဟင်းရွက်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်၊ စိုက်နည်းစနစ် မှန်ကန်ရန်၊ ပိုးမွှားကျရောက်မှုကင်းစင်ရန်၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲရန် အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းအောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေပြီး ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သည့် ဝယ်လိုအားမျှတလာကာ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သဖြင့် ဟင်းသီးဟင်းရွက်များကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။ (၂၀၆)

# မိုင်းဆတ်မြို့နယ် လယ်ပြင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုင်းဆတ် ဇန်နဝါရီ ၈**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လယ်ပြင်ကျေးရွာနှင့် တောင်ညိုကျေးရွာအတွက် ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းက လယ်ပြင်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းစိုးဌေးက လယ်ပြင်ကျေးရွာနှင့် တောင်ညိုကျေးရွာရှိ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးလုပ်ငန်းများတိုးချဲ့လုပ်ကိုင်နိုင်ရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်းရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၀၄ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက လယ်ပြင်ကျေးရွာနှင့် တောင်ညိုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၂ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် ၄၀၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ငါးမုတ်ပိသာချိန် ၈၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ ဇန်နဝါရီ ၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း ငါးမုတ်ပိသာချိန် ၈၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာမြင့်က ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် နိုဝင်ဘာလက ငါးမုတ်ပိသာချိန် ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်ထိ ငါးမုတ်ပိသာချိန် ၈၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါငါးမုတ်များကို ပြည်တွင်းဈေးကွက်တွင် ဝယ်ယူမှုအားကောင်းလာခြင်းကြောင့် တင်ပို့မှုအားကောင်းလာခြင်းဖြစ်ကြောင်း သိရသည်။

"ငါးမုတ်တွေက ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချမှု အားကောင်းလာပါတယ်။ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း ငါးမုတ်ပိသာချိန် ၈၂၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်ကို ဖျာပုံမြို့နယ်ကနေ တင်ပို့ရောင်းချတဲ့ ငါးမုတ်တွေ အဝယ်လိုက်လာလို့ တင်ပို့မှုအားကောင်းခဲ့တာပါ။ ဒေသပွဲရုံတွေဆီ ငါးမုတ်တွေ ပုံမှန်ဝင်ရောက်နေပါတယ်။ ပွဲရုံတွေဆီဝင်လာတဲ့ ငါးတွေကလဲ လတ်ဆတ်မှုရှိပါတယ်။ ကုန်တင်ပို့မှုအားကောင်းလာတော့ ရေလုပ်ငန်းနဲ့ ဆက်စပ်တဲ့သူတွေ အလုပ်အကိုင်အခွင့်ကောင်းနေပါတယ်။ ဖျာပုံမြို့နယ်ကထွက်တဲ့ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိက တင်ပို့ရောင်းချနေပါတယ်"ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာမြင့်က ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ငါးမုတ်အပါအဝင် ရေထွက်ကုန်များကို ဝယ်ယူပြီး စနစ်တကျသန့်စင်ကာ ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါငါးမုတ်များကို ရန်ကုန်ဈေးကွက်မှတစ်ဆင့် အခြားဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**



# သင်္ခပတ္တပျို့ (အပိုင်း- ၂)

ဗိုလ်ရှိတ်(ရတနာပူရ)

**အင်းဝခေတ် ဇင်းမယ်ပဏ္ဏာသ**

ပထမအင်းဝခေတ်တွင် ဇင်းမယ်ပဏ္ဏာသကျမ်းလာဇာတ်များကို စာပေများတွင်ထည့်သွင်းရေးသားခဲ့ကြသည်ကို တွေ့ရသည်။ ပထမအင်းဝခေတ် စာဆိုတော် ရှင်အဂ္ဂသမာဓိ၏ သုဝဏ္ဏသျှံမြားပစ်ခန်းပျို့ ပိုဒ်ရေ ၁၀၅ ၌

"ဝမ်းကားဆွတ်ဆွတ် ၊ စာပေဖတ်သား
သတ္တာခနေ ၊ ရှေးဝတ္ထုတည့်
ရတုလိုလို ၊ ဆိုလတ်တုံပြား
လူမင်းသားလျှင် ၊ လွှားလွှားပျံတက်
မဏိကက်ဟု ၊ ဆက်လည်းရထွေ
မင်းဝေလူလူ ၊ မြင်းငယ်ဖြူနှင့်" ဟူ၍

သတ္တခနေဇာတ်လာ မဏိကက္ခမြင်းအကြောင်းကို ထည့်သွင်းဖွဲ့ဆိုထားသည်။ ထို့ပြင် ပိုဒ်ရေ ၁၉ တွင်လည်း ဇင်းမယ်ပဏ္ဏာသကျမ်းလာ ကုမ္ဘာဘယမင်းသားအကြောင်းကို-

"ထုံးတပုံလည်း ၊ မှုကုံရေးရာ
ရည်ငံရွှာသား ၊ ကုမ္ဘာဘယ
မင်းသားကြံမွန် ၊ လေးလက်အန်နှင့်" ဟူ၍

ထည့်သွင်းဖွဲ့ဆိုခဲ့ပါသည်။ အထက်ပါအထောက်ထားများအရ ပထမအင်းဝခေတ်တွင် ဇင်းမယ်ပဏ္ဏာသကျမ်းလာ ဇာတ်တော်များကို အလျင်းသင့်သလိုကြည့်ရှုခဲ့ကြောင်းကား ထင်ရှားလှပါသည်။ ရဟန်း၊ ရှင်၊ လူများကြား၌ ဇင်းမယ်ပဏ္ဏာသကျမ်းသည် အတော်တွင်ကျယ်ခဲ့သည်ဟု ဆိုနိုင်သည်။ သို့သော် တစ်ခုသတိပြုစရာမှာ ပထမအင်းဝခေတ်တွင် ဇင်းမယ်ပဏ္ဏာသဇာတ်များကို ပျို့တစ်စောင်တစ်ဖွဲ့မဖွဲ့ဆိုကြသေးခြင်းပင်ဖြစ်သည်။ မရေးဖွဲ့ရခြင်းမှာ ဇင်းမယ်ပဏ္ဏာသကျမ်း သည် ဘုရားဟောပိဋကတ်ကျမ်းများကဲ့သို့ အခိုင်အခံ့ကျမ်းများမဟုတ်ခြင်းကြောင့် မရေးဖွဲ့ခဲ့ခြင်း၊ သင်္ဂါယနာတင်ကျမ်းမဟုတ်ခြင်းကြောင့် ရှောင်ရှားကြခြင်းဖြစ်ဟန်တူပါသည်။ ထို့ကြောင့် ဘုရားဟောဇာတကဇာတ်တော်များကိုပျို့အဖြစ်ရေးဖွဲ့ရာတွင်ဇင်းမယ်ပဏ္ဏာသကျမ်းလာဇာတ်များကို ကြိုးကြားကြိုးကြားထည့်သွင်းရေးဖွဲ့ခဲ့သည်ဟုဆိုနိုင်ပါသည်။ ရှင်အဂ္ဂသမာဓိက သုဝဏ္ဏသျှံမြားပစ်ခန်းပျို့ ရေးပြီးသောနှစ်မှာ သက္ကရာဇ် ၈၈၉ ခုနှစ် သီတင်းကျွတ်လဆန်း သုံးရက်နေ့ ဖြစ်သည်။ ပထမအင်းဝခေတ်တွင် ဇင်းမယ်ပဏ္ဏာသကျမ်း အထောက်အထားကို သုဝဏ္ဏသျှံမြားပစ်ခန်းပျို့တွင်သာ အစောဆုံးတွေ့ရသည်။

ပထမအင်းဝခေတ် နောက်ပိုင်းကာလများဖြစ်သော တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်တို့တွင် ဇင်းမယ်ပဏ္ဏာသကျမ်းလာဇာတ်များကို ပျို့၊ ပြဇာတ်စသည်ဖြင့် ရေးဖွဲ့လာကြသည်ကိုတွေ့ရပါသည်။ နဝဒေးကြီး၏ မနော်ဟရီပျို့သည် ဇင်းမယ်ပဏ္ဏာသကျမ်းလာ သုခနေဇာတ်ကို ရေးဖွဲ့ထားခြင်းဖြစ်သည်။ ဇင်းမယ်ပဏ္ဏာသကျမ်းနှင့် မြန်မာစာပေစာရင်းကို သီးသန့်တစ်ခန်းရေးဦးမည်ဖြစ်သဖြင့် ဤနေရာ၌ ပျို့ကဗျာများကို ခဏချန်ထားပါဦးမည်။

မြန်မာနိုင်ငံသို့ အင်းဝခေတ်တွင် ဇင်းမယ်ပဏ္ဏာသကျမ်းရောက်ရှိခဲ့သည်ဟူသောအဆိုသည် အငြင်းပွားဖွယ်ရာမရှိပါ။ ပုဂံခေတ်တွင် ဇင်းမယ်ပဏ္ဏာသကျမ်း မြန်မာနိုင်ငံသို့ ရောက်ရှိသည်ဟူသောအဆိုသည် ပြန်လည်ဆင်ခြင်စရာများစွာရှိပါသည်။ မြန်မာနိုင်ငံတွင် ဇင်းမယ်ပဏ္ဏာသကျမ်းလာ ဇာတ်တစ်ဇာတ်ဖြစ်သည့် သုမ္ဗမိတ္တဇာတ်သဲလွန်စကို သက္ကရာဇ် ၆၂၇ ခု ( ခရစ်နှစ် ၁၂၆၅ ခုနှစ်) ထိုးကျောက်စာ၌ တွေ့ရသည်။ ကျန်စစ်သားကောင်းမှု အပယ်ရတနာနံရံပန်းချီ၌ သုခနေဇာတ်ကိုတွေ့ရသည်။ ထိုကျောက်စာပါ သက္ကရာဇ်၊ အပယ်ရတနာနံရံပန်းချီရေးဆွဲချိန်တို့ကို ဇင်းမယ်ဆရာတော်ကျမ်းပြုချိန်နှင့် ချိန်ထိုးကြည့်သင့်ပါသည်။ လောလောဆယ် သက္ကရာဇ်ပါ ၆၂၇ ခုထိုးကျောက်စာနှင့်သာချိန်ထိုးပြပါမည်။

ယိုးဒယားမင်းသားကြီး ဒင်မရွှန်းသည် ဇင်းမယ်ပဏ္ဏာသကျမ်းကို ခရစ်နှစ် ၁၄၆၇ ခုနှစ် ၁၆၆၇ ခုနှစ်တွင် ရေးသားပြုစုပြီးခဲ့သည်ဟု ဆိုထားပါသည်။

> **❖မြန်မာနိုင်ငံတွင် အပယ်ရတနာလိုဏ်ဂူဘုရားမှ သုခနေဇာတ်၊ ကျောက်စာ၌တွေ့ရသော သုမ္ဗမိတ္တဇာတ်တို့ရှိနေချိန်တွင် ယိုးဒယား၊ ကမ္ဘောဒီးယား၊ လောနိုင်ငံတို့၌ ဇင်းမယ်ပဏ္ဏာသခေါ် ပညာသဇာတကကျမ်း မပေါ်ပေါက်သေးပေ။ ထို့ကြောင့် ဇင်းမယ်ပဏ္ဏာသကျမ်း၌ပါသော အချို့ဇာတ်တချို့သည် ပုဂံမြို့တွင် အစောဆုံးစီရင်ခဲ့ကြောင်း ထင်ရှားသည်။ အထက်ပါအချက်တို့ကို ထောက်ထား၍ ဇင်းမယ်ပဏ္ဏာသကျမ်း၌ပါသော ဇာတ်တချို့သည် ပုဂံခေတ်တွင်ပုဂံမြို့၌ စီရင်ခဲ့သောဇာတ်များဖြစ်သည်။ ❖**

ထို့ကြောင့် ဇင်းမယ်ပဏ္ဏာသကျမ်းပြီးနှစ်ကို ယိုးဒယားမင်းသားကြီး ဒင်မရွှန်းအလိုအရ အစောဆုံး ၁၄၆၇ ခု ဟုထားပါ။ ပုဂံခေတ်ထိုး ၆၂၇ ခုနှစ် ကျောက်စာနှင့် နှိုင်းယှဉ်ကြည့်လျှင် ပုဂံခေတ်ထိုးကျောက်စာက ဇင်းမယ်ပဏ္ဏာသကျမ်းပြီးနှစ်ထက် နှစ်ပေါင်း ၂၀၂ နှစ် စောနေပါသည်။ ထို့ကြောင့် ပုဂံခေတ်ကျောက်စာပါ သုမ္ဗမိတ်ဇာတ်သည် ဇင်းမယ်ပဏ္ဏာသကျမ်းထက် ၂၀၂ နှစ်စောပါသည်။

နောက်ထပ်ချိန်ထိုးစရာတစ်ခုမှာ ဇင်းမယ်မြို့တည်နှစ်နှင့်ဖြစ်သည်။ ဇင်းမယ်မြို့တည်နှစ်ကို သမိုင်းပညာရှင် ဒီ၊ ဂျီ၊ အီးဟောက ၁၂၉၀ နှင့် ၁၂၉၂ ခုနှစ်တွင်း တည်သည် ဟုဆိုပါသည်။ သမိုင်းပညာရှင် ဆေးဒီးနှင့် အယ်ပီးဘရစ်တို့က ၁၂၉၆ ခုနှစ်တွင်း တည်သည်ဟု ဆိုပါသည်။ အစောဆုံးယူဆသော မြို့တည်နှစ်မှာ ၁၂၉၀ပြည့်နှစ်ဖြစ်သည်။ ပုဂံခေတ်ထိုး ကျောက်စာသည် ခရစ်နှစ် ၁၂၆၅ ခု ဖြစ်သည်။ ဇင်းမယ်မြို့တည်နှစ်ထက် နှစ်ပေါင်း ၂၅ နှစ် စောသည်။ ထိုအချက်များကို နှိုင်းယှဉ်ကြည့်လျှင် ဇင်းမယ်ပဏ္ဏာသကျမ်းသည် ပုဂံခေတ်တွင် မြန်မာနိုင်ငံသို့ရောက်ရှိသည်ဟူသောအဆိုသည် ဖြစ်နိုင်စရာမရှိပေ။ ပုဂံခေတ်ထိုးကျောက်စာရေးထိုးချိန်တွင် ဇင်းမယ်ပဏ္ဏာသကျမ်းပြုစုရန် မဆိုထားနှင့်၊ ဇင်းမယ်မြို့ပင် မတည်ရသေးပေ။ ဤသည်မှာ ပုဂံခေတ်ထိုးကျောက်စာနှင့် နှိုင်းယှဉ်ပြခြင်းသာဖြစ်သည်။ ကျန်စစ်သားမင်းကောင်းမှု အပယ်ရတနာလိုဏ်ဂူဘုရားနံရံပန်းချီနှင့် နှိုင်းယှဉ်ပါက ပို၍ အလှမ်းဝေးသွားပေမည်။ အပယ်ရတနာလိုဏ်ဂူဘုရားကိုတည်သောနှစ်မှာ သက္ကရာဇ် ၄၅၂ ခုနှစ် (ခရစ်နှစ် ၁၀၉၀) ဖြစ်သည်။ ထို့ကြောင့် အပယ်ရတနာလိုဏ်ဂူဘုရားနံရံပန်းချီရေးဆွဲချိန်နှင့် ဇင်းမယ်မြို့တည်ချိန်၊ ဇင်းမယ်ပဏ္ဏာသကျမ်းပြုစုချိန် မည်မျှကွာဝေးကြောင်း သိနိုင်ပါသည်။

ခြုံ၍ဆိုရလျှင် မြန်မာနိုင်ငံတွင် အပယ်ရတနာလိုဏ်ဂူဘုရားမှ သုခနေဇာတ်၊ ကျောက်စာ၌တွေ့ရသော သုမ္ဗမိတ္တဇာတ်တို့ရှိနေချိန်တွင် ယိုးဒယား၊ ကမ္ဘောဒီးယား၊ လောနိုင်ငံတို့၌ ဇင်းမယ်ပဏ္ဏာသခေါ် ပညာသဇာတကကျမ်း မပေါ်ပေါက်သေးပေ။ ထို့ကြောင့် ဇင်းမယ်ပဏ္ဏာသကျမ်း၌ပါသော အချို့ ဇာတ်တချို့သည် ပုဂံမြို့တွင် အစောဆုံးစီရင်ခဲ့ကြောင်း ထင်ရှားသည်။ အထက်ပါအချက်တို့ကို ထောက်ထား၍ ဇင်းမယ်ပဏ္ဏာသကျမ်း၌ပါသော ဇာတ်တချို့သည် ပုဂံခေတ်တွင်ပုဂံမြို့၌စီရင်ခဲ့သော ဇာတ်များဖြစ်သည်။ ထိုဇာတ်များသည် မြန်မာနိုင်ငံ အရှေ့ဘက်ရှိနိုင်ငံများသို့ပျံ့နှံ့သွားပြီး ထိုဒေသများ၌ ဇာတ်ငါးဆယ်ပြည့်အောင်စုစည်းပြီး ဇင်းမယ်ပဏ္ဏာသကျမ်းအဖြစ် မြန်မာနိုင်ငံသို့ ပုဂံပျက်ပြီးနောက်ပိုင်းကာလတွင် ပြန်ရောက်ခဲ့သည်ဟုဆိုရမည်ဖြစ်ပေသည်။ ထို့ကြောင့် ပုဂံခေတ်ကတည်းက ဇင်းမယ်ပဏ္ဏာသကျမ်း မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့သည်ဟူသော အဆိုအမိန့်များသည် သမိုင်းအထောက်အထားများနှင့် မညီညွတ်ပါ။ ဇင်းမယ်ပဏ္ဏာသကျမ်း မရေးသားမီ၊ မပြုစုမီကတည်းက ပုဂံမြို့တွင် ဇင်းမယ်ပဏ္ဏာသတွင် ပါဝင်လာမည့် ဇာတ်တချို့ကိုရေးသားပြုစုပြီး ဖြစ်သည်။ ထိုဇာတ်တို့သည် ပုဂံမှဇင်းမယ်ဘက်သို့ ရောက်ရှိသွားပြီး ဇင်းမယ်ဆရာတော်က ဇာတ် ၅၀ ပြည့်အောင် စုစည်းပြုစုသည့်အထဲပါဝင်သွားခြင်းဖြစ်သည်ဟု ယူဆရပါသည်။ ဇင်းမယ်ဆရာတော် စုစည်းပြုစုသော ဇင်းမယ်ပဏ္ဏာသကျမ်းသည် ပုဂံပျက်ပြီးနောက်ပိုင်းကာလမှ မြန်မာနိုင်ငံသို့ ဝင်ရောက်လာခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။

**ဇင်းမယ်ပဏ္ဏာသမြန်မာပြန်ကျမ်းများ**

ဇင်းမယ်ပဏ္ဏာသကျမ်းသည် မြန်မာနိုင်ငံသို့ ပါဠိဘာသာဖြင့် ရောက်ရှိခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဇင်းမယ်ပဏ္ဏာသကျမ်းကို ပါဠိမတတ်သူများဖတ်ရှုရန်မလွယ်ကူခဲ့ပါ။ ထို့ကြောင့် ပါဠိဘာသာတတ်ကျွမ်းသော ပညာရှင်များသည် ဇင်းမယ်ပဏ္ဏာသကျမ်းကို မြန်မာပြန်ဆိုခြင်းများဆောင်ရွက်ခဲ့ကြပါသည်။ ထိုသို့ ဇင်းမယ်ပဏ္ဏာသကျမ်း မြန်မာပြန်ခြင်းလုပ်ငန်းကို ရှေးပဒေသရာဇ်ခေတ်မှစ၍ မျက်မှောက်ခေတ်တိုင်အောင်ဖြစ်သည်။ ဇင်းမယ်ပဏ္ဏာသကျမ်းကို ပထမဆုံး မြန်မာပြန်ဆိုသူမှာ ဘိုးတော်ဗဒုံမင်းလက်ထက်တွင် ထင်ရှားသော ပထမ ဂူကြီးဆရာတော်ဖြစ်သည်။ ဆရာတော်၏ဘွဲ့အမည်မှာ ရှင်ပညာသီဟ ဖြစ်သည်။ ယိုးဒယားလူမျိုးဖြစ်သည်။ ဆင်ဖြူရှင်မြေဒူးမင်း ယိုးဒယားကို စစ်အောင်သောအခါတွင် စစ်သုံ့ပန်းအဖြစ် အင်းဝသို့ရောက်ရှိခဲ့ခြင်းဖြစ်သည်။ သာမဏေဘဝဖြင့် ပထမကျော်အောင်ပန်းကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ ဂူကြီးဆရာတော်သည် ဇင်းမယ်ပဏ္ဏာသကျမ်းကို မြန်မာပြန်ရာတွင် မြန်မာစကားပြေသက်သက်ပြန်ဆိုခြင်းမဟုတ်ဘဲ နိဿယပြန်ဆိုသည့်ပုံစံဖြင့် ပြန်ဆိုခဲ့ခြင်းဖြစ်သည်။ မိုင်းခိုင်းမင်းကြီးပြုစုသော ပိဋကတ်တော်သမိုင်းကျမ်း၌ ဂူကြီးဆရာတော်ပြန်ဆိုသော ဇင်းမယ်ပဏ္ဏာသကျမ်းနိဿယသည် ပေမူသုံးထပ်ရှိသည်ဟု ပြဆိုထားပါသည်။ ဂူကြီးဆရာတော်သည် ဇင်းမယ်ပဏ္ဏာသကျမ်းကို ဘိုးတော်ဗဒုံမင်းလက်ထက်၌ စီရင်ပြုစုပြီးစီးခဲ့သည်။ ဇင်းမယ်ပဏ္ဏာသကျမ်း မြန်မာပြန်များကို ဂူကြီးဆရာတော်လက်ထက်မှစ၍ ယခုမျက်မှောက်ကာလထိ တတ်အားသရွေ့စာရင်း ပြုစုဖော်ပြပေးပါမည်။

**ဇင်းမယ်ပဏ္ဏာသကျမ်းနှင့် မြန်မာစာပေ**

ဇင်းမယ်ပဏ္ဏာသကျမ်းသည် မြန်မာစာပေအပေါ် လွှမ်းမိုးဩဇာသက်ရောက်မှုများစွာ ရှိခဲ့ပါသည်။ အထူးသဖြင့် ပျို့၊ ပြဇာတ်၊ သဘင်လောကတွင် ပို၍ သက်ရောက်မှု ရှိခဲ့ပါသည်။ ဇင်းမယ်ပဏ္ဏာသကျမ်းသည် ပထမအင်းဝခေတ်ကာလတွင် ပျို့ကဗျာများအဖြစ် မရေးဖွဲ့သေးပါ။ တောင်ငူခေတ်ကာလမှစ၍ ဇင်းမယ်ပဏ္ဏာသဇာတ်များကို ပျို့၊ ကဗျာများအဖြစ် ရေးဖွဲ့ခဲ့ကြပါသည်။ ညောင်ရမ်းခေတ်ကာလတွင် ဇင်းမယ်ပဏ္ဏာသဇာတ်များသည် နန်းတွင်း လောက၌ အတော်လွှမ်းမိုးခဲ့ဟန်ရှိသည်။ ညောင်ရမ်း မင်းတရားကြီးထုတ်ပြန်ခဲ့သော ၉၆၂ ခု၊ တပို့တွဲ လဆန်း ၅ ရက်နေ့ အမှတ်အသားပါ အမိန့်တော်တစ်ရပ်တွင် ပန်ထွာမင်းသမီးနားထွင်းမင်္ဂလာပွဲအတွက် ကိန္နရာဇာတ်၊ မနော်ဇာတ်၊ ဝိဓူရဇာတ်၊ ကုမ္ဘာဘယဇာတ်၊ အန္တရဒေဝီဇာတ်များလည်း စာရင်းနှင့်တင်၍ အသင့်ရှိစေ" ဟု ရှင်ဘုရင်ကိုယ်တိုင်က ဇင်းမယ်ပဏ္ဏာသကျမ်းထွက်ဖြစ်သော မနော်ဇာတ်၊ ကုမ္ဘာဘယဇာတ်တို့ကို ကပြရန် အမိန့်ထုတ်ခဲ့ပါသည်။ ညောင်ရမ်းခေတ်စာဆို ဝန်ကြီးပဒေသရာဇာသည်လည်း ဇင်းမယ်ပဏ္ဏာသကျမ်းထွက် ဇာတ်လမ်းများကို ပျို့အဖြစ်၊ ပြဇာတ်အဖြစ် ရေးသားခဲ့ပါသည်။ ကုန်းဘောင်ခေတ်တွင်လည်း ဇင်းမယ်ပဏ္ဏာသကျမ်းထွက် ဇာတ်လမ်းများကို ပျို့၊ ပြဇာတ်အဖြစ် ရေးသားခဲ့ကြသည်။ ထိုသို့ ဇင်းမယ်ပဏ္ဏာသကျမ်းထွက် ဇာတ်လမ်းများကို ကိုလိုနီခေတ်တွင်လည်း ပြဇာတ်အဖြစ် သဘင်လောကတွင် ရေးသား၊ ကပြကြသလို ယခုမျက်မှောက်ခေတ်သီချင်းများတွင်ပင် ထည့်သွင်း၍ စပ်ဆိုသည်အထိ မြန်မာ့သဘင်လောကတွင် ဩဇာလွှမ်းမိုးခဲ့ပါသည်။ ထိုခေတ်အဆက်ဆက်တွင်တွေ့ရသော ဇင်းမယ်ပဏ္ဏာသကျမ်းထွက် ဇာတ်လမ်းများကိုရေးသားခဲ့သည့် ပျို့၊ ကဗျာ၊ ပြဇာတ်များကို စာရင်းပြု၍ ဖော်ပြပါမည်။

၁။ မနော်ဟရီပျို့ = နဝဒေးကြီး
၂။ မနော်ဟရီပျို့ = နန်းတွင်းမိညို
၃။ မဏိကက်ပြဇာတ် = ဝန်ကြီးပဒေသရာဇာ
၄။ မဏိကက်ပျို့ = ဝန်ကြီးပဒေသရာဇာ
၅။ ကုမ္ဘာဘယပျို့ = ဝန်ကြီးပဒေသရာဇာ
၆။ သမုဒ္ဒဃောသပျို့ = ဝန်ကြီးပဒေသရာဇာ
၇။ သူဇာပျို့ = ဝန်ကြီးပဒေသရာဇာ
၈။ သမုဒ္ဒဃောသပြဇာတ် = မြဝတီမင်းကြီးဦးစ

စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## မအူပင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၀၁၂ ဧက စိုက်ပျိုးပြီးစီး



**မအူပင် ဇန်နဝါရီ ၈**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၀၁၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲ ၂၀၀၈ ဧကကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် မြေပဲ ၂၀၁၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါမြေပဲများ အပါအဝင် ဆောင်းသီးနှံများ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူများနှင့်ပေါင်းစပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"မအူပင်မြို့နယ်မှာ ဆီထွက်သီးနှံတွေကို နှစ်စဉ်စိုက်ပျိုးပါတယ်။ ဒီဘက်ဒေသမှာက ဆီထွက်သီးနှံတွေကို ဆောင်းကာလမှာအဓိကထားစိုက်တာဖြစ်ပါတယ်။ ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြေပဲ ၂၀၀၈ ဧကကို လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့ထိ ၂၀၁၂ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မြေပဲအပါအဝင် ဆီထွက်သီးနှံတွေအားလုံး အရည်အသွေးကောင်းမွန်စေရေး၊ အထွက်နှုန်းကောင်းမွန်စေရေး၊ ပိုးမွှားအန္တရာယ် ကင်းရှင်းစေရေးတို့အတွက် ဆက်လက်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်" ဟု မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းကပြောပြသည်။

မအူပင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲအပါအဝင် ဆောင်းသီးနှံများ စနစ်တကျ စိုက်ပျိုးနိုင်ရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲတတ်စေရေး စသည့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ဆီထွက်သီးနှံများကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံပြီး ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

➤ **စာမျက်နှာ ၄ မှအဆက်**

၉။ သင်္ခ်ပတ္တဇာတ် = တောင်ငူမြို့စားသတိုးဓမ္မရာဇာ
၁၀။ ငွေတောင်ရကန် = ရွှေတောင်နန္ဒသူ
၁၁။ ငွေတောင်ရကန်ဟောင်း = အမည်မသိ
၁၂။ သမုဒ္ဒဃောသဇာတ် = အမည်မသိ
၁၃။ သင်္ခ်ပတ္တဇာတ် = အမည်မသိ
၁၄။ သောဏပျို့ = လက်ဝဲသုန္ဒရဦးမြတ်စံ
၁၅။ နရစိုးလုလင်ပျို့ = အမည်မသိ
၁၆။ နရစိုးလုလင်ပျို့ = အမည်မသိ
၁၇။ မဏိကက္ခပျို့ = မင်းဒေဝကျော်
၁၈။ မဏိခက်ဇာတ်ပေါင်းပျို့သစ် = အမည်မသိ
၁၉။ သင်္ခ်ပတ္တပျို့ = အမည်မသိ
၂၀။ အရိန္ဒမပျို့ = အမည်မသိ
၂၁။ သမပိုက်ပျို့ = အမည်မသိ
၂၂။ သမပိုက်ပျို့ = အမည်မသိ
၂၃။ ရတနပ္ပဇ္ဇောတပျို့ = အမည်မသိ
၂၄။ သီရိဝိပုလကိတ္တိရာဇဇာတ်ပျို့ = အမည်မသိ
၂၅။ မနော်ပြဇာတ် = ၁၆၀၀ပြည့်နှစ်ရေးပြီး။ရေးသူမသိရပါ။
၂၆။ သင်္ခ်ပတ္တပြဇာတ် = ပုဇွန်တောင်ဆရာခ
၂၇။ ဒွေးမယ်နော်ပြဇာတ် = အမိန့်တော်ရ ဦးချမ်းမြ ၁၈၈၀ ပြည့်နှစ်ထုတ်။
၂၈။ ဒွေးမယ်နော်ပြဇာတ် = ကြည့်မြင်တိုင်ဦးဘိုးလှ။ ၁၈၈၃ခုထုတ်။
၂၉။ ဒွေးမယ်နော်ငွေတောင်ပြည်ပြန်ခန်းပြဇာတ် = တောင်လုံးပြန်ဦး ဘိုမြ ၁၉၀၈ခုထုတ်။
၃၀။ ဒွေးမယ်နော်ဇာတ်ညွှန်း = ဝရဇိန်။ ၁၉၅၅ ခုနှစ်ခန့်ရေး။

မြန်မာစာပေလောကတွင်တည်ရှိနေသည့် ဇင်းမယ်ပဏ္ဏာသကျမ်းထွက်ဇာတ်များကိုရေးသားသောစာရင်းကို ဖော်ပြလိုက်ခြင်းဖြစ်သည်။ ဤစာရင်းတွင်လိုအပ်သည်များရှိပါက ဖြည့်စွက်ရန်ဖြစ်သည်။ အထက်ပါစာရင်းကို ကြည့်ခြင်းအားဖြင့် ဇင်းမယ်ပဏ္ဏာသကျမ်းသည် မြန်မာစာပေပေါ်တွင် မည်မျှထိရောက်သော သြဇာသက်ရောက်မှုရှိခဲ့သည်ကို သိနိုင်ကြောင်း ရေးသားလိုက်ရပါသည်။

## ပျော်ရွှင်ကြည်နူး ရင်မှာထူး

\- ပျော်စရာ လွတ်လပ်ရေးနေ့
ချမ်းမြေ့လို့ သာယာအတည်၊
ဘွဲ့တံဆိပ်တော် ကပ်လှူကြောင်း
သတင်းကောင်းသည်၊
သာသနာတော် အရှည်တည်
ထွန်းကားမည် ကမ္ဘာတစ်လွှား၊
ဝမ်းမြောက်စွာ သာစုခေါ်လို့
ကောင်းမှုဆပွား။

\- နိုင်ငံတော် ပြည့်အရေး
ရည်မြော်တွေးလို့ တာဝန်ကျေ၊
ဂုဏ်ထူးဆောင် ဘွဲ့နှင့်တံဆိပ်
တွေးစိတ်ပျော်နေ၊
စွမ်းဆောင်မှုလည်း ပါဝင်ပေ၊
ရကြစေ မြန်ပြည်သားတို့၊
ပြည့်အကျိုးဆောင် အောင်သူများ
ဝင့်ကြွားစေဖို့။

\- လူဆိုသည်မှာ အမှားမကင်း
မှားယွင်းကြ တစ်ကြိမ်ခါ၊
မလိမ္မာ တစ်ခါမိုက်လို့
အပြစ်ထိုက်ခဲ့ရှာ၊
နိုင်ငံတော်က သက်ညှာစွာ
ပြစ်ဒဏ်မှာ လွတ်ငြိမ်းခွင့်မို့၊
လျော့ပေါ့သက်သာ ခွင့်ပြုပေး
ကျေးဇူးတင်လို့။

\- လွတ်လပ်ရေးဆို ပွဲတော်ကြီး
ဂုဏ်ရှိန်ဟည်းလို့ ပျော်လို့နေ၊
လူသားချင်း စာနာမှု
ပြုမူလျက်ပေ၊
ထပ်မမှားကြဖို့ လိုပါသလေ
သာပါစေ လူတိုင်းဘဝ၊
ပျော်ရွှင်ကာ ကြည်နူးတယ်
ထူးခြားလှပ။ ။

**အာကာမောင်မောင်**

## နိုင်ငံတကာ သတင်းများ

# ရုရှားလေကြောင်းလိုင်း ခရီးသည်တင်လေယာဉ် မော်စကိုမြို့၌ အရေးပေါ်ဆင်းသက်




**မော်စကို ဇန်နဝါရီ ၈**

ရုရှားနိုင်ငံအခြေစိုက် ယူတိုင်ရာ လေကြောင်းလိုင်းမှ ဘိုးအင်း ၇၃၇ ခရီးသည်တင်လေယာဉ်တစ်စင်းသည် ဇန်နဝါရီ ၇ ရက်တွင်ဥဇဘတ်ကစ္စတန်နိုင်ငံသို့ ပျံသန်းနေစဉ် မော်စကိုမြို့ နူကိုဗိုလေဆိပ်၌ အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း ရုရှားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အဆိုပါခရီးသည်တင်လေယာဉ်သည် ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့မှဥဇဘတ်ကစ္စတန်နိုင်ငံဆာမာကန်မြို့သို့ ဦးတည်ပျံသန်းနေစဉ် နူကိုဗိုလေဆိပ်၌ အရေးပေါ်ဆင်းသက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါခရီးသည်တင်လေယာဉ်သည် ပျံသန်းမှုဟန်ချက်ထိန်းစနစ် ဖောက်ပြန်မှုကြောင့် မူလခရီးစဉ်ကိုဖျက်၍ နူကိုဗိုလေဆိပ်၌ အရေးပေါ်ဆင်းသက်ခဲ့ရခြင်းဖြစ်ကြောင်း ယူတိုင်ရာ လေကြောင်းလိုင်းက သတင်းထုတ်ပြန်ထားသည်။

အရေးပေါ်ဆင်းသက်မှုပြုလုပ်စဉ် လေယာဉ်ပေါ်လိုက်ပါလာသူ ခရီးသည် ၁၇၃ ဦးနှင့် လေယာဉ်အမှုထမ်းများ အထိအခိုက်မရှိခဲ့ကြောင်း ယူတိုင်ရာလေကြောင်းလိုင်းက သတင်းထုတ်ပြန်ထားသည်။

လက်ရှိအချိန်တွင် ယူတိုင်ရာ လေကြောင်းလိုင်း ခရီးသည်တင်လေယာဉ်အရေးပေါ်ဆင်းသက်ရမှု ပြဿနာကို ရုရှားတာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိသည်။

ရုရှားနိုင်ငံ၌ လေကြောင်းခရီးသွားလာမှုများမြင့်တက်လာသော်လည်း ရုရှားလေကြောင်းလိုင်းများ အနေဖြင့် လေယာဉ်အရေအတွက် နည်းပါးနေကြောင်း သိရသည်။

Ref : RT
Trs : KKO

# ရေလွှမ်းမိုးနေသည့် ကျောက်မီးသွေးတွင်းမှ ရုပ်အလောင်းတစ်လောင်း အိန္ဒိယပြန်လည်ရယူ

**ဒေလီ ဇန်နဝါရီ ၈**

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း အာသံပြည်နယ်အတွင်းရှိ ရေလွှမ်းမိုးနေသော ကျောက်မီးသွေးတွင်း တစ်တွင်းထဲမှ ရုပ်အလောင်းတစ်လောင်းကို အိန္ဒိယရှာဖွေကယ်ဆယ်ရေးသမားများက ယနေ့တွင် ပြန်လည်ရယူ နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါကျောက်မီးသွေးတွင်း ရေလွှမ်းမိုးမှုသည် ဇန်နဝါရီ ၆ ရက်တွင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် ကျောက်မီးသွေးတွင်း အလုပ်သမားကိုးဦး ပိတ်မိနေကြောင်း အိန္ဒိယတာဝန်ရှိသူများက ပြောကြားထားသည်။

ရေငုပ်ကျွမ်းကျင်သူများသည် ယနေ့တွင်ရေမြုပ်နေသောကျောက်မီးသွေးတွင်းအတွင်းပိုင်းသို့ စတင်ဝင်ရောက်နိုင်ခဲ့ပြီး သေဆုံးသူ အလုပ်သမားတစ်ဦး၏ ရုပ်အလောင်းကို ပြန်လည်ရယူနိုင်ခဲ့ကြောင်း သိရသည်။

ပိတ်မိနေဆဲဖြစ်သည့် အလုပ်သမားကိုးဦးမှာ ကျောက်မီးသွေးတွင်း၏မြေအောက်အနက် ပေ ၃၀၀ တွင်ရှိနေနိုင်ကြောင်း အိန္ဒိယတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ကျောက်မီးသွေးတွင်း ရေလွှမ်းမိုးမှုအတွင်း အလုပ်သမား သုံးဦး သေဆုံးခဲ့သော်လည်း ရုပ်အလောင်းများကို ပြန်မယူနိုင်သေးကြောင်း အိန္ဒိယတာဝန်ရှိသူများက ဇန်နဝါရီ ၇ ရက်တွင် ပြောကြားထားသည်။

၂၀၁၉ ခုနှစ်ကလည်း အာသံပြည်နယ်၏ အိမ်နီးချင်းပြည်နယ်ဖြစ်သည့် မီဂါလာယာပြည်နယ်၌ ကျောက်မီးသွေးတွင်း ရေလွှမ်းမိုးမှုတစ်ရပ်ဖြစ်ပွားခဲ့ရာ ထိုစဉ်ကလည်း အလုပ်သမား ၁၅ ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

Ref : Xinhua
Trs : KKO



# ကျူးဘားတပ်မတော် လက်နက်တိုက်ပေါက်ကွဲမှုဖြစ်ပွား တပ်ဖွဲ့ဝင် ၁၃ ဦး ပျောက်ဆုံးနေ

**ဟာဗားနား ဇန်နဝါရီ ၈**

ကျူးဘားနိုင်ငံ အရှေ့ပိုင်း ဟော်လ်ဂွင်ပြည်နယ်၌ လက်နက်နှင့်ခဲယမ်းမီးကျောက်များ သိုလှောင်ထားသည့် လက်နက်တိုက်တစ်ခု၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ကျူးဘား တပ်ဖွဲ့ဝင် ၁၃ ဦး ပျောက်ဆုံးနေကြောင်း ဇန်နဝါရီ ၇ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့သည့် လက်နက်တိုက်သည် ဟာဗားနားမြို့နှင့် ၇၂၄ ကီလိုမီတာအကွာ နယ်မြေတစ်ခု၌ တည်ရှိကြောင်း သိရသည်။

လက်နက်တိုက် ပေါက်ကွဲမှုများကြောင့် အရာရှိ လေးဦးနှင့် တပ်ဖွဲ့ဝင် ကိုးဦး ပျောက်ဆုံးနေကြောင်း ကျူးဘားတပ်မတော်က သတင်းထုတ်ပြန်ထားသည်။

လက်နက်တိုက် တည်ရှိရာ နေရာအနီးရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခု၌ မီးလောင်မှုဖြစ်ပွားခဲ့ပြီးနောက် လက်နက်တိုက်ပေါက်ကွဲမှုများဖြစ်ပွားခဲ့ခြင်းဖြစ်နိုင်ကြောင်း ကျူးဘားတာဝန်ရှိသူများက ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် လက်နက်တိုက်ပေါက်ကွဲမှု ဖြစ်ပွားရခြင်း နောက်ခံအကြောင်းရင်းကို ဖော်ထုတ်ရေးအတွက် ကျူးဘားတာဝန်ရှိသူများက စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။

လက်နက်တိုက် ပေါက်ကွဲမှုများဖြစ်ပွားခဲ့ပြီးနောက် လက်နက်တိုက်ဝန်းကျင်ရှိ အရပ်သားပြည်သူ ၃၆၀ ကျော်ကို တာဝန်ရှိသူများက ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# အကျဉ်းသားချင်း အပြန်အလှန်လဲလှယ်ရေးအတွက် အမေရိကန်နှင့် တာလီဘန်တို့ဆွေးနွေးနေ

**နယူးယောက် ဇန်နဝါရီ ၈**

အကျဉ်းသားချင်း အပြန်အလှန်လဲလှယ်မှုတစ်ရပ် ပြုလုပ်နိုင်ရေးအတွက် အမေရိကန်အစိုးရနှင့် အာဖဂန်နစ္စတန်ကို ထိန်းချုပ်ထားသော တာလီဘန်အုပ်စုတို့ကြား ဆွေးနွေးနေသည်ဟု ဇန်နဝါရီ ၇ ရက် သတင်းများတွင် ရေးသားဖော်ပြ ထားကြောင်း သိရသည်။

အမေရိကန်နိုင်ငံနှင့်တာလီဘန်တို့ကြား အကျဉ်းသားချင်းလဲလှယ်ရေးအတွက် ဆွေးနွေးနေသည်ဆိုသော သတင်းများနှင့်ပတ်သက်၍ အမေရိကန်အစိုးရက တစ်စုံတစ်ရာတုံ့ပြန်မှု မရှိသေးကြောင်း သိရသည်။

အမေရိကန်နှင့် တာလီဘန်ကြားဆွေးနွေးနေသည့် အကျဉ်းသားချင်းအပြန်အလှန်လဲလှယ်မှု အစီအစဉ်အရ တာလီဘန်အုပ်စု အနေဖြင့်အာဖဂန်နစ္စတန်၌ ဖမ်းဆီးခံထားရသည့် အမေရိကန်နိုင်ငံသားများကို ပြန်လွှတ်ပေးရမည် ဖြစ်ကြောင်း သိရသည်။

အလားတူ အမေရိကန်နိုင်ငံကလည်း ဂွမ်တာနာမိုပင်လယ်အော်အကျဉ်းထောင်မှ ထိပ်တန်းတာလီဘန်အကျဉ်းသား အနည်းဆုံးတစ်ဦးကို ပြန်လွှတ်ပေးရမည် ဖြစ်သည်။

အမေရိကန် မီဒီယာများ၏ အဆိုအရ လက်ရှိအမေရိကန်အစိုးရအဖွဲ့သည် ၂၀၂၂ ခုနှစ်အတွင်း အာဖဂန်နစ္စတန်၌ဖမ်းဆီးခံထားရသည့် အမေရိကန်နိုင်ငံသားများ ပြန်လည်လွတ်မြောက်ရေးအတွက် ကြိုးပမ်းနေကြောင်း သိရသည်။

အမေရိကန် မီဒီယာများ၏ အကျဉ်းသားချင်း လဲလှယ်မှုအစီအစဉ်သတင်းကို တာလီဘန်အုပ်စုကလည်း တစ်စုံတစ်ရာတုံ့ပြန်မှုမရှိသေးကြောင်း သိရသည်။

Ref : RT
Trs : KKO




# နိုင်ဂျီးရီးယားတောပုန်းများ အနည်းဆုံး လူ ၄၆ဦးကို ဖမ်းဆီးခေါ်ဆောင်

**လာဂို့စ် ဇန်နဝါရီ ၈**

နိုင်ဂျီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်း ဇမ်ဖာရာပြည်နယ်မှ ဂါနာအမည်ရှိမြို့ကို သေနတ်သမားများက စီးနင်းတိုက်ခိုက်ခဲ့ပြီး အမျိုးသမီးများနှင့် ကလေးများအပါအဝင် အနည်းဆုံးလူ ၄၆ဦးကိုဖမ်းဆီးခေါ်ဆောင်သွားကြောင်း ဒေသန္တရ အာဏာပိုင်များက ဇန်နဝါရီ ၇ ရက်တွင် ပြောကြားခဲ့ကြောင်း သိရသည်။

ဂါနာမြို့ စီးနင်းတိုက်ခိုက်ခံရမှုသည် ဇန်နဝါရီ ၅ ရက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဆိုင်ကယ်စီးသေနတ်သမားများက စီးနင်းတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆိုင်ကယ်စီး သေနတ်သမားများသည် ဂါနာမြို့အတွင်းရှိ အဆောက်အအုံများနှင့် ဈေးဆိုင်များကို မီးရှို့ဖျက်ဆီးခဲ့ပြီးနောက် အနည်းဆုံး မြို့ခံပြည်သူ ၄၆ ဦးကို ဖမ်းဆီးသွားကြောင်း ဒေသခံများက ပြောကြားခဲ့သည်။

နိုင်ဂျီးရီးယား အနောက်မြောက်ပိုင်းသည် လက်နက်ကိုင်တောပုန်းများ ဆူပူသောင်းကျန်းနေသည့်ဒေသ ဖြစ်ကြောင်း သိရသည်။

အဆိုပါလက်နက်ကိုင်တောပုန်းများသည် မြို့ငယ်ရွာငယ်များကို ဝင်ရောက်စီးနင်း၍ လူအများအပြားကိုဖမ်းဆီးပြီး ပြန်ပေးရွေးငွေတောင်းခံလေ့ရှိသည်။

၂၀၂၄ ခုနှစ် ဒီဇင်ဘာလကလည်း ဇမ်ဖာရာပြည်နယ်၌ တောပုန်းများက လူအများအပြားကို ဖမ်းဆီးခေါ်ဆောင်ခဲ့ကြကြောင်း သိရသည်။

Ref : RT
Trs : KKO

# SCIENCE AND TECHNOLOGY

## ၂၀၂၅ ခုနှစ်၏ ပထမဆုံးမစ်ရှင်အဖြစ် ရှီကျိယန်-၂၅ ဂြိုဟ်တုကို တရုတ်လွှတ်တင်



**ပေကျင်း ဇန်နဝါရီ ၈**

တရုတ်အမျိုးသားအာကာသ အေဂျင်စီသည် ၂၀၂၅ ခုနှစ်၏ ပထမဆုံးအာကာသမစ်ရှင်အဖြစ် ရှီကျိယန်-၂၅ အမည်ရှိဂြိုဟ်တုကို ဇန်နဝါရီ ၆ ရက်တွင် လွှတ်တင်ခဲ့ကြောင်း ဇန်နဝါရီ ၇ ရက် သတင်းများအရ သိရသည်။

ရှီကျိယန်-၂၅ ဂြိုဟ်တုကို လောင်းမတ်ချ်-၃ ဘီ ဒုံးပျံဖြင့် တရုတ်နိုင်ငံအနောက်တောင်ပိုင်း ရှီချန်းအာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး တစ်နာရီခန့် အကြာတွင် လောင်းမတ်ချ်-၃ ဘီ ဒုံးပျံသည် ရှီကျိယန်-၂၅ ဂြိုဟ်တုကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း တရုတ်အမျိုးသားအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

ရှီကျိယန်-၂၅ ဂြိုဟ်တုသည် ကမ္ဘာပတ်လမ်းပေါ်၌ အာကာသယာဉ်လောင်စာရည်ဖြည့် နည်းပညာနှင့် အာကာသယာဉ် သက်တမ်းတိုးမှု နည်းပညာများကို စမ်းသပ်မည်ဖြစ်သည်။

ရှီကျိယန်-၂၅ ဂြိုဟ်တုသည် ကမ္ဘာမြေပြင်အထက် အမြင့်မိုင် ၂၂၀၀၀ ကျော်အကွာတွင် ရှိနေသော ပတ်လမ်းပေါ်၌နေရာယူ၍ စမ်းသပ်မှုများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

တရုတ်အမျိုးသားအာကာသ အေဂျင်စီသည် ယခုနှစ်အတွင်း အာကာသမစ်ရှင်ပေါင်း ၁၀၀ ခန့်ထိ လွှတ်တင်ဖွယ်ရှိကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## နာဆာနှင့် Space-X ကုမ္ပဏီက ဘလူးဂို့စ်ပုဂ္ဂလိကလဆင်းယာဉ် လွှတ်တင်ရန်စီစဉ်ထား

**ဝါရှင်တန် ဇန်နဝါရီ ၈**

အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) နှင့် Space-X ကုမ္ပဏီသည် ဘလူးဂို့စ် အမည်ရှိ ပုဂ္ဂလိက လဆင်းယာဉ်တစ်စင်းကို ဇန်နဝါရီ ၁၅ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း ဇန်နဝါရီ ၇ ရက် သတင်းများအရ သိရသည်။

ဘလူးဂို့စ် လဆင်းယာဉ်ကို Fire Fly Aerospace အမည်ရှိ အမေရိကန်အာကာသနည်းပညာ ကုမ္ပဏီတစ်ခုက တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

ဘလူးဂို့စ် လဆင်းယာဉ်ကို ဖလော်ရီဒါပြည်နယ် ကနေဒီ အာကာသစခန်းမှတစ်ဆင့် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ရန် နာဆာနှင့် Space-X ကုမ္ပဏီတို့က စီစဉ်ထားကြောင်း သိရသည်။

လွှတ်တင်ပြီးနောက် လပတ်လမ်းပေါ်ရောက်ရှိချိန်တွင် ဘလူးဂို့စ်လဆင်းယာဉ်သည် လကို ၁၆ ရက်ကြာ လှည့်ပတ်ပျံသန်း၍ လမျက်နှာပြင်ပေါ် ဆင်းသက်ရန် ကြိုးစားမည်ဖြစ်သည်။

အောင်မြင်စွာဆင်းသက်နိုင်ခဲ့ပါက ဘလူးဂို့စ်လဆင်းယာဉ်သည် လမျက်နှာပြင်ပေါ်၌ မြေကမ္ဘာရက် အားဖြင့် ၁၄ ရက်ကြာ စူးစမ်းလေ့လာမှုများ ပြုလုပ်မည်ဖြစ်သည်။



နာဆာ၏ စူးစမ်းလေ့လာရေး စနစ်များ တပ်ဆင်ထားသော ဘလူးဂို့စ်လဆင်းယာဉ်သည် မာရီခရီဆီယမ်အမည်ရှိ ဥက္ကာချိုင့်ဝှမ်းနယ်မြေ၌ ဆင်းသက်မည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ဘလူးအော်ရီဂျင်ကုမ္ပဏီက New Glenn ဒုံးပျံသစ် လွှတ်တင်ရန်စီစဉ်

**ဝါရှင်တန် ဇန်နဝါရီ ၈**

အမေရိကန်နိုင်ငံ အခြေစိုက် ဘလူးအော်ရီဂျင် ကုမ္ပဏီသည် New Glenn ဒုံးပျံသစ်ကို ဇန်နဝါရီ ၁၀ ရက်တွင် လွှတ်တင်ရန်စီစဉ်ထားကြောင်း ဇန်နဝါရီ ၇ ရက် သတင်းများအရ သိရသည်။



ဘလူးအော်ရီဂျင် ကုမ္ပဏီ အနေဖြင့် New Glenn ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

ဇန်နဝါရီ ၁၀ ရက် ပွဲဦးထွက် မစ်ရှင်တွင် New Glenn ဒုံးပျံသည် ဂြိုဟ်တုများသယ်ယူနေရာချစနစ် စမ်းသပ်အာကာသယာဉ်တစ်စင်းကို သယ်ယူသွားမည်ဖြစ်ကြောင်း ဘလူးအော်ရီဂျင်ကုမ္ပဏီတာဝန်ရှိသူများက ပြောကြားသည်။

New Glenn ဒုံးပျံသည် ကိုယ်ထည်အလျားပေ ၃၂၀ ရှိပြီး ဒုတိယအဆင့်ဒုံးယာဉ်မှာ ပြန်လည်အသုံးပြုနိုင်သော ဒုံးယာဉ်အမျိုးအစားဖြစ်ကြောင်း သိရသည်။

New Glenn ဒုံးပျံသည် အလေးချိန် မက်ထရစ်တန် ၄၅ တန်ရှိ ဂြိုဟ်တုနှင့် အာကာသယာဉ်များကို ကမ္ဘာပတ်လမ်းအနိမ့်ပိုင်းသို့ ပို့ဆောင်ပေးနိုင်ပြီး Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံသည် အလေးချိန် မက်ထရစ်တန် ၆၄ တန်ထိရှိသော ဂြိုဟ်တုနှင့် အာကာသယာဉ်များကို ကမ္ဘာပတ်လမ်းအနိမ့်ပိုင်းသို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# HEALTH

## သကြားဓာတ်ပါ အချိုရည်များ သောက်သုံးမှုက ပုံစံ-၂ ဆီးချိုရောဂါ၊ နှလုံးရောဂါဖြစ်ပွားမှုနှင့် ဆက်စပ်နေ

**နယူးယောက် ဇန်နဝါရီ ၈**

သကြားဓာတ်ပါအချိုရည်များ သောက်သုံးမှုသည် ပုံစံ-၂ ဆီးချိုရောဂါ၊ နှလုံးရောဂါဖြစ်ပွားမှုနှင့် ဆက်စပ်နေကြောင်း ဇန်နဝါရီ ၇ ရက် သတင်းများအရ သိရသည်။

သကြားဓာတ်ပါအချိုရည်များ ပုံမှန်သောက်သုံးမှုကြောင့် ကိုယ်အလေးချိန်တက်လာမှု၊ အင်ဆူလင်ဟော်မုန်း တုံ့ပြန်နိုင်စွမ်း ကျဆင်းမှုအပါအဝင် ပုံစံ-၂ ဆီးချိုရောဂါ၊ နှလုံးရောဂါများနှင့်ဆက်စပ်နေသော ကိုယ်တွင်းဇီဝဓာတုပြောင်းလဲမှုပြဿနာများပေါ်ထွက်လာတတ်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားခဲ့သည်။

အမေရိကန် သုတေသနပညာရှင်များ၏အဆိုအရ သကြားဓာတ်ပါ အချိုရည်သောက်သုံးမှုကြောင့် ပုံစံ-၂ ဆီးချိုရောဂါ ခံစားရသူ ၂ ဒသမ ၂ သန်းခန့်နှင့် နှလုံးရောဂါ ခံစားရသူမှာ ၁ ဒသမ ၂ သန်းခန့်ထိ ကမ္ဘာပေါ်၌ နှစ်စဉ်ထပ်တိုးလာကြောင်း သိရသည်။

နှလုံးရောဂါနှင့် ပုံစံ-၂ ဆီးချိုရောဂါများသည် ကမ္ဘာ့ပြည်သူများ အသက်ဆုံးပါးနေကြရခြင်း၏ အဓိက အကြောင်းတရားနှစ်ရပ်ဖြစ်ပြီး သကြားဓာတ်ပါ အချိုရည်များသောက်သုံးမှုကြောင့် ပုံစံ-၂ ဆီးချိုနှင့် နှလုံးရောဂါများ နှစ်စဉ်ဖြစ်ပွားနှုန်းမှာ ကမ္ဘာ့နိုင်ငံများကြား တစ်နိုင်ငံနှင့်တစ်နိုင်ငံ မတူညီကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

## ကိုယ်ဝန်ဆောင်များသုံးသည့် ရောင်ရမ်းမှုတိုက်ဖျက်ရေး ဆေးတစ်မျိုးကြောင့် မွေးဖွားလာသောကလေးများတွင် အော်တစ်ဇင်ဖြစ်နိုင်ခြေ ပုံမှန်ထက်မြင့်တက်နိုင်

**ကိုပင်ဟေဂင် ဇန်နဝါရီ ၈**

ကမ္ဘာတစ်ဝန်းရှိ ကိုယ်ဝန်ဆောင်အမျိုးသမီးများ သုံးစွဲနေသည့် ရောင်ရမ်းမှုတိုက်ဖျက်ရေး ဆေးတစ်မျိုးကြောင့် မွေးဖွားလာသောကလေးများတွင် အော်တစ်ဇင်ရောဂါဖြစ်နိုင်ခြေ ပုံမှန်ထက်မြင့်တက်လာနိုင်ဖွယ် ရှိကြောင်း ဇန်နဝါရီ ၇ ရက် သတင်းများအရ သိရသည်။

Glucocorticoids ခေါ် အထက်ပါဆေးများကိုသောက်သုံးနေရသည့် ကိုယ်ဝန်ဆောင်အမျိုးသမီးများက မွေးဖွားလာမည့် ကလေးများသည်အဆိုပါဆေးများ သုံးစွဲမှုမရှိသည့် မိခင်များက မွေးဖွားလာသောကလေးများနှင့် နှိုင်းယှဉ်ပါက အော်တစ်ဇင်ဖြစ်နိုင်ခြေ ၃၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းထိ ပိုမြင့်မားနိုင်ကြောင်း ဒိန်းမတ် သုတေသန ပညာရှင်များက ပြောကြားသည်။

Glucocorticoids ဆေးများသည် သွေးလေးဖက်နာရောဂါကဲ့သို့ ခုခံအားစနစ်ဖောက်ပြန်မှုရောဂါခံစားနေရသူ ကိုယ်ဝန်ဆောင် အမျိုးသမီးများအတွက် အသုံးပြုသည့် ဆေးဖြစ်သည်။

ဒိန်းမတ်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ သန္ဓေသားဘဝ၌ Glucocorticoids ဆေးများနှင့် ထိတွေ့မှုလွန်ကဲခဲ့သောကလေးများ ဦးနှောက်၌ အနုတ်သဘောဆောင်သည့် အပြောင်းအလဲများ ပေါ်ထွက်လာနိုင်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ASB Classic တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်သို့ မွန်ဖီးလ်တက်ရောက်

**ဝယ်လင်တန် ဇန်နဝါရီ ၈**

နယူးဇီလန်နိုင်ငံတွင် ကျင်းပနေသည့် ASB Classic တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့် ပွဲစဉ်အဖြစ် ပြင်သစ် တင်းနစ်ကစားသမား မွန်ဖီးလ်နှင့် ဂျာမနီတင်းနစ်ကစားသမားစထရက်ဖ်တို့ယှဉ်ပြိုင်ကစားခဲ့ရာ မွန်ဖီးလ်က(၆-၁၊ ၇-၆)ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

မွန်ဖီးလ်အနေဖြင့် ပထမပွဲယ်တွင် အကောင်းဆုံးကစားနိုင်ခဲ့သော်လည်း ဒုတိယပွဲယ်တွင် tie-break အဆင့်အထိ ကစားခဲ့ရပြီးမှ အနိုင်ရခဲ့ခြင်းဖြစ်သည်။

အသက် ၃၈ နှစ်အရွယ်ရှိနေပြီဖြစ်သည့် မွန်ဖီးလ်သည် ASB Classic တင်းနစ်ပြိုင်ပွဲသက်တမ်းတွင် ကွာတားဖိုင်နယ်အဆင့်ကို တက်ရောက်နိုင်ခဲ့သည့် အသက်အကြီးဆုံးသော ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့ပြီး အကောင်းဆုံး ကစားနိုင်ခဲ့ခြင်းအပေါ် ဝမ်းသာဂုဏ်ယူကြောင်းနှင့် မျှော်လင့်မထားသည့် ကစားဟန်ဖြစ်ကြောင်းလည်း မွန်ဖီးလ်က ဝန်ခံပြောကြားခဲ့သည်။

မွန်ဖီးလ်က "ဒီနေ့တော့ ကျွန်တော့်ကိုယ် ကျွန်တော်အံ့ဩမိပါတယ်။ ဒီလောက်အထိ ကစားနိုင်လိမ့်မယ်ကို ထင်မထားခဲ့ဘူး။ Ace ရိုက်ချက် ၁၄ ချက်ရှိခဲ့တဲ့ မှတ်တမ်းကတော့ တကယ့်ကို ဝမ်းသာဂုဏ်ယူစရာပါ။ ကျွန်တော့်အနေနဲ့ အသက်အရွယ်အရ အကျပိုင်းကို ရောက်လာပြီဖြစ်တဲ့အတွက် ကြံ့ခိုင်မှုအပိုင်းကိုပိုပြီး တော့သတိထားတယ်။ မနက်မိုးလင်းတာနဲ့ ကိုယ်ခန္ဓာကြံ့ခိုင်မှုကို ဦးစားပေးတဲ့ လေ့ကျင့်ခန်းတွေကို လုပ်ဖြစ်ခဲ့တယ်။ လေ့ကျင့်ရေးအစီအစဉ်မှာ ရိုက်ချက်တွေနဲ့ ပတ်သက်ပြီး တိကျတဲ့ရိုက်ချက်တွေရိုက်နိုင်အောင်လို့လဲ ဦးစားပေးလေ့ကျင့်ခဲ့တယ်။ ဘယ်လောက်ပဲပြင်ဆင်ထားပါစေ ဒီနေ့ပွဲစဉ်မှာ ရိုက်နိုင်ခဲ့တဲ့ စွမ်းဆောင်ရည်မျိုး ရိုက်နိုင်လိမ့်မယ်လို့တော့ လုံးဝမျှော်လင့်မထားတာ အသေအချာပါပဲ" ဟု ပြောကြားခဲ့သည်။

မွန်ဖီးလ်သည် ကွာတားဖိုင်နယ်အဆင့်တွင် အာဂျင်တီးနားတင်းနစ်ကစားသမား ဖာကန်ဒိုဒီယက်ဇ်နှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : AZL**



# ကီးရှောင်ဒေးဗစ်က WBO လိုက်ဝိတ်တန်းကမ္ဘာ့ချန်ပီယံခါးပတ်အတွက် ဘဲရင်ချိစ်နှင့် ယှဉ်ပြိုင်ထိုးသတ်သွားမည်




**နယူးယောက် ဇန်နဝါရီ ၈**

WBO Inter-Continental နှင့် IBF Inter-Continental လိုက် ဝိတ်တန်းချန်ပီယံ အမေရိကန်လက်ဝှေ့သမားကီးရှောင်ဒေးဗစ်သည် WBO လိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်အတွက် ယူကရိန်းလက်ဝှေ့သမားဘဲရင်ချိစ်နှင့် ထိုးသတ်သွားမည်ဖြစ်ကြောင်း ယနေ့တွင်ထုတ်ပြန်ခဲ့သည်။

ကီးရှောင်ဒေးဗစ်နှင့် ဘဲရင်ချိစ်တို့သည် ဖေဖော်ဝါရီ ၁၅ ရက်တွင် အမေရိကန် နယူးယောက်မြို့တွင် ထိုးသတ်သွားမည်ဖြစ်ပြီး ရှုံးပွဲမရှိသေးသည့် ချန်ပီယံနှစ်ဦး၏ ထိပ်တိုက်တွေ့ဆုံမှုလည်းဖြစ်သည်။

ကီးရှောင်ဒေးဗစ်သည် ကမ္ဘာ့ချန်ပီယံခါးပတ်အား ပထမဆုံးအကြိမ် ဆွတ်ခူးနိုင်ရေးအတွက် ပစ်မှတ်ထားနေပြီး ဘဲရင်ချိစ်ကလည်း လက်ရှိချန်ပီယံကိုကာကွယ်သွားနိုင်ရန် ပစ်မှတ်ထားနေသည်။

ကီးရှောင်ဒေးဗစ်အနေဖြင့် ကမ္ဘာ့ချန်ပီယံခါးပတ်ကို ဆွတ်ခူးနိုင်ခြင်းမရှိသေးသော်လည်း လိုက်ဝိတ်တန်း၏ခါးပတ်နှစ်ခုကို ပိုင်ဆိုင်ထားသူဖြစ်သည့်အတွက် လက်ရှိကမ္ဘာ့ချန်ပီယံဘဲရင်ချိစ်၏ ကမ္ဘာ့ချန်ပီယံဆုအားခြိမ်းခြောက်နိုင်မည့် လက်ဝှေ့သမားအဖြစ် သတ်မှတ်ခံထားရသည်။

ဘဲရင်ချိစ်အနေဖြင့် လက်ရှိချန်ပီယံကို ကာကွယ်သွားရမည့် ချန်ပီယံတစ်ဦးဖြစ်သော်လည်း မီဒီယာတွေ့ဆုံမှု အားနည်းသလို မီဒီယာဖော်ပြမှုလည်း အားနည်းသည့်အတွက် အနိုင်ရရန်ရေပန်းစားခြင်းမျိုးမရှိသည့် အခြေအနေဖြစ်သည်။

မီဒီယာကိုကောင်းစွာအသုံးချကာ ထုတ်ပြန်မှုများ မကြာခဏပြုလုပ်နေသည့် ကီးရှောင်ဒေးဗစ်က လူသိပိုများသည့်လက်ဝှေ့သမားဖြစ်နေပြီး အနိုင်ရရှိရန်လည်း ထင်ကြေးပေးခံထားရသူ ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : AZL**

# နည်းပြဒက်ချမ့်က စာချုပ်သက်တမ်းကုန်ချိန်တွင် ပြင်သစ်အသင်းမှထွက်ခွာမည်ဟုပြောကြား

**ပဲရစ် ဇန်နဝါရီ ၈**

ပြင်သစ်အသင်းကို တာဝန်ယူနေသည့် နည်းပြဒက်ချမ့်က လာမည့် ၂၀၂၆ ခုနှစ် စာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် အသင်းမှ ထွက်ခွာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

နည်းပြ ဒက်ချမ့်အနေဖြင့် ၂၀၁၈ ခုနှစ်က ပြင်သစ်အသင်းကို ကမ္ဘာ့ဖလား ရယူပေးခဲ့ပြီးနောက် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း အသင်းကို ဗိုလ်လုပွဲပို့ဆောင်နိုင်ခဲ့သဖြင့် အသင်းတာဝန်ရှိသူများက ၂၀၂၆ ခုနှစ်ထိ စာချုပ်သက်တမ်းတိုးခဲ့ခြင်းဖြစ်သည်။

သို့သော်နည်းပြ ဒက်ချမ့်သည် ယခုနှစ်ယူရိုပြိုင်ပွဲနှင့် နေးရှင်းလိဂ်ပြိုင်ပွဲတို့တွင် ရလဒ်ကောင်းရန်ခက်ခဲခဲ့သဖြင့်လာမည့် ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲ မအောင်မြင်ပါက အသင်းမှထွက်ခွာမည်ဖြစ်ကာ သို့မဟုတ် ကမ္ဘာ့ဖလားပြိုင်ပွဲအပြီးတွင် ပြင်သစ်အသင်းနည်းပြရာထူးမှ နုတ်ထွက်မည်ဟုအတည်ပြုပြောကြားခဲ့သည်။

အသက် ၅၆ နှစ်ရှိနည်းပြဒက်ချမ့်သည် ပြင်သစ်အသင်းကိုတာဝန်ယူစဉ်ကာလအတွင်း အဓိကဆုဖလားနှစ်လုံးရယူနိုင်ခဲ့ကာ နိုင်ပွဲ ၆၄ ဒသမ ၂ ရာခိုင်နှုန်းထိရရှိအောင် စွမ်းဆောင်နိုင်ခဲ့သဖြင့် အသင်းသမိုင်းအအောင်မြင်ဆုံး နည်းပြအဖြစ်ရပ်တည်နိုင်ခဲ့ပြီး ကစားသမားဘဝနှင့် နည်းပြဘဝတွင် ကမ္ဘာ့ဖလားရရှိခဲ့သည့် တတိယမြောက် ကစားသမားဖြစ်ခဲ့သည်။



လက်ရှိတွင် ပြင်သစ်ဘောလုံးအဖွဲ့ချုပ်က အသက် ၅၂ နှစ်ရှိ နည်းပြဇီဒန်းကို ဒက်ချမ့်၏နေရာတွင် အစားထိုးရန်ကြိုးပမ်းနေကြောင်း သိရသည်။

**Ref : ESPN**

**Trs : ML**

## အားကစားသတင်းအတိုအထွာများ

- ❑ ဘာစီလိုနာအသင်းအနေဖြင့် အိုမိုနှင့်ဗစ်တာတို့ကို ကစားသမားမှတ်ပုံတင်ရန်ပြဿနာရှိနေသောကြောင့် အနာဂတ်တွင် ကစားသမားသစ်ခေါ်ယူရာ၌ အခက်အခဲရှိနိုင်ကြောင်း ရာဖင်ဟာက သတိပေးပြောကြားခဲ့သည်။
- ❑ အာဆင်နယ်အသင်းက အသင်းအားကစားဒါရိုက်တာ အီဒူးနေရာတွင် ဂန္ထဝင်ကစားသမားဟောင်း ရိုဆစ်စကီးနှင့် အစားထိုးရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။
- ❑ အယ်ဟိုင်လာအသင်းနှင့် လာမည့်ဇွန်လတွင် စာချုပ်သက်တမ်းကုန်ဆုံးမည့် တိုက်စစ်မှူးနေမာက အသင်းဖော်ဟောင်းများဖြစ်သည့် အင်တာမီယာမီအသင်းမှ ဆွာရက်ဇ်၊ မက်ဆီတို့နှင့် ပြန်လည်ပူးပေါင်းမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- ❑ ကွာရာဘောင်းဖလားဆီမီးဖိုင်နယ် ပထမအကျော့တွင် အာဆင်နယ်အသင်းက နယူးကာဆယ်အသင်းကို အိမ်ကွင်း၌ နှစ်ဂိုးဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။ **ML**

# ဗင်နီစီးယက်စ်၏အနီကတ်ပြစ်ဒဏ်အတွက် နှစ်ပွဲပယ်ပြစ်ဒဏ်အပြင် ရီးရဲလ်မက်ဒရစ်အသင်းနှင့်ကစားသမားကိုပါ ဒဏ်ကြေးငွေပြစ်ဒဏ်ချမှတ်

**မက်ဒရစ် ဇန်နဝါရီ ၈**

စပိန်လာလီဂါ အဖွဲ့ချုပ်က ရီးရဲလ်မက်ဒရစ်အသင်းနှင့် ဗလင်စီယာအသင်းတို့ကစားခဲ့သည့် ပွဲစဉ်တွင်ပြသခံခဲ့ရသည့် ဗင်နီစီးယက်စ်၏ အနီကတ်ပြစ်ဒဏ်အတွက် နှစ်ပွဲပယ်ပြစ်ဒဏ် ချမှတ်ခဲ့သည့်အပြင် အသင်းနှင့် ကစားသမားကိုလည်း ဒဏ်ကြေးငွေပြစ်ဒဏ် ချမှတ်ခဲ့ကြောင်း သိရသည်။

ရီးရဲလ်မက်ဒရစ် အသင်းက ဗလင်စီယာအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် ဗင်နီစီးယက်စ်သည် ပွဲချိန် ၇၉ မိနစ်တွင် ပြိုင်ဘက်အသင်းဂိုးသမားကို လက်ဖြင့်တွန်းခဲ့ပြီး ကိုယ်ထိလက်ရောက် ကျူးလွန်ခဲ့သည့်အတွက် တိုက်ရိုက်အနီကတ်ပြသခံခဲ့ရခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ဗင်နီစီးယက်စ်အနေဖြင့် အနီကတ်ပြသခံခဲ့ရသည့်အချိန်တွင်လည်း စိတ်မထိန်းနိုင်ခဲ့ဘဲ ကွင်းလယ်ဒိုင်လူကြီးကို ကိုယ်ထိလက်ရောက် ကျူးလွန်ရန်ပင် ကြိုးစားခဲ့ပြီး အသင်းဖော်များက ဝိုင်းဝန်းဆွဲခေါ်ပြီး ကွင်းဘေးသို့ ပို့ဆောင်ပေးခဲ့ရသည်။

ရီးရဲလ်မက်ဒရစ် အသင်းက ဗင်နီစီးယက်စ်၏ အနီကတ်ပြစ်ဒဏ်အတွက် အယူခံဝင်ရောက်ခဲ့ကာ အောင်မြင်ခဲ့သည့်အတွက် သုံးပွဲပယ်ပြစ်ဒဏ်မှ နှစ်ပွဲပယ်ပြစ်ဒဏ်အဖြစ် တစ်ပွဲလျှော့ ပြစ်ဒဏ် ချမှတ်ခံခဲ့ရသော်လည်း ဗင်နီစီးယက်စ်ကို ဒဏ်ကြေးငွေအဖြစ် ယူရို ၆၀၀ ပေးဆောင်ရန် ပြစ်ဒဏ်ချမှတ်ခဲ့သည့်အပြင် ရီးရဲလ်မက်ဒရစ်အသင်းကိုလည်း ယူရို ၇၀၀ ပေးဆောင်စေရန် ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။

ဗင်နီစီးယက်စ်သည် ဗလင်စီယာအသင်းနှင့်ပွဲစဉ်တွင် ပြိုင်ဘက်အသင်းဂိုးသမားကို စိတ်မထိန်းနိုင်ခဲ့ဘဲ ကိုယ်ထိလက်ရောက်ကျူးလွန်ခဲ့သည့်အပြင် ဝေဖန်မှုများနှင့် ရင်ဆိုင်ခဲ့ရပြီး ယခုအခါတွင်လည်း နှစ်ပွဲပယ်ပြစ်ဒဏ်ကြောင့် ဇန်နဝါရီ ၁၉ ရက်တွင် ကစားမည့် လက်စ်ပါးမက်အသင်းပွဲစဉ်၊ ဇန်နဝါရီ ၂၆ ရက်တွင် ကစားမည့် ဗယ်လာဒိုးလစ်အသင်းတို့ ပွဲစဉ်နှစ်ပွဲကို လွဲချော်မည်ဖြစ်ကြောင်း သိရသည်။

**Ref : One Football**

**Trs : STA**

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်ဖြစ်သည့် ပွဲစဉ်(၁၅)ပွဲစဉ်များကို ဇန်နဝါရီ ၁၀ ရက်မှ ၁၃ ရက်ထိ ပြန်လည်ကျင်းပမည်





**ရန်ကုန် ဇန်နဝါရီ ၈**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ဒုတိယ အကျော့ပွဲစဉ်များကို မကြာမီ ပြန်လည်ကျင်းပသွားမည်ဖြစ်ပြီး ပွဲစဉ်(၁၅)ပွဲစဉ်များကို လာမည့် ဇန်နဝါရီ ၁၀ ရက်မှ ၁၃ ရက်ထိ ကျင်းပသွားမည်ဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၅)ပွဲစဉ်များအဖြစ် ဇန်နဝါရီ ၁၀ရက် ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ YUSCအားကစားကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့်မြဝတီ အက်ဖ်စီအသင်း၊ ညနေ ၄နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ဒဂုံပေါ့အသင်းနှင့် ဒဂုံစတား အသင်း၊ ဇန်နဝါရီ ၁၁ရက် ညနေ ၄နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်း၌ မဟာယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ကစားသွားမည်ဖြစ်သည်။

အလားတူ ဇန်နဝါရီ ၁၂ရက် ညနေ ၃နာရီခွဲတွင် တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်း၊ ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ရတနာပုံအက်ဖ်စီအသင်းနှင့် ဟံသာဝတီယူနိုက်တက် အသင်း၊ ဇန်နဝါရီ ၁၃ရက် ညနေ ၄နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ရှောဝတီယူနိုက်တက်အသင်းနှင့် ISPEအသင်းတို့ အသီးသီး ကစားသွားမည် ဖြစ်ကြောင်း သိရသည်။

STA

# ဘင်ကမ်းဘဲလ်က LIV Golf အဖွဲ့ချုပ်ဖြင့် ပူးပေါင်းကြောင်း တရားဝင်ထုတ်ပြန်

**ဝယ်လင်တန် ဇန်နဝါရီ ၈**

Asian Tourတွင် ချန်ပီယံဆုကို နှစ်ကြိမ်ဆွတ်ခူးခဲ့ဖူးသည့် နယူးဇီလန်ဂေါက်သီးရိုက်ကစားသမား ဘင်ကမ်းဘဲလ်သည် PGA Tour မှ LIV Golf အဖွဲ့ချုပ်ဖြင့် ပူးပေါင်းလိုက်ပြီဖြစ်ကြောင်း ယနေ့တွင် တရားဝင် ထုတ်ပြန်ကြေညာခဲ့သည်။

ဘင်ကမ်းဘဲလ်သည် ပြီးခဲ့သည့် ဂေါက်သီးရိုက်ရာသီနှစ်ရာသီတွင် International Series တင်းနစ်ပြိုင်ပွဲများတွင် ရလဒ်ကောင်းများ ရရှိခဲ့ပြီးနောက်LIV Golf အဖွဲ့ချုပ်က ဘင်ကမ်းဘဲလ်ကို ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

ကမ်းလှမ်းမှုအားချက်ချင်းပင် လက်ခံခဲ့ပြီး အသင်းလိုက်ယှဉ်ပြိုင်နေသည့် LIV Golf ဂေါက်သီးရိုက်ပြိုင်ပွဲတွင် 4Aces GC အသင်းမှ နုတ်ထွက်သွားခဲ့သော ဘယ်လ်ဂျီယံ ဂေါက်သီးရိုက်ကစားသမား သောမတ်စ်ပီတာနေရာတွင် ဘင်ကမ်းဘဲလ်နှင့် အစားထိုးရန် LIV Golf အဖွဲ့ချုပ်က ပြင်ဆင်လာခဲ့ခြင်းဖြစ်သည်။

ဘင်ကမ်းဘဲလ်သည် ၂၀၂၃ ခုနှစ် Hong Kong Openဂေါက်သီးရိုက်ပြိုင်ပွဲတွင် နာမည်ကြီး ဂေါက်သီးရိုက်ကစားသမား ကင်မရွန်းစမစ်ကိုအနိုင်ရရှိကာ ချန်ပီယံဆုကိုဆွတ်ခူးခဲ့သလို ၂၀၂၄ ခုနှစ်တွင်လည်းInternational Series Morocco ဂေါက်သီးရိုက်ပြိုင်ပွဲတွင်လည်း ချန်ပီယံဆုကိုဆွတ်ခူးခဲ့သည်။

ဘင်ကမ်းဘဲလ်သည် ၂၀၂၅ ခုနှစ်ဂေါက်သီးရိုက်ရာသီတွင် LIV Golf အဖွဲ့ချုပ်ဖြင့် ပူးပေါင်းခဲ့သည့် စတုတ္ထမြောက် ကစားသမား တစ်ဦးလည်းဖြစ်သည်။



ဘင်ကမ်းဘဲလ်မတိုင်မီLIV Golf အဖွဲ့ချုပ်ဖြင့်ပူးပေါင်းခဲ့သည့် ကစားသမားသုံးဦးမှာ တောင်ကိုရီးယား ဂေါက်သီးရိုက်ကစားသမား ယူဘင်ဂျန်၊ အမေရိကန်ဂေါက်သီးရိုက် ကစားသမားဖရက်ဒါရစ်နှင့် တရုတ်(တိုင်ပေ) ဂေါက်သီးရိုက် ကစားသမားလီချီပိုတို့ ဖြစ်ကြသည်။

ဘင်ကမ်းဘဲလ်က "၂၀၂၅ ခုနှစ် ဂေါက်သီးရိုက်ရာသီမှာတော့ LIV Golf အဖွဲ့ချုပ်နဲ့ ပူးပေါင်းဖို့ ဆုံးဖြတ်ထားတဲ့အတွက် ဆုံးဖြတ်ချက်အတိုင်းတရားဝင်ပူးပေါင်းလိုက်ပြီ ဖြစ်ပါတယ်။ 4Aces GCအသင်းမှာ ယှဉ်ပြိုင်သွားမှာလဲ ဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# Futsal Cup Mandalay 2025 Qualified ပြိုင်ပွဲကို ဇန်နဝါရီ ၂၆ ရက်မှ စတင်ကျင်းပမည်

**မန္တလေး ဇန်နဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး ဖူဆယ်ဘောလုံးဆပ်ကော်မတီမှ ကျင်းပမည့် Futsal Cup Mandalay 2025 Qualified ပြိုင်ပွဲကို ဇန်နဝါရီ ၂၆ရက်မှ စတင်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ကြေးအဖြစ် နှစ်သိန်းကျပ်၊ အာမခံကြေးအဖြစ် တစ်သိန်းကျပ် သတ်မှတ်ပြီး ပြိုင်ပွဲဝင် အသင်း ၃၂ သင်းဖြင့် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းတစ်သင်းတွင် ဂိုးသမားနှစ်ဦးအပါအဝင် ကစားသမားအများဆုံး ၁၆ ဦးနှင့် အနည်းဆုံး ၁၂ ဦးပါဝင်ရမည်ဖြစ်ကာ နည်းပြအုပ်ချုပ်သူအဖွဲ့ဝင် အများဆုံးငါးဦး၊ အနည်းဆုံးနှစ်ဦးပါဝင်ရမည်ဖြစ်ပြီး အမျိုးသားမှတ်ပုံတင်အမှတ် ၉/ ပြင်ပကစားသမားနှစ်ဦး ပါဝင်ခွင့်ရှိသည်။

Futsal Cup Mandalay 2025 Qualified ပြိုင်ပွဲတွင် မန္တလာဖူဆယ်လိဂ် ၂၀၂၄ ပြိုင်ပွဲ၊ ၂၀၂၃-၂၀၂၄ ခုနှစ် MNL League 1/2 ၊ ၂၀၂၃-၂၀၂၄ ခုနှစ် MFF Futsal League 1/2 ကစားခဲ့ဖူးသည့် ကစားသမားများ ပါဝင်ကစားခွင့်ပြုမည်မဟုတ်ဘဲ သတ်မှတ်ချက်နှင့် မကိုက်ညီသောကစားသမားများကို ထည့်သွင်းကစားသွားမည်ဖြစ်ကာ သတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိပါက ထုတ်ပယ်ကာ အသင်းနှင့် ကစားသမားများအား ပွဲပယ်ပြစ်ဒဏ်များ ချမှတ်မည် ဖြစ်သည်။

အဆိုပါပြိုင်ပွဲ ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာများကို ဇန်နဝါရီ ၁၁ နှင့် ၁၂ ရက်တို့တွင် နံနက် ၉ နာရီမှ ညနေ ၃ နာရီထိ TG Futsal Court တွင် ပြိုင်ပွဲဝင်ကြေးနှင့် အာမခံကြေးသွင်းကာ ထုတ်ယူနိုင်ပြီး ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာတင်သွင်းခြင်းနှင့် ကစားသမားစစ်ဆေးခြင်းကို ဇန်နဝါရီ ၁၈ ရက်နေ့ နံနက် ၉ နာရီမှ ၁၂ နာရီထိပြုလုပ်မည်ဖြစ်ပြီး ပြိုင်ပွဲမန်နေဂျာအစည်းအဝေးကို ယင်းနေ့မွန်းလွဲ ၁ နာရီတွင် ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

STA

# ကိုဘီမိုင်နူးနှင့်ဂါနာချိုတို့ကို ငွေကြေးလိုအပ်ချက်ကြောင့် မန်ယူအသင်း ရောင်းချရန်ဆုံးဖြတ်

**မန်ချက်စတာ ဇန်နဝါရီ ၈**

မန်ယူအသင်းသည် ငွေကြေးလိုအပ်ချက်ကြောင့် ယခုအပြောင်းအရွှေ့ကာလတွင် အသင်းမှခြေစွမ်းပြကစားသမား ကိုဘီမိုင်နူးနှင့် ဂါနာချိုတို့ကို ရောင်းချရန်ဆုံးဖြတ်ခဲ့သည်။

ကိုဘီမိုင်နူးနှင့် ဂါနာချိုတို့သည် မန်ယူအသင်းအကယ်ဒမီထွက် ကစားသမားနှစ်ဦးဖြစ်ကာ နှစ်ဦးစလုံးရာနှုန်းပြည့် ခြေစွမ်းပြသနိုင်ခဲ့သော်လည်း အသင်းအနေဖြင့် ပရီးမီးယားလိဂ်၏ ဝင်ငွေထွက်ငွေ စည်းမျဉ်းကို ကျော်ဖြတ်နိုင်ရန် ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၇၀ ကျော် ရရှိမည်ဖြစ်သောကြောင့် ရောင်းချသွားမည် ဖြစ်သည်။

လက်ရှိနည်းပြသစ် အာမိုရင်၏၃-၄-၃ကစားကွက်တွင် ကိုဘီမိုင်နူးသာ ခြေစွမ်းပြနိုင်ခဲ့ပြီး ဂါနာချိုအနေဖြင့် နောက်ဆုံးငါးပွဲတွင် ပါဝင်ကစားခွင့်ရခဲ့သော်လည်း ခြေစွမ်းပြသနိုင်ရန် ခက်ခဲနေခြင်း ဖြစ်သည်။

ထို့ပြင် တိုက်စစ်မှူးဟိုက်လန်းသည်လည်းပုံမှန်ခြေစွမ်းပျောက်ဆုံးနေသောကြောင့် ဟိုက်လန်းအပါအဝင် တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်၊ ကွင်းလယ်ကစားသမား ကက်စမဲရီးနှင့် အန်တိုနီတို့ကို ရောင်းချရန် အသင့်ရှိသော်လည်း တရားဝင်ကမ်းလှမ်းမည့် အသင်းမရှိသဖြင့် ခြေစွမ်းပြကစားသမား မိုင်နူးနှင့် ဂါနာချိုတို့ကို ရောင်းချမည် ဖြစ်ကြောင်း သိရသည်။

အသက် ၁၉ နှစ်ရှိ မိုင်နူး၏ ခြေစွမ်းပိုင်းကို ချဲလ်ဆီးအသင်း အပါအဝင် ဥရောပထိပ်သီးကလပ်များက စိတ်ဝင်စားနေကြောင်း သိရသည်။

Ref : Goal.com

Trs : ML

# တိုက်စစ်မှူး မာမောက်ကို စတာလင်ပေါင်သန်း ၅၀ ဖြင့် သဘောတူညီမှုရရှိရန် မန်စီးတီးအသင်းကြိုးပမ်း

**မန်ချက်စတာ ဇန်နဝါရီ ၈**

မန်စီးတီး အသင်းသည် တိုက်စစ်ပိုင်း လိုအပ်ချက်အတွက် ဖရန့်ဖတ်အသင်း တိုက်စစ်မှူး မာမောက်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၅၀ ဖြင့် သဘောတူညီမှုရရှိရန် ကြိုးပမ်းလျက်ရှိသည်။

မန်စီးတီးအသင်းသည် တိုက်စစ်ပိုင်းမှ အယ်ဗာရက်ဇ်ကို ပြီးခဲ့သည့်နွေရာသီက အေတီကိုအသင်းသို့ လက်လွှတ်ခဲ့ရပြီးနောက် ဟာလန်း ဂိုးသွင်းယူနိုင်ခြင်း မရှိချိန်တွင် တိုက်စစ်ပိုင်းလိုအပ်ချက် ဖြစ်ပေါ်ခဲ့သဖြင့် ဖရန့်ဖတ်အသင်း တိုက်စစ်မှူးမာမောက်ကို ခေါ်ယူမည် ဖြစ်ကြောင်း သိရသည်။

မာမောက်သည် ယခုနှစ် ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲတွင် ၁၅ ပွဲ ပါဝင်ကစားခဲ့ရာ ၁၃ ဂိုးထိ သွင်းယူနိုင်ခဲ့သောကြောင့် ထိပ်သီးကလပ် အသင်းများက ခေါ်ယူရန် စီစဉ်ခဲ့ပြီး မန်စီးတီး အသင်းက လက်ဦးမှုရယူနိုင်ရန် ဖရန့်ဖတ်အသင်း တာဝန်ရှိသူများနှင့် ဆွေးနွေးလျက်ရှိကြောင်း သိရသည်။

မန်စီးတီးအသင်းသည် အသင်းမှ အဓိက ကစားသမားများဖြစ်သည့် ရူဘင်ဒီယက်ဇ်၊ ဂွါန်စတုန်းနှင့် ရိုဒရီတို့ ဒဏ်ရာရချိန်တွင် အသင်းလူစာရင်း အားနည်းခဲ့ပြီး ရလဒ် ကျဆင်းခဲ့သောကြောင့် တိုက်စစ်မှူး မာမောက် အပြင် အတ္တလန်တာအသင်း ကွင်းလယ်ကစားသမား အီဒါဆန်တို့ကိုပါ ခေါ်ယူဖြည့်တင်းရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

Ref : ESPN

Trs : ML



# ခေတ်သစ်ရေတပ်စစ်ပွဲအတွက် ကုန်း၊ ရေ နှစ်သွယ်သုံးစစ်ရေယာဉ်အသစ်တည်ဆောက်ခဲ့သော တရုတ်နိုင်ငံ

တရုတ်နိုင်ငံ၏ ခေတ်မီ Type 076 ကုန်း၊ ရေ နှစ်သွယ်သုံးတိုက်ခိုက်ရေးစစ်ရေယာဉ်သည် နိုင်ငံ၏ ပင်မကုန်းမြေနှင့် ဝေးကွာသောနေရာများတွင် အာဏာဖြန့်ကြက်နိုင်ရေးအတွက် ဒရုန်းလွှမ်းမိုးမှု၊ လေကြောင်းစွမ်းအားနှင့် ကုန်း၊ ရေ နှစ်သွယ်စွမ်းဆောင်ရည်များကို လိုအပ်သလို ပေါင်းစပ်ထမ်းဆောင်နိုင်မည်ဖြစ်သောကြောင့် ခေတ်သစ်ရေတပ်စစ်ပွဲအတွက် အသင့်ဖြစ်နေပြီဖြစ်သည်။

တရုတ်နိုင်ငံ၏ ပထမဆုံးသော Type 076 ကုန်း၊ ရေ နှစ်သွယ်သုံး တိုက်ခိုက်ရေးစစ်ရေယာဉ်ကို စီချွမ် (Sichuan) ဟု အမည်ပေးထားပြီး ရှန်ဟိုင်းမြို့ရှိ Hudong-Zhonghua သင်္ဘောကျင်း၌ တပ်တော်ဝင်အခမ်းအနားကျင်းပခဲ့သည်။ ၎င်း စစ်ရေယာဉ်ကို ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်တည်ဆောက်ခဲ့ပြီး အီလက်ထရွန်မဂ္ဂနက်တစ်လောက်လွှဲစနစ်နှင့်အတူ ကျယ်ပြန့်သော လေယာဉ်တင်ကုန်းပတ်နှင့် လွှမ်းခြုံကာကွယ်ရေးစနစ်တို့ကို တပ်ဆင်ထားရှိသည်။

ဝန်ပြည့်တန်ချိန် ၄၀၀၀၀ ရှိသော Type 076 စစ်ရေယာဉ်ကို GJ-11 Sharp Sword အမျိုးအစား မောင်းသူမဲ့တိုက်ခိုက်ရေးယာဉ် (UCAVs) ကဲ့သို့သော ဒရုန်းများအပါအဝင် တောင်ပံသေတပ်ဆင်ထားသော လေယာဉ်များ ပျံသန်း၊ ဆင်းသက်နိုင်ရန် ဒီဇိုင်းရေးဆွဲထားရှိသည်။ ထို့ပြင် ၎င်းစစ်ရေယာဉ်သည် HQ-10 အမျိုးအစားရေပြင်မှ ဝေဟင်ပစ်ဒုံးကျည် (SAM)ပစ်လွှတ်သည့် ကိရိယာများနှင့် Type-1130 လွှမ်းခြုံလက်နက်စနစ်(CIWS)တို့ အပါအဝင် တောင့်တင်းခိုင်မာသောကာကွယ်ရေးစွမ်းဆောင်ရည်များပါရှိမည်ဖြစ်သည်။ Type 076 စစ်ရေယာဉ်သည် ဒရုန်းအစင်းရေ ဒါဇင်ပေါင်းများစွာ၊ ကုန်း၊ ရေနှစ်သွယ်ယာဉ်များနှင့် မရိန်းတပ်ဖွဲ့ဝင် ၁၀၀၀ ထိ တင်ဆောင်နိုင်သည်။

တရုတ်နိုင်ငံအနေဖြင့် ရေတပ်စွမ်းဆောင်ရည်များ ခေတ်မီအဆင့်မြှင့်တင်ရန်နှင့် ကမ်းခြေနှင့် အလှမ်းကွာဝေးသောနေရာများတွင် အာဏာဖြန့်ကြက်နိုင်ရန် ကြိုးပမ်းနေသည့်အချိန်တွင် Type076 စစ်ရေယာဉ်ကို တပ်တော်ဝင်ခဲ့ခြင်းဖြစ်သည်။ Type 076 စစ်ရေယာဉ်၏ တစ်မူထူးခြားသော ဒီဇိုင်းနှင့် စွမ်းဆောင်ရည်များသည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရေတပ် (PLAN) ကို ထူးခြားသော အားသစ်လောင်းမှုဖြစ်သည့်အတွက် အကြီးစားဒရုန်းစစ်ဆင်ရေးများနှင့် သမားရိုးကျ ကုန်း၊ ရေနှစ်သွယ်ထိုးစစ်များဆင်နွှဲနိုင်ရန် စွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

Type 076 စစ်ရေယာဉ်၌ GJ-11 နှင့် အခြားသော UCAVs များ ပေါင်းစပ်ဖြန့်ကြက်ထားခြင်းသည် ရေတပ်စစ်ပွဲတွင် သိသာထင်ရှားသော ပြောင်းလဲမှုဖြစ်လာဖွယ်ရာရှိပြီး ရေတပ်သုံးစက်သေနတ်များ၊ သင်္ဘောဖျက်ဒုံးကျည်များ၊ သင်္ဘောအခြေစိုက်လေယာဉ်နှင့် ဒရုန်းများသည်လည်း ဆက်လက်တိုးတက်ပြောင်းလဲလာမည်ဖြစ်သည်။

GJ-11 ကို တိုက်ခိုက်ရေးမစ်ရှင်များနှင့် ထောက်လှမ်းခြင်း၊ စောင့်ကြည့်ခြင်းနှင့် ကင်းထောက်ခြင်း (ISR)တာဝန်များ ထမ်းဆောင်ရန် ဒီဇိုင်းရေးဆွဲထားခြင်းဖြစ်ပြီး ကိုယ်ပျောက်စွမ်းဆောင်ရည် ပိုင်ဆိုင်ရန်နှင့် ဘက်စုံသုံးနိုင်ရန်ထိ အဆင့်မြှင့်တင်တည်ဆောက်လျက်ရှိသည်။ GJ-11 အနေဖြင့် Type 075 နှင့် Type 076 ကုန်း၊ ရေ နှစ်သွယ်သုံးစစ်ရေယာဉ်များ၌ ပေါင်းစပ်တာဝန်ထမ်းဆောင်နိုင်မှုသည် ရေတပ်လေကြောင်းစွမ်းအား တည်ငြိမ်စွာ ထမ်းဆောင်နိုင်မှုကို ပြသလျက်ရှိသည်။ အဆိုပါစွမ်းဆောင်ရည်များသည် မောင်းသူပါယာဉ်နှင့်မောင်းသူမဲ့ယာဉ်ပေါင်းစပ်ဆောင်ရွက်နိုင်မှု(MUM-T) မြှင့်တင်နိုင်ရေး တရုတ်နိုင်ငံ၏ ကျယ်ပြန့်သော မဟာဗျူဟာနှင့် လိုက်လျောညီထွေရှိနေသည်။ ထို့ကြောင့် GJ-11 သည် J-20 ကိုယ်ပျောက်တိုက်လေယာဉ် သို့မဟုတ် အခြားသော လေယာဉ်များနှင့်အတူ တာဝန်ထမ်းဆောင်နိုင်မည်ဖြစ်သည်။

ဒရုန်း၏ အလားအလာရှိသော အခန်းကဏ္ဍများသည် ရန်သူ့လေကြောင်းရန်ကာကွယ်ရေး ထိုးဖောက်ခြင်း၊ တိကျစွာ တိုက်ခိုက်ခြင်းနှင့် အရေးပါသော စစ်မြေပြင်အချက်အလက်များ စုဆောင်းခြင်း၊ အထူးသဖြင့် ပြိုင်ပွဲဝင်ဇုန်များမှ သတင်းများစုဆောင်းခြင်းတို့ ပါဝင်သည်။ တရုတ်(တိုင်ပေ)နှင့် ပဋိပက္ခတွင်




တရုတ်နိုင်ငံ၏ ကုန်း၊ ရေ နှစ်သွယ်သုံးစစ်ရေယာဉ် Type 076 ကို တွေ့ရစဉ်။

တရုတ်နိုင်ငံ၏ တပ်ဖြန့်ချထားမှုသည် ဒရုန်းအုပ်စုများနှင့် ရန်သူ၏ လေကြောင်းရန်ကို လွှမ်းမိုးနိုင်မည်ဖြစ်သည့်အတွက် ထိုးစစ်ကို ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ မဟာဗျူဟာမြောက်ဒရုန်းသည် အသုံးတည့်တွက်ခြေကိုက်ပြီး စွန့်စားမှုနည်းပါးသည့် မောင်းသူမဲ့ပလက်ဖောင်းသို့ တရုတ်နိုင်ငံ၏ အရွေ့အပြောင်းကို မီးမောင်းထိုးပြလျက်ရှိသည်။

တရုတ်နိုင်ငံ၏ Type 076 သည် ကုန်း၊ ရေနှစ်သွယ်စစ်ဆင်ရေးကို အထောက်အကူဖြစ်စေရန် GJ-11 အပြင် လည်ပတ်နိုင်သော တောင်ပံတပ်ဆင်ထားသည့် အခြားသော ဒရုန်းများကိုလည်း တပ်ဖြန့်ချသွားမည်ဖြစ်သည်။ အထူးသဖြင့် တရုတ်နိုင်ငံ၏ UR6000 ဒရုန်းသည် တရုတ်(တိုင်ပေ)အရေးတွင် တရုတ်နိုင်ငံ၏ စွမ်းဆောင်ရည်များအဆင့်မြှင့်တင်နိုင်ရန် စစ်ဘက်အဆင့်မြင့်နည်းပညာဒီဇိုင်းရေးဆွဲထားခြင်းဖြစ်သည်။

UR6000 သည် ရဟတ်ယာဉ်ကဲ့သို့ပင် ဒေါင်လိုက်ပျံသန်း၊ ဆင်းသက်နိုင်ပြီး လေယာဉ်ကဲ့သို့ပင် မြန်နှုန်းမြင့်ပျံသန်းနိုင်သည်။ ၎င်းဒရုန်းသည် ဝန်စည်စလယ် အများဆုံး ကီလိုဂရမ် ၆၀၀ ထိ သယ်ဆောင်နိုင်ပြီး ဝန်စည်စလယ် ကီလိုဂရမ် ၂၀၀ဖြင့် အကွာအဝေး ကီလိုမီတာ ၁၅၀၀ ထိ ပျံသန်းနိုင်သည်။ အဆိုပါ ဒရုန်း၏ ဒီဇိုင်းသည် မစ်ရှင်များတွင် အုပ်ချုပ်ပံ့ပိုးမှုများ အလျင်အမြန်ဖြည့်ဆည်းနိုင်ခြင်းနှင့် ကင်းထောက်မစ်ရှင်များကိုလည်း ထမ်းဆောင်နိုင်မည်ဖြစ်သည်။ ၎င်းဒရုန်းများသည် ထိုင်ဝမ်ရေလက်ကြားကဲ့သို့သော ဆက်စပ်နယ်မြေများတွင် အုပ်ချုပ်ပံ့ပိုးမှုနှင့် အခြေအနေစောင့်ကြည့်မှုတို့အတွက် များစွာအရေးပါလျက်ရှိသည်။

ထို့ပြင် UR6000 သည် ရဟတ်ယာဉ်တင် ကုန်းပတ်ပေါ်မှ ပျံသန်း၊ ဆင်းသက်တာဝန်ထမ်းဆောင်နိုင်ခြင်းနှင့် တရုတ်နိုင်ငံ၏ Type 076 ကုန်း၊ ရေ နှစ်သွယ်သုံးစစ်ရေယာဉ်များနှင့် လိုက်လျောညီထွေတာဝန်ထမ်းဆောင်နိုင်ခြင်းသည် လေယာဉ်ကွင်းစီးနင်းမှု စစ်ဆင်ရေးများနှင့် အာဏာဖြန့်ကြက်မှုတို့အတွက် များစွာအသုံးတည့်လျက်ရှိသည်။ Type 076 သည် ကုန်း၊ ရေနှစ်သွယ်စစ်ဆင်ရေးအပြင် လေကြောင်းအသာစီးရရှိရေးမစ်ရှင်များကိုလည်း ပေါင်းစပ်ထမ်းဆောင်နိုင်စွမ်းရှိသည်။

၎င်းစစ်ရေယာဉ်ဒီဇိုင်းသည် ဒရုန်းဗဟိုပြုသည့် ရေတပ်ဆိုင်ရာ မဟာဗျူဟာ၊ ပင်လယ်ရေကြောင်း တိုက်ခိုက်ရေးစွမ်းဆောင်ရည်များ မြှင့်တင်မှုနှင့် ISR စစ်ဆင်ရေးများနှင့် သမားရိုးကျ ကုန်း၊ ရေနှစ်သွယ် စစ်ဆင်ရေးများအပေါ် တရုတ်နိုင်ငံ၏ ခိုင်မာသော ဆုံးဖြတ်ချက်ကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။ ဒရုန်းများ၊ လေယာဉ်နှင့် ရဟတ်ယာဉ်များ တင်ဆောင်ပြီး တာဝန်ထမ်းဆောင်နိုင်သည့် ၎င်းစစ်ရေယာဉ်၏ စွမ်းဆောင်ရည်သည် ဖြစ်ပေါ်လာနိုင်သည့် တရုတ်(တိုင်ပေ)နှင့် တောင်တရုတ်ပင်လယ် ပဋိပက္ခများတွင် အရေးပါသော စစ်ရေယာဉ်အဖြစ် ရပ်တည်နိုင်စေမည်ဖြစ်သည်။

လွန်ခဲ့သော ဆယ်စုနှစ်နှစ်စုကျော်ကာလအတွင်း တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရေတပ် PLAN သည် အနီးအနားကမ်းခြေကို ကာကွယ်စောင့်ရှောက်ခြင်းမှသည် အနီးအနားပင်လယ်များ၊ ဝေးကွာသောပင်လယ်ပြင်များ ကာကွယ်စောင့်ရှောက်ခြင်းဆိုသည့် ကြီးမားသောမဟာဗျူဟာကို ပြောင်းလဲအကောင်အထည်ဖော်လာလျက်ရှိသည်။ ကုန်း၊ ရေနှစ်သွယ်စစ်ဆင်ရေးယာဉ်များ တိုးတက်တည်ဆောက်ခြင်းသည် တရုတ်(တိုင်ပေ)ကို ကျူးကျော်တိုက်ခိုက်ရန်ထက် ပိုမိုကျယ်ပြန့်သော မဟာဗျူဟာကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။

တရုတ်နိုင်ငံအနေဖြင့် မကြာသေးမီက စစ်လက်နက်ပစ္စည်းများ ဝယ်ယူဖြည့်ဆည်းမှုသည် ပင်လယ်ဓားပြတိုက်ခြင်းနှိမ်နင်းခြင်းနှင့် လူသားချင်းစာနာထောက်ထားမှုကဲ့သို့သော နိုင်ငံရပ်ခြားမစ်ရှင်များအပြင် သမားရိုးကျ ရေလက်ကြားဖြတ်ကျော်စစ်ဆင်ရေးများနှင့် စပ်လျဉ်း၍ ရုရှားနိုင်ငံ၊ ထိုင်းနိုင်ငံတို့ကဲ့သို့သော နိုင်ငံများနှင့် နှစ်နိုင်ငံစစ်ရေးလေ့ကျင့်ခန်းများလုပ်ဆောင်ခြင်းတို့ကို အလေးထားလျက်ရှိသည်။

ကုန်း၊ ရေ နှစ်သွယ် စစ်ရေးလေ့ကျင့်ခန်းသည် နယ်ပယ်ပေါင်းစုံတွင် ပူးတွဲလှုပ်ရှားစစ်ကစားမှုကို တိုးမြှင့်လုပ်ဆောင်ခြင်းနှင့် စစ်ဆင်ရေးတာဝန်ထမ်းဆောင်ရန် အသင့်ဖြစ်မှုတို့ကို ပြသလျက်ရှိသည်။ အဆင့်မြင့်စစ်ရေးလေ့ကျင့်ခန်းနှင့် ပူးတွဲစစ်ရေးလေ့ကျင့်ခန်းများသည် နည်းဗျူဟာများပြန်လည်မွမ်းမံဆန်းသစ်ပြီး စစ်ဆင်ရေးဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းရေးတို့အတွက် အလျင်အမြန်တပ်ဖြန့်ချထားခြင်း၊ ခရီးဝေးပို့ဆောင်ခြင်းနှင့် ပင်လယ်ကမ်းခြေထိုးစစ်ဆင်မှုများကဲ့သို့သော သိမ်မွေ့ရှုပ်ထွေးသည့် အခင်းအကျင်းများတွင် တစ်ပြိုင်တည်း တာဝန်ထမ်းဆောင်နိုင်မည်ဖြစ်သည်။

ရေပြာရေတပ်အဆင့်သို့ တရုတ်နိုင်ငံ၏ ချီတက်မှုသည် ကမ္ဘာလုံးဆိုင်ရာ လွှမ်းမိုးမှုအတွက် စိတ်အားထက်သန်မှုကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။ ရေတပ်ကို ခေတ်မီအဆင့်မြှင့်တင်တည်ဆောက်မှုသည် ဒေသတွင်း အချုပ်အခြာအာဏာနှင့် ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးရည်မှန်းချက်များကို ဟန်ချက်ညီညီချဉ်းကပ်ရာ၌ အထောက်အကူပြုစေမည်ဖြစ်သည်။

အဆိုပါ စစ်ရေယာဉ်များသည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရေတပ် PLAN ၏ နိုင်ငံရပ်ခြားတွင် တာဝန်ထမ်းဆောင်နိုင်မှု အလားအလာမြှင့်တင်နိုင်ခြင်း၊ ဝေးကွာသောနေရာများသို့ တပ်ဖွဲ့ဝင်များပို့ဆောင်နိုင်ခြင်း၊ လေကြောင်းအထောက်အကူနှင့် သံချပ်ကာယာဉ်များ တပ်ဖြန့်ချထားခြင်းတို့ကို လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ထို့ပြင် တပ်မဟာ ၁၁ ခုထိ တိုးချဲ့ဖွဲ့စည်းထားသော PLAN မရိန်းတပ်ဖွဲ့(PLAN-MC)သည် ပူးပေါင်းပြည်ပမစ်ရှစ်များ ထမ်းဆောင်နိုင်မည့် စွမ်းဆောင်ရည်များကို မြှင့်တက်လာစေမည်ဖြစ်သည်။

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရေတပ် PLAN သည် အကြီးစားကုန်း၊ ရေနှစ်သွယ်ထိုးစစ်များအတွက် အလတ်စားကမ်းထိုးစစ်ရေယာဉ်များ လိုအပ်နေသဖြင့် အရပ်ဘက်သင်္ဘောများအပြင် လေယာဉ်ဖြင့် ရွှေ့ပြောင်းနိုင်သည့် ရေယာဉ်များဖြင့် ဖြည့်ဆည်းသွားမည်ဖြစ်သည်။ သို့သော် အမေရိကန် ကုန်း၊ ရေ နှစ်သွယ်သုံးစစ်ဆင်ရေးရေယာဉ်စုသည် သက်တမ်းရင့်သင်္ဘောများ၊ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ ရွှေ့ဆိုင်းထားခြင်းနှင့် စွမ်းဆောင်ရည်လိုအပ်မှုတို့ကြောင့် တဖြည်းဖြည်းအရွယ်အစားသေးငယ်လာပြီဖြစ်သည်။

အမေရိကန်အစိုးရတာဝန်ခံမှုရုံး(GAO)အစီရင်ခံစာ၌ အမေရိကန်ရေတပ်၏ ကုန်း၊ ရေနှစ်သွယ်စစ်ရေယာဉ် ၃၂ စီးအနက် ထက်ဝက်ခန့်သည် အခြေအနေလွန်စွာ ဆိုးရွားနေကြောင်း၊ ရေယာဉ်အများစုသည် ပြင်ဆင်မွမ်းမံရန် လိုအပ်နေကြောင်း၊ ရွှေ့ဆိုင်းထားသော ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းနှင့် သက်တမ်းရင့်နေသော စနစ်များသည် ဒီဇယ်အင်ဂျင်များကဲ့သို့သော အရေးပါသည့် အစိတ်အပိုင်းများ လိုအပ်မှုဖြစ်ပေါ်စေလျက်ရှိကြောင်း ဖော်ပြထားသည်။

စစ်ရေယာဉ်များပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းစဉ်ကို ရွှေ့ဆိုင်းရန် အမေရိကန်ရေတပ်၏ ရွေးချယ်မှုသည် စိန်ခေါ်မှုများကို ပိုမိုမြင့်တက်လာစေလျက်ရှိသည်။ ထို့ပြင် အမေရိကန်ရေတပ်နှင့် မရိန်းတပ်ဖွဲ့သည် စစ်ဆင်ရေးနှင့် လေ့ကျင့်ရေးအတွက် လိုအပ်သော စစ်ရေယာဉ်အရေအတွက်အတိအကျနှင့် စပ်လျဉ်း၍လည်း ဘုံသဘောတူညီချက်မရရှိသေးသဖြင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်သည် ပိုမိုသိမ်မွေ့ရှုပ်ထွေးလျက်ရှိသည်။ ဆိုရလျှင် အမေရိကန်အနေဖြင့် တည်ရှိဆဲစစ်ရေယာဉ်များ၏ သက်တမ်းတိုးမြှင့်ရေးအတွက် စဉ်ဆက်မပြတ် ရင်းနှီးမြှုပ်နှံမှုများလုပ်ဆောင်ခြင်းမရှိလျှင် တာဝန်ထမ်းဆောင်မှုတွင် နှောင့်နှေးကြန့်ကြာမှုများနှင့် အရေးကြီးမစ်ရှင်များအတွက် အသင့်ဖြစ်မှုတို့တွင် အားနည်းလာစေမည်ဖြစ်ကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။

**ကိုးကား**

-China's Type 076 ship heralds new naval warfare era by Asia Times.

မောင်သောင်းဝင်း(တမန်ဟောင်း)

# မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရား၌ ဘုရားဖူးလာပြည်သူများအတွက် တည်းခိုဆောင်နှင့် ဈေးဆိုင်ခန်းများ တည်ဆောက်နေ



ယခင်နှစ် ဘုရားပွဲတော်ကျင်းပနေသည်ကို တွေ့ရစဉ်။

**ရန်ကုန် ဇန်နဝါရီ ၈**

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု)မြို့နယ်အတွင်းရှိ မန်းရွှေစက်တော်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်သို့ အနယ်အနယ်အရပ်ရပ်မှ လာရောက်ကြမည့် ဘုရားဖူးပြည်သူများအတွက် တည်းခိုဆောင် ဖ၀၀ ကျော်နှင့် ဈေးဆိုင်ခန်း ၈၀၀ ကျော် တည်ဆောက်နေကြောင်း မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအေးကိုက ပြောပြ၍ သိရသည်။

မန်းရွှေစက်တော်ဘုရား၏ ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ် တပို့တွဲလဆန်း ၅ ရက်မှစတင်ကာ မြန်မာနှစ်ဆန်းတစ်ရက်ထိ အစဉ်အလာမပျက် ကျင်းပလေ့ရှိပြီး ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်မှ ဧပြီ ၁၇ ရက်ထိ ၇၅ ရက်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"မန်းရွှေစက်တော်ဘုရားရဲ့ ဗုဒ္ဓပူဇနိယပွဲတော်ကို ဒီနှစ်မှာတော့ ဖေဖော်ဝါရီ ၂ ရက်ကနေ ဧပြီ ၁၇ ရက်ထိ စည်ကားသိုက်မြိုက်စွာအစဉ်အလာမပျက်ကျင်းပသွားမှာဖြစ်ပါတယ်။ အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေ တည်းခိုနေထိုင်နိုင်ဖို့ တည်းခိုဆောင် ဖ၀၀ ကျော်နဲ့ စားသောက်ရေးအဆင်ပြေစေဖို့ ဈေးဆိုင်ခန်း ၈၀၀ ကျော်တို့ကို ဆောက်လုပ်နေပါတယ်"ဟု ဦးအေးကိုက ပြောပြသည်။

မန်းရွှေစက်တော်ဘုရားပွဲဖွင့်ပွဲနေ့တွင် အောက်စက်တော်ရာနှင့် အထက်စက်တော်ရာတို့ကို ဖွင့်လှစ်ကာ အပူဇော်ခံလေ့ရှိရာ ပွဲတော်ပိတ်ပွဲနေ့တွင် စက်တော်ရာနှစ်ဆူကို ပြန်လည်ပိတ်ထားလေ့ရှိကြောင်း၊ အောက်စက်တော်ရာကို အလင်းပေါက်ဖန်အုပ်ဆောင်းဖြင့် ဖုံးအုပ်ထားသောကြောင့် ပွဲတော်ချိန်ပြင်ပတွင်လည်း ဖူးမြော်နိုင်ကြောင်း၊ မန်းရွှေစက်တော်ဘုရားပွဲတော်သို့ စနေ၊ တနင်္ဂနွေရက်များ၊ တပေါင်းလပြည့်နေ့နှင့် သင်္ကြန်ရက်များတွင် ဘုရားဖူးအများဆုံးလာရောက်ဖူးမြော်လေ့ရှိကြောင်း သိရသည်။

မန်းရွှေစက်တော်ဘုရားပွဲကာလအတွင်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများသည် မန်းရွှေစက်တော်ဘုရားပွဲတော်နှင့်အတူ ဆင်ပြတိုက်ရှိသည့် ရွှေစက်တော်မန်းချောင်း အပန်းဖြေဆင်စခန်း၊ မကွေးမြသလွန်ဘုရား၊ စက္ကိန်းတဲဘုရား၊ နဂါးပွက်တောင်၊ မန်းရွှေစက်တော်ပါဒစေတီတော်၊ စကုမြို့ရှိ တန်ခိုးကြီးဘုရားများ၊ အထင်ကရနေရာများ၊ စန္ဒကူးနံ့သာကျောင်းတော်ရာဘုရားတို့ကိုလည်း သွားရောက်လည်ပတ်ကြကြောင်း သိရသည်။ ASH

# ဇန်ဒါးယားနှင့်တွမ်ဟော်လန်း စေ့စပ်ကြောင်းလမ်း

**နယူးယောက် ဇန်နဝါရီ ၈**

ဟောလီဝုဒ်မင်းသမီး ဇန်ဒါးယားနှင့် မင်းသား တွမ်ဟော်လန်းတို့နှစ်ဦး စေ့စပ်ကြောင်းလမ်းထားပြီးဖြစ်ကြောင်း ဇန်နဝါရီ ၇ ရက် သတင်းများအရ သိရသည်။

မင်းသား တွမ်ဟော်လန်းတို့၏ စေ့စပ်ကြောင်းလမ်းပွဲကို မင်းသမီး ဇန်ဒါးယားမိသားစုပိုင် နေအိမ်တစ်လုံး၌ နှစ်ကူးကာလအတွင်း ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း အတွင်းသိများက မီဒီယာများသို့ အတည်ပြုပြောကြားထားသည်။

သို့ရာတွင် မင်းသမီး ဇန်ဒါးယားနှင့်မင်းသားတွမ်ဟော်လန်းတို့အနေဖြင့် စေ့စပ်ကြောင်းလမ်းထားသည့်တိုင် လက်ထပ်မင်္ဂလာပွဲအလျင်စလိုကျင်းပဦးမည် မဟုတ်ကြောင်း သတင်းရင်းမြစ်များ၏ အဆိုအရ သိရသည်။

မင်းသား တွမ်ဟော်လန်းနှင့် မင်းသမီး ဇန်ဒါးယားတို့စေ့စပ်ကြောင်းလမ်းခဲ့သည့်အချိန်ကာလကို တိတိကျကျမသိရသေးကြောင်း၊ တွမ်ဟော်လန်းနှင့် ဇန်ဒါးယားတို့သည် Spider-Man ဇာတ်ကားများ၌ ပီတာပတ်ကားနှင့် မစ်ချဲလ်အမ်ဂျေဂျုံးတို့အဖြစ် ပါဝင်သရုပ်ဆောင်ခဲ့ကြသူများဖြစ်ကြသည်။

တွမ်ဟော်လန်းနှင့် ဇန်ဒါးယားတို့သည် ၎င်းတို့နှစ်ဦး၏ဆက်ဆံရေးကို ၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် အင်စတာဂရမ်စာမျက်နှာပေါ်တွင် အတည်ပြုခဲ့ကြသည်။

**Ref : Russia Today**

**Trs : KKO**



# တေးသံရှင် ဝိုင်းစုခိုင်သိန်း၏ တစ်ကိုယ်တော်ဂီတဖျော်ဖြေပွဲ One lady Show ကို မဟာအောင်မြေမြို့နယ်ရှိ Space Bar ၌ ပြုလုပ်သွားမည်

**ရန်ကုန် ဇန်နဝါရီ ၈**

တေးသံရှင် ဝိုင်းစုခိုင်သိန်း၏ တစ်ကိုယ်တော် ဂီတဖျော်ဖြေပွဲ One lady Show ကို မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်ရှိ Space Bar ၌ ဇန်နဝါရီ ၉ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် ဝိုင်းစုခိုင်သိန်းက ပြောပြ၍ သိရသည်။

တေးသံရှင် ဝိုင်းစုခိုင်သိန်း၏ တစ်ကိုယ်တော် ဂီတဖျော်ဖြေမှု One lady Show ၌ တေးသံရှင် ဝိုင်းစုခိုင်သိန်း၏ သီဆိုဖျော်ဖြေမှုများကို Daily Gita Band တေးဂီတအဖွဲ့က အကောင်းဆုံးပံ့ပိုးတီးခတ်ပေးမည့်အပြင် DJ Aphrodite ကလည်း အားဖြည့်ကူညီပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"မန္တလေးက Space Bar မှာ




Space Bar ရဲ့ 5th Years Annives-try of Space Bar အနေနဲ့ ပရိသတ်တွေကို တစ်ကိုယ်တော်တေးဂီတဖျော်ဖြေမှုအနေနဲ့ တင်ဆက်သွားဖို့ရှိပါတယ်။ နှစ်သစ်မှာ ပျံ့လွင့်လာမဲ့ သံစဉ်တွေနဲ့အတူ ၆၂ လမ်းမကြီးရဲ့ဘေးမှာ ဝိုင်းစုခိုင်သိန်းနဲ့အတူတူ ဆွေးမယ်ဆိုတဲ့ပရိသတ်တွေ Cel-ebrate Together လုပ်ဖို့အတွက် Space Bar မှာ ဆုံလိုက်ရအောင်နော်"ဟု တေးသံရှင် ဝိုင်းစုခိုင်သိန်းက ပြောပြသည်။

တေးသံရှင် ဝိုင်းစုခိုင်သိန်း၏ တစ်ကိုယ်တော် ဂီတဖျော်ဖြေပွဲ One lady Show ကို Daily Gita Band တေးဂီအဖွဲ့၏ ပံ့ပိုးမှုနှင့်အတူ ဇန်နဝါရီ ၉ ရက် ည ၇ နာရီတွင် စတင်ဖျော်ဖြေပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# အသက် ၆၂ နှစ်အရွယ် မင်းသမီးကြီး ဒမ်မီမိုး ပထမဆုံးရွှေကမ္ဘာလုံးဆု ဆွတ်ခူးရရှိ

**နယူးယောက် ဇန်နဝါရီ ၈**

ကမ္ဘာကျော်ဟောလိဝုဒ်မင်းသမီးကြီး ဒမ်မီမိုးသည် ၎င်း၏ပထမဆုံး ရွှေကမ္ဘာလုံးဆုကို ဇန်နဝါရီ ၅ ရက်က ရရှိခဲ့ကြောင်း ဇန်နဝါရီ ၇ ရက် သတင်းများအရ သိရသည်။

မင်းသမီးကြီး ဒမ်မီမိုးသည် ဟောလိဝုဒ်ရုပ်ရှင်လောက၌ ၄၂ နှစ်ကြာမျှ နာမည်ကျော်မင်းသမီးအဖြစ် ရပ်တည်နိုင်ခဲ့သော်လည်း ရွှေကမ္ဘာလုံးရုပ်ရှင်ဆုကို ယခုနှစ်မှသာ ပထမဆုံးအကြိမ်ရရှိခဲ့ခြင်းဖြစ်သည်။

အသက် ၆၂ နှစ်အရွယ်မင်းသမီးကြီး ဒမ်မီမိုးသည် ၁၉၇၈ ခုနှစ်တွင် အနုပညာလောကသို့ စတင်ဝင်ရောက်ခဲ့ပြီး ၁၉၈၁ ခုနှစ်တွင် ပထမဆုံးဟောလိဝုဒ်ရုပ်ရှင်ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ခဲ့သည်။

သို့ရာတွင် မင်းသမီးကြီး ဒမ်မီမိုးသည် အော်စကာဆုနှင့် ရွှေကမ္ဘာလုံးဆုကြီးများကို ရရှိခဲ့ဖူးခြင်းမရှိကြောင်း၊ ဇန်နဝါရီ ၅ ရက်တွင် ကယ်လီဖိုးနီးယားပြည်နယ် ဘီဗာလီဟေးမြို့ ဘီဗာလီဟေးဟီတန်ဟိုတယ်၌ ကျင်းပခဲ့သော ၈၂ ကြိမ်မြောက် ရွှေကမ္ဘာလုံးဆုပေးပွဲတွင် မင်းသမီးကြီး ဒမ်မီမိုးသည် The Substance ဇာတ်ကားဖြင့် ဂီတဇာတ်မြူး သို့မဟုတ် ဟာသဇာတ်ကားများအတွက် အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆုကို ရရှိခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**




# သဲသဲလှုပ် ရုပ်ရှင်ဇာတ်ကားကို ဇန်နဝါရီ ၂၆ ရက်တွင် ရုပ်သံဇာတ်လမ်းအဖြစ်ထုတ်လွှင့်မည်ဖြစ်

**ရန်ကုန် ဇန်နဝါရီ ၈**

CANAL+ ZAT LENN ရုပ်သံလိုင်းမှ သဲသဲလှုပ် ရုပ်ရှင်ဇာတ်ကားကို ဇန်နဝါရီ ၂၆ ရက်တွင် ရုပ်သံဇာတ်လမ်းအဖြစ် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း အဆိုပါရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ကျော်ထက်ဇော်က ပြောပြ၍ သိရသည်။

သဲသဲလှုပ် ရုပ်ရှင်ဇာတ်ကားသည် မဟာဆွေ၏ဝတ္ထုဇာတ်လမ်းကို ကိုကျော်က ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာ ကျော်ဇောလင်း(အတွေးပုံရိပ်)က ပုံဖော်ရိုက်ကူးထားသည့် အချစ်ဟာသဇာတ်ကားတစ်ကားလည်းဖြစ်ကာ CANAL+ ZAT LENN ရုပ်သံလိုင်းမှ တစ်ပိုင်းတည်းအပြီး ရုပ်သံဇာတ်လမ်းအဖြစ် ထုတ်လွှင့်သွားမည်ကြောင်း သိရသည်။

"၂၀၂၃ ခုနှစ် ဇူလိုင်လမှာရုံတင်ထားတဲ့ ရုပ်ရှင်ဇာတ်ကားပါ။ ရုံတင်ကာလမှာ သုံးပတ်ဆက်တိုက်ရုံတင်ပြသခွင့်ရတဲ့ ဇာတ်ကားပဲဖြစ်ပါတယ်။ မကြည့်လိုက်ရသေးတဲ့ ပရိသတ်တွေနဲ့ ထပ်မံကြည့်ရှုလိုတဲ့ ပရိသတ်တွေအတွက် တစ်ပိုင်းတည်းအပြီး ရုပ်သံဇာတ်လမ်းအနေနဲ့ CANAL+ ZAT LENN ရုပ်သံလိုင်းကနေ ထုတ်လွှင့်ပေးမှာဖြစ်ပါတယ်။ ဇာတ်လမ်းကတော့ အချစ်ဟာသဇာတ်မြူးလေးပါ"ဟု သရုပ်ဆောင် ကျော်ထက်ဇော်က ပြောပြသည်။

သဲသဲလှုပ် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် နေတိုး၊ ရွှေမှုံရတီ၊ စိုးမြတ်သူဇာ၊ ယွန်းရွှေရည်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း၊ အဆိုပါ ရုပ်ရှင်ဇာတ်ကားကို ဇန်နဝါရီ ၂၆ ရက် တနင်္ဂနွေနေ့ ည ၈ နာရီတွင် CANAL+ ZAT LENN ရုပ်သံလိုင်းမှ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# Katha Township harvests over 3,900 acres of rain-fed seed corn and millets


Piles of newly harvested seed corns.

**Katha January 8**

A total of 3,985 acres of rain-fed seed corn and millets have been harvested in Katha Township, Katha District, Sagaing Region, according to statistics from the Department of Agriculture for Katha Township.

In Katha Township, during the rainy season planting this year, 3,985 acres of seed corn and millets were planted, and the planted corn fields were harvested from August of this year until today. 985 acres of seed corn yielded 50.14 baskets per acre and 3,000 acres of millets yielded 15,000 corn ears per acre.

"We have provided awareness for the success of the corn, and provided information to prevent the spread of pest," said U Ko Lay, head of the Department of Agriculture for Katha Township.

In Katha Township, in the cultivation of seed corn and millets, more than 50 baskets of seed corn are produced per acre, and the cost of planting one acre of seed corn is 500,000 kyats. A total of 15,000 corn ears of millets are produced per acre, and the cost of planting one acre is over 500,000 kyats. 206

# Dipayin Township exceeds green gram cultivation targets for 2024 winter season

**Dipayin January 8**

In Sagaing Region, Ye-U District, Dipayin Township, a total of 4,897 acres of green gram have been successfully cultivated during this year's winter crop season, according to records from the Ye-U District Agriculture Department.

For the 2024-2025 winter crop season, Dipayin Township had planned to cultivate 3,939 acres of green gram. Planting began in October of this year, and as of today, 4,897 acres have already been completed.

"This year, during the winter crop season in Dipayin Township, we aimed to cultivate over 3,900 acres of green gram. As of today, more than 4,800 acres have been successfully planted. The green gram cultivation has exceeded the planned acreage. We are providing education on expanding green gram cultivation and using high-quality seeds to ensure better yields," said Zaw Myint Htun, Head of the Agriculture Department of Ye-U District.

This year, the Township Agriculture Department in Dipayin Township has been actively educating farmers on green gram cultivation. Efforts include providing suitable high-quality seeds for the region, ensuring correct planting techniques, preventing pest infestations, promoting systematic use of fertilizers, and improving yield quality.

During this year's monsoon crop season, for the cultivation of various bean crops, the department has collaborated with farmers to ensure high yield and quality. This includes providing necessary high-quality seeds, inputs, and post-harvest techniques. 206

# YeU Township cultivates over 6,000 acres of winter lablab beans

**YeU January 8**

A total of 6,550 acres of lablab beans have been planted in YeU Township, YeU District, Sagaing Region in this year winter crops planting season, according to statistics from the Department of Agriculture for YeU District.

During the 2024-2025 winter crops planting season, 6,059 acres of lablab beans are earmarked for cultivation and 6,559 acres of lablab beans have been planted in YeU Township since October this year.

"At present, we can grow more than the designated acres for lablab bean cultivation. We are cooperating with farmers to provide good seeds, inputs, and late-harvest technology for the good yield and quality of lablab beans," said U Zaw Myint Tun, head of the Department of Agriculture for YeU District.

In YeU Township, the Township Department of Agriculture is conducting awareness activities for the bean farmers to be able to expand the acreage of lablab beans, produce good yields, use the GAP method, cultivate pure varieties, and cultivate varieties with good yields. 206


A lablab bean plantation.

# Indonesia, China unveil logo to mark 75 years of bilateral relations

**Jakarta January 8**

Diplomats from Indonesia and China unveiled a logo on Tuesday to commemorate the 75th anniversary of the establishment of diplomatic relations between the two nations.

The logo was created by an Indonesian youth who won a design competition organized by the Chinese Embassy in Jakarta, the Indonesian Embassy in Beijing, and the Foreign Policy Community of Indonesia (FPCI).

"In this design competition, we are delighted to see designers and art enthusiasts from both countries actively participating, with over 600 submissions from Indonesia alone. Each participant skillfully incorporated the historical ties, cooperative achievements, and shared visions for a brighter future between China and Indonesia," said Chinese Ambassador to Indonesia Wang Lutong at the unveiling ceremony held at the China Space within the Istiqlal Mosque in Jakarta.

Indonesian Ambassador to China Djauhari Oratmangun praised the competition for reflecting the strong and enduring partnership between the two nations.

Xinhua



Diplomats from Indonesia and China unveil a logo to commemorate the 75th anniversary of the establishment of diplomatic relations between the two nations in Jakarta, Indonesia, Jan. 7, 2025.

# Israeli army builds facility on Lebanese side of Mount Hermon heights: source

**Beirut January 8**

The Israeli army is building fortifications, bunkers, and watchtowers on the Lebanese side of Mount Hermon heights, a Lebanese security source told Xinhua on Wednesday.

The source, speaking on condition of anonymity, indicated that the newly created Israeli sites directly overlook vast Lebanese areas in eastern and southern Lebanon.

"From the Lebanese village of Ain Aata and the town of Rashaya al-Wadi, located in eastern Lebanon, you can clearly see the Israeli military workshops, which include several bulldozers, excavators, and cranes working to pave roads to connect the hills and build several bunkers, fortifications, and watchtowers," said the source.

The source added, "This Israeli move constitutes a border violation of Lebanese territory, as part of this road and some of the Israeli construction sites are located on the western Lebanese side of Mount Hermon."

Mount Hermon straddles the border between Lebanon and Syria, and the highest peak reaches 2,814 meters above sea level.

Earlier, Israeli Defense Minister Israel Katz announced that he had ordered the Israeli army to prepare to remain on the summit of Mount Hermon throughout the winter.

The Israeli army seized the summit of Mount Hermon and several sites in the occupied Syrian Golan after the collapse of former President Bashar al-Assad's government in December.

Xinhua

# Yinmabin District plant more than 18,000 acres of vegetables in cold season


A vegetable farm in Yinmabin District.

**Yinmabin January 8**

Statistics of Yinmabin District Agriculture Department of Sagaing Region stated that a total of 18,886 acres of vegetables have been planted in the district this cold season.

In 2024-25 cold season, local authorities earmarked cultivation of 19,545 acres of vegetables in Yinmabin District but farmers have so far planted 18,886 acres of crops against the target cultivation.

Daw Myat Moe Win, Head of Yinmabin District Agriculture Department, explained: "Township authorities adopted a plan to grow more than 19,000 acres of vegetables in the district but farmers have so far grown over 18,000 acres of crops against the target. They grow mustard, chilli, spicy, potato, cabbage, eggplant, cauliflower, Chinese cabbage, cucumber and ladyfinger and others. Our department urged local farmers to use GAP system in growing the crops and produce healthy crops with least chemical residues"

This year, Yinmabin Township planted 3,881 acres of vegetables, Kani Township 6,705 acres, Salingyi Township 6,800 acres and Pale Township 2,500 acres, totalling 18,886 acres.

In setting plans to grow crops in 2024-25 cold season, Yinmabin Township earmarked 4,320 acres of vegetables, Kani Township 5,790 acres, Salingyi Township 6,700 acres and Pale Township 2,735 acres, totalling 19,545 acres.

Officials from relevant Departments of Agricultur conduct training courses for local farmers and agricultural staff to enhance their capacity to grow vegetables in GAP system, produce healthy crops and expand sown acreage of vegetables.

Officials from the department helped local farmers with correct agricultural techniques, prevention of pests, use of natural fertilizers and pests. 206

# Bamauk Township cultivates over 11,000 acres of winter groundnuts

**Bamauk January 8**

A total of 11,255 acres of groundnuts have been planted in Bamauk Township, Katha District, Sagaing Region in this year winter crops planting season, according to statistics from the Department of Agriculture for Katha District.

During the 2024-2025 winter crops planting season, 12,822 acres of groundnuts have been earmarked for planting in Bamauk Township, and since October this year, 11,255 acres have been planted.

"We are working to reach the target area for groundnut cultivation. As for the oilseed crop, we are in a successful position. Groundnut cultivation is improving year by year," said U Myint Soe, head of the Department of Agriculture for Katha District.


A winter groundnut plantation.

One acre of groundnuts is planted with half a basket of seeds, and it costs more than 200,000 kyats including the cost of seeds, labor charges, fertilizer and pesticide costs, and if one acre is planted, it yields more than 50 baskets. 206

# Farmers plant more than 2,000 acres of kitchen crops in Pwintbyu Township

**Pwintbyu January 8**

According to the Township Agriculture Department, local farmers have planted 2,178 acres of kitchen crops in cold season this year in Pwintbyu Township of Magway Region.

Local authorities earmarked cultivation of 2,557 acres of kitchen crops this year in Pwintbyu Township but local farmers have so far planted 2,178 acres of crops against the target cultivation.

Daw Moe Moe Wai, Head of Pwintbyu Township Agriculture Department said: "Farmers have grown 2,178 acres of kitchen crops against the target of 2,557 acres in the township to ensure food security and increase incomes for farmers' families. We supervise local farmers in growing crops whether they use GAP system and fertilizers or not to increase per-acre yield of crops."

Under the guidance of the Township Agriculture Department, local farmers are striving for meet the target cultivation in cold season this year. So far, local farmers have planted 992 acres of dried chilli, 1,148 acres of onion, and 38 acres of garlic, totalling 2,178 acres.

Ye Win Naing (NyaungU)

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ ammunition is tantamount to protecting the lives and property of innocent people.

# Ayadaw Township harvests over 14,000 acres of rain-fed green beans

**Ayadaw January 8**

A total of 14,054 acres of green beans planted in this year's rainy season have been harvested in Ayadaw Township, Monywa District, Sagaing Region, according to statistics from Department of Agriculture for Monywa District.

The cultivated green bean fields were harvested from August of this year until today and 1,685 acres of pre-rainfed green beans yielded 12.74 baskets per acre and 12,369 acres of rain-fed green beans produced 13.33 baskets per acre.

"We provided education to expand green bean cultivation and to use good varieties to improve yields," said Daw San San Myint, head of the Department of Agriculture for Monywa District.

This year, the Township Department of Agriculture will encourage green bean growers in Ayadaw Township to find good varieties suitable for the region, to obtain a clean breed and correct planting method, to control pest and to use fertilizers properly, and to raise awareness about yield improvement. 206


Green beans being harvested using machinery.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## တရုတ်က စီးပွားဖြစ်သုံးမောင်းသူမဲ့လေယာဉ်များ တင်ပို့ရောင်းချမှုကို အမေရိကန်တားမြစ်မှုအပေါ်တုံ့ပြန်ခဲ့




အမေရိကန်နိုင်ငံသည် အမျိုးသားလုံခြုံရေးအကြောင်းပြချက်ဖြင့် တရုတ်နိုင်ငံထုတ် စီးပွားဖြစ်သုံး မောင်းသူမဲ့လေယာဉ်များ တင်ပို့ရောင်းချမှုကို တားမြစ်ရန်စီစဉ်နေသည့်အပေါ် တရုတ်နိုင်ငံက လိုအပ်သည့်အစီအမံများလုပ်ဆောင်သွားမည်ဟု တုံ့ပြန်ခဲ့ကြောင်း The Defense Post သတင်းဌာနက ဇန်နဝါရီ ၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ပြီးခဲ့သည့်သီတင်းပတ်က အမေရိကန်နိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာနသည် အင်အားကြီးပြိုင်ဘက်နိုင်ငံများဖြစ်သည့် တရုတ်နှင့် ရုရှားနည်းပညာများဖြင့် ပြုလုပ်ထားသော ဒရုန်း၊ မောင်းသူမဲ့လေယာဉ်များ၏အန္တရာယ်များကို ဖြေရှင်းနိုင်ရန် စည်းမျဉ်းအသစ်များ ချမှတ်သွားနိုင်ရေးစီစဉ်နေသည်ဟု ပြောကြားခဲ့သည်။ ဤကြိုးပမ်းမှုများသည် ကမ္ဘာ့ဈေးကွက်ကို လွှမ်းမိုးထားသည့် တရုတ်နိုင်ငံထုတ် မောင်းသူမဲ့လေယာဉ်များ တင်ပို့ရောင်းချနေမှုများအပေါ် စည်းမျဉ်းများ သို့မဟုတ် တားမြစ်မှုများဖြစ်ပေါ်လာစေနိုင်သည်။

ဖြစ်ပေါ်လာနိုင်သည့် ကန့်သတ်တားမြစ်ချက်များနှင့်ပတ်သက်၍ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနကို သတင်းဌာနများက မေးမြန်းခဲ့မှုအပေါ် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရ Mao Ning က အမေရိကန်နိုင်ငံသည် အမျိုးသားလုံခြုံရေးသဘောတရားကို ပုံကြီးချဲ့၍ ပုံမှန်စီးပွားရေးနှင့် ကုန်သွယ်ရေးလုပ်ဆောင်မှုများကို ဝင်ရောက်စွက်ဖက်ခြင်းနှင့် ကန့်သတ်ခြင်း၊ ကမ္ဘာလုံးဆိုင်ရာထုတ်လုပ်မှုနှင့် ထောက်ပံ့ရေးကွင်းဆက်များ၏ လုံခြုံရေးနှင့် တည်ငြိမ်မှုကို ထိခိုက်စေသည့်လုပ်ဆောင်ချက်မျိုးကို စီစဉ်နေခြင်းဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့သည်။ ကျွန်ုပ်တို့၏ တရားဝင်အခွင့်အရေးများနှင့် အကျိုးစီးပွားများကို ခိုင်မြဲစွာကာကွယ်ရန် လိုအပ်သောအစီအမံများအားလုံးကို ကျွန်ုပ်တို့လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အလားအလာရှိသော စည်းမျဉ်းသစ်များသတ်မှတ်သွားနိုင်ရေးနှင့်ပတ်သက်၍ လူထု၏ တုံ့ပြန်ချက်ကို ၂၀၂၅ ခုနှစ် မတ် ၄ ရက်ထိ စောင့်ဆိုင်းသွားမည်ဖြစ်ကြောင်း သိရသည်။ ထိုသို့ဆိုပါက ရွေးကောက်ခံသမ္မတဒေါ်နယ်ထရန့်အစိုးရအဖွဲ့ အုပ်ချုပ်မှုအောက်တွင် အတည်ပြု၊ မပြု ဆုံးဖြတ်သွားမည့်သဘောလည်းဖြစ်သည်။

တရုတ်နိုင်ငံက ဒီဇိုင်းထုတ်ထားသည့် ဒရုန်းများတွင်ပါဝင်သော အဆင့်မြင့်နည်းပညာသည် ဒရုန်းများကို အဝေးမှဝင်ရောက်၍ ကိုင်တွယ်ထိန်းချုပ်နိုင်သည့် စွမ်းရည်မျိုး ပိုင်ဆိုင်ထားနိုင်မည်ဖြစ်ပြီး ၎င်းအချက်သည် အမေရိကန်နိုင်ငံ အမျိုးသားလုံခြုံရေးအတွက် လက်မခံနိုင်သော အန္တရာယ်များရှိနေနိုင်သည်ဟု အမေရိကန်နိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အကြံပြုထားကြောင်း သိရသည်။

ကမ္ဘာ့အကြီးမားဆုံး တရုတ်နိုင်ငံ ဒရုန်းထုတ်လုပ်ရေးကုမ္ပဏီ DJI သည် မကြာသေးမီနှစ်များအတွင်း အမေရိကန်နိုင်ငံ၏ စောင့်ကြည့်ခြင်းခံခဲ့ရပြီး တရုတ်နိုင်ငံရှိ တိုင်းရင်းသားလူနည်းစုများကို စောင့်ကြည့်ထောက်လှမ်းခြင်းတွင် ၎င်းတို့၏ဒရုန်းများ ပါဝင်ခဲ့သည်ဟု အမေရိကန်ဘက်က စွပ်စွဲပြောကြားသည်။

၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် အမေရိကန်သည် အမျိုးသားလုံခြုံရေးအန္တရာယ်များကိုထောက်ပြ၍ တရုတ်နှင့်ရုရှားနိုင်ငံထုတ် နည်းပညာများပေါင်းစပ်ထားသည့်ယာဉ်များ တင်ပို့၊ ရောင်းချခြင်းအပေါ် တားမြစ်ပိတ်ပင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Beijing Slams US Over Potential Chinese Drone Ban ကို ဘာသာပြန်ဆိုထားပါသည်။**

## တရုတ်(တိုင်ပေ)က Yun Feng 2 အသံထက်မြန်သောဟိုက်ပါဆောနစ်ခရုဇ်ဒုံးကျည်သစ်များ တီထွင်ထုတ်လုပ်လျက်ရှိ



တရုတ်(တိုင်ပေ)သည် Yun Feng 2 အသံထက်မြန်သော ဟိုက်ပါဆောနစ်ခရုဇ်ဒုံးကျည်သစ်များကို တီထွင်ထုတ်လုပ်လျက်ရှိကြောင်း တရုတ်(တိုင်ပေ)အမျိုးသားကာကွယ်ရေးဝန်ကြီးဌာနက တရားဝင် ထုတ်ပြန်ကြေညာခဲ့သည်ဟု Liberty Time Net သတင်းဌာနက ဇန်နဝါရီ ၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ ခရုဇ်ဒုံးကျည်များသည် တရုတ်(တိုင်ပေ) ကာကွယ်ရေးဝန်ကြီးဌာန သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်းက တီထွင်ထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး မကြာမီကာလအတွင်း တရုတ်(တိုင်ပေ)တပ်မတော်၌ စတင်အသုံးပြုနိုင်ရန် မျှော်မှန်းထားကြောင်း သိရသည်။

Yun Feng 2 ဒုံးကျည်စနစ်ကို ဒုံးပစ်လောင်ချာယာဉ်များမှ တင်ဆောင်ပစ်လွှတ်နိုင်ရန် ဒီဇိုင်းထုတ်လုပ်ထားပြီး တိုက်ပွဲဝင် လှုပ်ရှားစစ်ကစားနိုင်စွမ်းကို သိသိသာသာ မြှင့်တင်ပေးထားသည်။ ထို့ပြင် ပေါင်းစည်းပစ်ခတ်ထိန်းချုပ်မှုစနစ်များနှင့်အတူ ချက်နိုင်ငံထုတ် ၁၂ ဘီးတပ် Tatra Force ယာဉ်ကိုယ်ထည်ပေါ်တွင် တပ်ဆင်အသုံးပြုရန် စီစဉ်ထားကြောင်း သိရသည်။

ဒုံးပစ်လောင်ချာယာဉ်များနှင့် ပတ်သက်သည့်စီမံကိန်းများကို ချက်နိုင်ငံ Czecho-slovak Group ကုမ္ပဏီနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်နေသော်လည်း အခြားရွေးချယ်စရာတစ်ခုအနေဖြင့် M983 ယာဉ်ဖြင့် အသုံးပြုနိုင်ရန် အမေရိကန်နိုင်ငံ Osh-kosh ကုမ္ပဏီဘက်က ကမ်းလှမ်းထားကြောင်း သိရသည်။

တရုတ်(တိုင်ပေ)အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန၏ ပြောကြားချက်များအရ ၎င်းဒုံးပစ်လောင်ချာများသည် စစ်မြေပြင်တွင် တိုက်ပွဲဝင်တပ်ဖြန့်မှုအချိန်ကို လျှော့ချပေးနိုင်မည်ဖြစ်ကာ ရန်သူ့ခြိမ်းခြောက်မှုပြင်းထန်ချိန်များ၌ပင် ထိရောက်စွာ တိုက်ပွဲဝင်လုပ်ဆောင်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

Yun Feng 2 အသံထက်မြန်သော ဟိုက်ပါဆောနစ်ခရုဇ်ဒုံးကျည်များသည် အမြောက်အမြား ထုတ်လုပ်ထားပြီးဖြစ်သော အကွာအဝေး ကီလိုမီတာ ၁၂၀၀ မှ ကီလိုမီတာ ၂၀၀၀ ခန့်ထိ ပစ်ခတ်နိုင်သည့် Yun Feng 1 ခရုဇ်ဒုံးကျည်အပေါ် အခြေခံ၍ တီထွင်ထုတ်လုပ်ထားခြင်းဖြစ်သည်။ အဆိုပါဒုံးကျည်သစ်သည် အမြင့်ဆုံးအမြန်နှုန်း Mach 6 ရှိပြီး တရုတ်နိုင်ငံထုတ် လေကြောင်းကာကွယ်ရေးစနစ်များအတွက် ၎င်းကို ကြားဖြတ်ပစ်ချနိုင်ရန် စိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်သည်။ ထို့ပြင် အမေရိကန်နိုင်ငံသည် တရုတ်(တိုင်ပေ) ကာကွယ်ရေးလိုအပ်ချက်အတွက် အမေရိကန်ဒေါ်လာ ၅၆၇ သန်း ခွဲဝေပေးထားကြောင်း ယူကရိန်းအခြေစိုက် Militarnyi သတင်းဌာနက ရေးသားဖော်ပြထားသေးသည်။

Yun Feng 1 ခရုဇ်ဒုံးကျည်သည် မြေပြင်ပစ်မှတ်များကို တိုက်ခိုက်ရန်အတွက် အသံထက်မြန်သောဟိုက်ပါဆောနစ်ခရုဇ်ဒုံးကျည်ဖြစ်ပြီး Zhongshan Institute of Science and Technology (ZIST)အင်စတီကျူက တီထွင်ထုတ်လုပ်ထားသည်။ အကွာအဝေး ကီလိုမီတာ ၁၂၀၀ မှ ကီလိုမီတာ ၂၀၀၀ ခန့်အတွင်း တစ်စက္ကန့်လျှင် မီတာ ၁၀၃၀ အမြန်နှုန်းထိ ရောက်ရှိနိုင်သော အရှိန်ပေးစက်ပါရှိသည့်အင်ဂျင် အသုံးပြုထားသည်။ ထို့ပြင် သံချပ်ကာကိုယ်ထည်ကို ထိုးဖောက်တိုက်ခိုက်နိုင်သော သံချပ်ကာဖောက် ဒုံးကျည်ထိပ်ဖူးနှင့် အစိတ်စိတ်အမွှာမွှာပြန့်ကျဲတိုက်ခိုက်နိုင်သော ဒုံးကျည်ထိပ်ဖူးများ သယ်ဆောင်တိုက်ပွဲဝင်နိုင်မည်ဖြစ်သည်။

၂၀၁၉ ခုနှစ် ဩဂုတ်လတွင် Yun Feng ဒုံးကျည်များကို အမြောက်အမြား ထုတ်လုပ်မှုစတင်ခဲ့ပြီး ဒုံးကျည်အစင်းရေ ၂၀ နှင့် ဒုံးပစ်လောင်ချာ ၁၀ ခု ကနဦး တရုတ်(တိုင်ပေ)တပ်မတော်က မှာယူခဲ့သည်။ ထို့ပြင်၎င်းဒုံးကျည်ကို ဂြိုဟ်တုပစ်လွှတ်ယာဉ်အဖြစ် အသုံးပြုရန်အတွက်လည်း အဆင့်မြှင့်တင်မှုများလုပ်ဆောင်လျက်ရှိသည်။ အလေးချိန် ကီလိုဂရမ် ၅၀ မှ ကီလိုဂရမ် ၂၀၀ ရှိ ဂြိုဟ်တုများကို အမြင့် ကီလိုမီတာ ၅၀၀ ခန့်တွင် ကမ္ဘာမြေအနိမ့်ပျံပတ်လမ်းအတွင်းသို့ လွှတ်တင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**Taiwan Develops Hypersonic Cruise Missile with Range of Over 2000 km ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ဖောင်းပြင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၀၉၄၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မော်လိုက် ဇန်နဝါရီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲ ၁၀၉၄၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၁၅၁၆ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၀၉၄၄ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဖောင်းပြင်မြို့နယ်မှာ မြေပဲ ၁၁၅၁၆ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၀၉၄၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ မြေပဲ စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက် တစ်နှစ် ပိုမိုတိုးတက်လာပါတယ်" ဟု မော်လိုက်ခရိုင်စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

ဖောင်းပြင်မြို့နယ်၌ မြေပဲ စိုက်ပျိုးရာတွင် တစ်ဧကလျှင် မျိုးတစ်တင်းခွဲ စိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေသြဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ငွေကျပ် နှစ်သိန်းကျော် ကုန်ကျကြောင်း၊ မြေပဲတစ်ဧက စိုက်ပျိုးပါက တင်းရေ ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲများ တိုးချဲ့စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံအတွင်း ဆီစားသုံးမှုဖူလုံစေပြီး ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သည့် ဝယ်လိုအားမျှတလာကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည် ဖြစ်သောကြောင့် ယခုထက် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

# မြန်အောင်မြို့နယ်တွင် ဒေသထွက်ခရမ်းသီးများ အရောင်းအဝယ်ကောင်းမွန်နေ

**မြန်အောင် ဇန်နဝါရီ ၈**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်မှ ဒေသထွက် ခရမ်းသီးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း မြန်အောင်မြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီတာက ပြောပြသည်။

မြန်အောင်မြို့နယ်တွင် ဒေသထွက် ခရမ်းသီးများ ထွက်ရှိပြီး ယခုနှစ် ဇန်နဝါရီလမှ စတင်ကာ ယနေ့ထိ ခရမ်းသီးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသမှ ထွက်ရှိသည့် ခရမ်းသီးများ တစ်ရက်လျှင် အလုံးရေ ၄၀၀၀၀ မှ ၅၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"မြန်အောင်မြို့နယ်ကနေ ထွက်ရှိတဲ့ ခရမ်းသီးတွေ အရောင်းအဝယ် ကောင်းမွန်နေပါတယ်။ အခြားဒေသကုန်စိမ်းဈေးကွက်က ဝယ်လက်တွေက ဝယ်ယူမှု များနေပါတယ်။ မြန်အောင်မြို့နယ်ကနေ အခြားဒေသတွေကို ခရမ်းသီး အလုံးရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနေရပါတယ်။ ဒေသထွက် ခရမ်းသီးတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေး ကောင်းမွန်တာတွေ့ရပါတယ်။ ဒီနှစ် ခရမ်းသီးတွေက အရည်အသွေးကောင်းသလို အထွက်နှုန်း ကောင်းပါတယ်။ လက်ရှိ ခရမ်းအဝိုင်းသီးကော၊ အရှည်သီးကော အမျိုးအစား နှစ်ခုစလုံး အရောင်းအဝယ် ကောင်းမွန်နေတာပါ"ဟု မြန်အောင်မြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီတာက ပြောပြသည်။



မြန်အောင်မြို့နယ်တွင် စိုက်ပျိုးထွက်ရှိပြီး အရောင်းအဝယ် ကောင်းမွန်နေသည့် ခရမ်းသီး အလုံးရေ ၁၀၀ လျှင် ငွေကျပ် ၁၁၀၀၀ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဒေသထွက် ခရမ်းသီးများ အပါအဝင် အခြားကုန်စိမ်းများကို မြန်အောင်ဈေးကွက်အပြင် ပုသိမ်၊ ရေကြည် စသည့် ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း မြန်အောင်မြို့နယ် ကုန်စိမ်းမျိုးစုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သီတာက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ညောင်လေးပင်မြို့နယ် သာလူကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ညောင်လေးပင် ဇန်နဝါရီ ၈**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရှမ်းရွာကျေးရွာအုပ်စု သာလူကုန်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်လေးပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်းက မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်း ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေ ပြည်သူများ လိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့က မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ခရိုင်ဦးစီးမှူး၊ မြို့နယ် ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက သာလူကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၇၄ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၃၀ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ကျပ် ၄၈၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ညောင်လေးပင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်းထံမှ သိရသည်။

**ချိုသန်းညွန့်**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၈-၁-၂၀၂၅

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| ရွှေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၇၂၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၃၃၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၇၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၁၀၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၂၀၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# နိုင်ငံ၏စီးပွားရေးကိုအထောက်အကူပြုစေမည့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းခရီးသွားများ လွယ်ကူချောမွေ့စွာခရီးသွားလာနိုင်ရေးနှင့် ပြည်ပခရီးသည်များပိုမိုလာရောက်ရေးတို့ကို အခြားနိုင်ငံများနည်းတူ အလေးထားဆောင်ရွက်




**နေပြည်တော် ဇန်နဝါရီ ၈**

အမျိုးသား ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၅) အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ကျင်းပရာ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဗဟိုကော်မတီ အကြံပေးပုဂ္ဂိုလ်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ ခရီးသွားလုပ်ငန်းဆိုင်ရာတတ်သိပညာရှင်များ၊ ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များနှင့် စီးပွားရေးရာဝန်ကြီးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက ယနေ့အစည်းအဝေးကို (၁/၂၀၂၄)ကြိမ်မြောက် ဗဟိုကော်မတီအစည်းအဝေးမှ ထွက်ပေါ်လာသည့်ဆွေးနွေးတင်ပြချက်များ၊ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုအခြေအနေများကို သိရှိသုံးသပ်နိုင်ရန်နှင့်ခရီးသွားရာသီကာလတွင်နိုင်ငံတကာခရီးသွားဧည့်သည်များ ပိုမိုရောက်ရှိရေး၊ ဝန်ကြီးဌာနနှင့်အတူ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အရှိန်မြှင့်ဆောင်ရွက်နိုင်ရေး ဆွေးနွေးအဖြေရှာရန် ကျင်းပခြင်းဖြစ်ကြောင်း။

ကမ္ဘာ့ဒေသအသီးသီးတွင် ခရီးသွားဧည့်သည်များ ပိုမိုရောက်ရှိလာစေရန်အတွက် ခရီးသွားလုပ်ငန်းကဏ္ဍ စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံမှုများတိုးချဲ့မှု၊ visa ဖြေလျှော့မှုလေကြောင်းလိုင်းများ တိုးချဲ့ပျံသန်းမှု၊ ဈေးကွက်မြှင့်တင်ရေး ပိုမိုလုပ်ဆောင်မှု၊ ခရီးစဉ်ဒေသများတွင် ခရီးသွားထုတ်ကုန်များဖော်ထုတ်မှု၊ events များ လက်ခံကျင်းပမှုစသည့်အစီအစဉ်များချမှတ်ဆောင်ရွက်လာကြသည်ကိုတွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံ၏စီးပွားရေးကို အထောက်အကူပြုစေမည့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ပြည်တွင်းခရီးသွားများ လွယ်ကူချောမွေ့စွာ ခရီးသွားလာနိုင်ရေးနှင့် ပြည်ပခရီးသည်များ ပိုမိုလာရောက်ရေးတို့ကို အခြားနိုင်ငံများနည်းတူ အလေးထားဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်ပြီး မိမိတို့၏ ဒေသထွက်ကုန်ပစ္စည်းများ၊စားသောက်ကုန်များ၊ အမှတ်တရလက်ဆောင်ပစ္စည်းများကို တွင်တွင်ကျယ်ကျယ်အသုံးပြုပြီး ထိုမှတစ်ဆင့် ကုန်ချောပစ္စည်းများ ပိုမိုထုတ်လုပ်နိုင်ရေး၊လိုအပ်သည့်နည်းစနစ်များ၊ဗဟုသုတများနှင့်သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲ၊ ပြပွဲပြိုင်ပွဲများအား သက်ဆိုင်ရာတိုင်းဒေသကြီး၊ပြည်နယ်များတွင် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

သက်ဆိုင်ရာ တိုင်းဒေသကြီး၊ပြည်နယ်အလိုက်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီများအနေဖြင့် ခရီးသွားလုပ်ငန်းကော်မတီ၏ဦးဆောင်မှုနှင့်ခရီးစဉ်ဒေသများရေရှည်ဖွံ့ဖြိုးရေး၊သန့်ရှင်းသာယာလှပရေး၊ ဒေသထွက်အစားအသောက်များ၊ တိုင်းရင်းသားရိုးရာအစားအစာများ၊ကျန်းမာရေးနှင့်ညီညွတ်မှုရှိပြီးအဆင့်မီစွာဖြင့် ဝန်ဆောင်မှုပေးနိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ဒေသခံများနှင့်လက်တွဲပြီး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန်လိုကြောင်း၊ မြန်မာနိုင်ငံ၏ ခရီးစဉ်များသည်လုံခြုံစိတ်ချဘေးအန္တရာယ်ကင်းစွာ သွားလာလည်ပတ်နိုင်သည့်ပကတိအခြေအနေမှန်ကို ခရီးသွားများအချိန်တိုတိုအတွင်း ထိထိရောက်ရောက်သိရှိအောင် အဓိကထားဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ မိမိတို့နိုင်ငံ၏ထူးခြားသည့် ခရီးသွားထုတ်ကုန်နှင့်ဝန်ဆောင်မှုများကိုလည်း Digital Platform များမှတစ်ဆင့် ကမ္ဘာ့ခရီးသွားအသိုက်အဝန်းက သိရှိနိုင်ရန် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်က ယခင်ကျင်းပခဲ့သည့် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီအစည်းအဝေးများမှ ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကဏ္ဍ၏ လက်ရှိအခြေအနေများနှင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီအတွင်းရေးမှူး ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက ဗဟိုကော်မတီ (၁/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်လျက်ရှိသည့်အခြေအနေနှင့် ဗဟိုကော်မတီသို့တင်သွင်းလာသည့် အမှာစာများကို ဖတ်ကြားတင်ပြပြီး အတည်ပြုချက်ရယူသည်။

ဆက်လက်၍ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ ဗဟိုကော်မတီအကြံပေးပုဂ္ဂိုလ်၊ နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စီးပွားရေးရာဝန်ကြီးများ၊ ပုဂ္ဂလိကခရီးသွားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ခရီးသွားလုပ်ငန်းတတ်သိပညာရှင်များနှင့် တာဝန်ရှိသူများက ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြရာ ဗဟိုကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အမျိုးသားအဆင့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၈**

အမျိုးသားအဆင့် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်တို့မှ တာဝန်ရှိသူများ၊ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေလွှမ်းခြုံမှုနှင့် ပတ်သက်၍ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အသက် ခြောက်လမှ ရှစ်နှစ်အရွယ်ထိ ၃၅ ဒသမ ၂၄ ရာခိုင်နှုန်းရှိကြောင်း၊ ၎င်းတို့အနက်အသက် သုံးနှစ်မှ ငါးနှစ်ထိ၂၂ ဒသမ ၄၄ ရာခိုင်နှုန်းရှိပြီး အသက် ခြောက်နှစ်မှ ရှစ်နှစ်ထိ ၈၃ ဒသမ ၁ ရာခိုင်နှုန်းရှိသည်ကို တွေ့ရကြောင်း၊ထို့ကြောင့်မြို့နယ် တစ်မြို့နယ်တွင် စံပြမူလတန်းကြိုကျောင်းတစ်ကျောင်း ရှိရန်လိုအပ်သောကြောင့် ဆောက်လုပ်ရန် စီမံကိန်းကို ထည့်သွင်းရေးဆွဲထားကြောင်း၊ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းဗဟိုကြီးကြပ်ရေးအဖွဲ့၏“ရန်ပုံငွေဆိုင်ရာဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများ”ကို အတည်ပြုထုတ်ပြန်နိုင်ခဲ့ပြီး ရန်ပုံငွေထိန်းသိမ်းရေးနှင့်စီမံခန့်ခွဲရေးအဖွဲ့ကိုလည်းဖွဲ့စည်းနိုင်ခဲ့ကြောင်း၊ ဗဟိုကြီးကြပ်ရေးအဖွဲ့အနေဖြင့် ကောက်ခံရမည့် အခကြေးငွေများအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ရယူနိုင်ရေး





ဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီး၊ ပြည်နယ် ကြီးကြပ်ရေးအဖွဲ့များအနေဖြင့်လည်းထုတ်ပြန်ထားပြီးဖြစ်သည့် ဘဏ္ဍာရေးလုပ်ထုံး၊ လုပ်နည်းများနှင့်အညီ စနစ်တကျဆောင်ရွက်သွားရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အမျိုးသားအဆင့်ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများနှင့်အဖွဲ့ဝင်များက ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးရေးဆိုင်ရာများကိုလည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူးများကိုယ်စား လူမှုဝန်ထမ်းရုံးညွှန်ကြားရေးမှူးက နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ကလေးသူငယ်ဖွံ့ဖြိုးရေးကဏ္ဍ ဆောင်ရွက်နေမှုများကိုလည်းကောင်း ဆွေးနွေးတင်ပြကြရာ တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အခြေခံမဲစာရင်းတွင် ပါဝင်ရမည့် လူဦးရေစာရင်းများဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၈**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အိမ်ထောင်စုအမှတ်စဉ်များ ဖြည့်သွင်းနိုင်ရေးနှင့် လူဦးရေစာရင်းများ မြေပြင်စိစစ်အတည်ပြုနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲအတွက် အဘက်ဘက်မှ အသင့်ဖြစ်နေစေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲတစ်ခုတွင် မဲစာရင်းပြည့်စုံမှန်ကန်ရေးသည် အဓိကကျပါကြောင်း၊ ကော်မရှင်အနေဖြင့် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးဗဟိုကော်မတီက ပေးပို့လာသည့် လူဦးရေစာရင်းများကို ဗဟိုမဲဆန္ဒရှင်စာရင်းများစီမံခန့်ခွဲမှုစနစ် (CVLMS)အတွင်း ထည့်သွင်းပြုစုထားပြီးဖြစ်ပါကြောင်း။

ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းပြုစုရာတွင် မဲရုံအလိုက်ပြုစုရမည်ဖြစ်ပါကြောင်း၊ မဲရုံအလိုက်မဲစာရင်းများပြုစုရာ၌ မဲရုံတွင်မဲပေးရမည့်နယ်မြေသတ်မှတ်ချက်အတိုင်း ပြုစုရပါကြောင်း၊ နယ်မြေသတ်မှတ်သည့်အခါတွင်လည်း မဲဆန္ဒရှင်များ၏နေရပ်လိပ်စာအပေါ်အခြေခံပြီး ခွဲဝေသတ်မှတ်ခြင်းဖြစ်ပါကြောင်း၊ နယ်မြေသတ်မှတ်ချက်တွင်ပါဝင်သည့် အိမ်ထောင်စုအားလုံးသည် အစီအစဉ်တကျပါဝင်ရန် လိုအပ်ပါကြောင်း၊ အစီအစဉ်တကျ ပါဝင်ရန်အတွက် အိမ်ထောင်စုအမှတ်စဉ်များ လိုအပ်ပါကြောင်း၊ အိမ်ထောင်စု အမှတ်စဉ်များသည် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စုအတွင်းရှိ အိမ်အမှတ်၊ လမ်း၊ နယ်မြေ၊ အပိုင်း၊ ရွာခွဲများအလိုက် အစီအစဉ်တကျဖြစ်ရန် လိုအပ်ကြောင်း၊ သို့ဖြစ်၍ အိမ်ထောင်စုအမှတ်စဉ်များကို နေရပ်လိပ်စာအစဉ်အတိုင်း သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များက ဖြည့်သွင်းဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ဆောင်ရွက်ရာတွင် ကော်မရှင်နှင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတို့သည် လက်တွေ့ကျကျ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မဲစာရင်းပြည့်စုံမှန်ကန်ရေး၊ မဲဆန္ဒရှင်များ အဆင်ပြေစွာမဲပေးနိုင်ရေးနှင့် လူဦးရေစာရင်းများကို မြေပြင်စိစစ်အတည်ပြုနိုင်ရေး စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည့်အတွက် အရေးကြီးသည့်လုပ်ငန်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများထံမှလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများ တောင်းခံသွားကြရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။



ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးက မြေပြင်စိစစ်အတည်ပြုနိုင်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍တင်ပြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ရွေးကောက်ပွဲကော်မရှင်၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအပေါ် လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းစိုးက အခြေခံလူဦးရေစာရင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ချက်၊ တွေ့ရှိချက်များနှင့် လုပ်ငန်းလိုအပ်ချက်များကိုလည်းကောင်း၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် အီလက်ထရောနစ်မှတ်ပုံတင်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက လုပ်ငန်းလိုအပ်ချက်များအပေါ် ဆောင်ရွက်မည့် အစီအမံများကိုလည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်က သတ်မှတ်မဲရုံအလိုက် မဲစာရင်းပြုစုရာတွင် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၏ အိမ်ထောင်စုအမှတ်စဉ်များ သတ်မှတ်ဖြည့်သွင်းနိုင်ရေးဆောင်ရွက်ရမည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ထို့နောက် တက်ရောက်လာသူများက ရှင်းလင်းဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှတာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများမှ ရွေးကောက်ပွဲအရာရှိများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ(၁/၂၀၂၅) အစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၈**

ပြည်ထောင်စုအဆင့် MSMEထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ (၁/၂၀၂၅)အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာနရုံးအမှတ်(၃၀)အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

အစည်းအဝေးသို့ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးများက Virtual စနစ်ဖြင့် ပါဝင်တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲအောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေးအတွက် တက်ရောက်လာကြသည့် ဆပ်ကော်မတီဥက္ကဋ္ဌများနှင့်ကိုယ်စားလှယ်များ၏အဆိုပြုတင်ပြလာမှုကိုအတည်ပြုပြီးပါက ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်အလိုက် စတင်ဆောင်ရွက်ကြရန်လိုကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များကလည်း ဒေသတွင်း MSME များ၏ ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ်မြှင့်တင်နိုင်ရန်၊ ပြည်ပသို့ ဈေးကွက်ချဲ့ထွင်နိုင်ရန်အတွက်ဒေသထွက်ကုန်များကို ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲတွင် လာရောက်ယှဉ်ပြိုင်ပြသရောင်းချခြင်းသည် အကျိုးရှိမည်ဟုယုံကြည်ကြောင်း၊ ယခုဆွေးနွေးပွဲတွင် ကျင်းပရေးဦးစီးကော်မတီ၏ အတည်ပြုဆုံးဖြတ်ရန်ကိစ္စရပ်များကိုဆွေးနွေးအတည်ပြုမည်ဖြစ်သောကြောင့် တင်ပြလိုသည်များကို ပွင့်ပွင့်လင်းလင်းနှင့် လိုအပ်သည်များကို ဝိုင်းဝန်းအကြံပြုပေးရန် ပြောကြားသည်။

ထို့နောက်နေပြည်တော်ကောင်စီဥက္ကဋ္ဌက MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပနိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကိုတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီးများ၊ဆပ်ကော်မတီဥက္ကဋ္ဌများ၊တိုင်းဒေသကြီး၊ပြည်နယ် MSME အေဂျင်စီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ဆပ်ကော်မတီများဖွဲ့စည်းမှု၊ ဆပ်ကော်မတီအလိုက် အဆိုပြုဖွဲ့စည်းမိန့်နှင့် ဆောင်ရွက်မည့်လုပ်ငန်းတာဝန်များ၊ ပြခန်းများနေရာချထားမှုနှင့်ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ပြခန်းများနှင့် ရိုးရာအစားအသောက်ခန်းများ ပါဝင်ပြသရောင်းချမည့် အခြေအနေများကို ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေး ခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊ မမှန်စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့် အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါ ယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ သီရိလင်္ကာနိုင်ငံ သမ္မတ မစ္စတာအနူရာကုမာရဒစ်ဆာနာယကထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ၇၇ နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ဆုမွန်ကောင်းများပို့သအပ်ပါသည်။

မိမိတို့နှစ်နိုင်ငံအကြားသမိုင်းဝင်ဆက်ဆံရေးသည် ရှေးရာစုနှစ်များစွာကတည်းက တည်ရှိခဲ့ပါသည်။ လွတ်လပ်ရေးရပြီးခေတ်နောက်ပိုင်းတွင် ဗုဒ္ဓဘာသာထုံးတမ်းအစဉ်အလာများနှင့် ယဉ်ကျေးမှုတို့တွင် နက်ရှိုင်းစွာအခြေခံလျက် ကဏ္ဍပေါင်းစုံနှင့် ခိုင်မာသည့်မိတ်ဖက်ဆက်ဆံရေးတို့ဖြင့် သံတမန်ဆက်ဆံရေးအား ဆယ်စုနှစ် ခုနစ်ခုကျော်တည်ဆောက်ထားရှိပါသည်။ မိမိတို့၏နီးကပ်သော ယဉ်ကျေးမှုဆိုင်ရာ ဆက်သွယ်ဆောင်ရွက်မှုနှင့် ပြည်သူများအကြားခိုင်မာသော ထိတွေ့ဆက်ဆံမှုတို့ကြောင့် မိမိတို့နှစ်နိုင်ငံပြည်သူများအနေဖြင့် များစွာအကျိုးခံစားရလျက်ရှိပါသည်။

မြန်မာနိုင်ငံ၏လွတ်လပ်ရေးနေ့ကို မိမိတို့ကဂုဏ်ပြုသည့်အနေဖြင့် မိမိတို့၏ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာစေရန်နှင့် ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများတွင် မိမိတို့၏ ကြိုးပမ်းအားထုတ်မှုများခိုင်မာစေရန်အတွက် အဆွေတော်နှင့် နီးကပ်စွာလက်တွဲဆောင်ရွက်သွားမည်ဟု ထပ်လောင်းကတိကဝတ်ပြုပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်းနှင့် မြန်မာပြည်သူများဆက်လက်၍ ငြိမ်းချမ်းပြီးသာယာဝပြောမှုများပါစေကြောင်း ဆုမွန်ကောင်းများပို့သအပ်ပါသည်။

➢ ➢ ➢

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး နိုင်ငံခြားရေးဝန်ကြီးဌာန ဦးသန်းဆွေထံသို့ သီရိလင်္ကာနိုင်ငံ နိုင်ငံခြားရေး၊ ပြည်ပအလုပ်အကိုင်ရေးရာနှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး မစ္စတာဗီဂျစ်သာဟီရတ်ထံမှပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ၇၇ နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်ထံသို့ မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူကြောင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

သီရိလင်္ကာနှင့် မြန်မာနိုင်ငံတို့သည် ကာလရှည်တည်တံ့လျက်ရှိသည့် ဗုဒ္ဓဘာသာအမွေအနှစ်၊ နက်ရှိုင်းသောယဉ်ကျေးမှုဖလှယ်သည့်သမိုင်းကြောင်းနှင့် ခိုင်မာသောပြည်သူအချင်းချင်းထိတွေ့ဆက်ဆံမှုတို့အပေါ် အခြေခံသည့်နှစ်နိုင်ငံဆက်ဆံရေးကိုထိန်းသိမ်းထားရှိပါသည်။ သံတမန်ဆက်ဆံရေးတည်ထောင်မှု ၇၅ နှစ်ကျော်ရှိလာပြီဖြစ်ရာ မိမိတို့၏နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကဏ္ဍတွင် ကုန်သွယ်ရေး၊ စိုက်ပျိုးရေး၊ ကာကွယ်ရေး၊ ခရီးသွားလာရေး၊ ပညာရေးနှင့် ယဉ်ကျေးမှုတို့ ပါဝင်လျက်ရှိပါသည်။ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများတွင် မိမိတို့၏ဆက်ဆံရေးသည် ကုလသမဂ္ဂ၊ ဘင်္ဂလားပင်လယ်အော်ဒေသအတွင်း ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ်(ဘင်းမ်စတက်)နှင့် အာဆီယံဒေသတွင်းဖိုရမ်(အေအာရ်အက်ဖ်)တို့တွင် မိမိတို့၏ပူးပေါင်းဆောင်ရွက်မှုများက ထင်ဟပ်ဖော်ပြလျက်ရှိပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ၇၇ နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် မြန်မာပြည်သူများ တိုးတက်၍ သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းများပို့သအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်းနှင့် ကျန်းမာ၍ကောင်းကျိုးများရရှိပါစေကြောင်း ဆုမွန်ကောင်းများပို့သအပ်ပါသည်။

# တာဝန်မှ အနားယူခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
**အမိန့်အမှတ်(၅/၂၀၂၅)**
၁၃၈၆ ခုနှစ် ပြာသိုလဆန်း ၁၀ ရက်
(၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၈ ရက်)

**တာဝန်မှ အနားယူခွင့်ပြုခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ဝင် ဦးစိုင်းလုံးဆိုင်အား ကျန်းမာရေးအရ တာဝန်မှ အနားယူခွင့်ပြုလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

# မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို) ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ နှစ်သစ်ကြိုဆိုပွဲ တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၈**

မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း (ဗဟို)ဒုတိယဥက္ကဋ္ဌနှင့် မူဆယ်ရုံးခွဲဥက္ကဋ္ဌ ဦးရှင်ဖူးနှင့် အလုပ်အမှုဆောင်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တယ်ဟုန်ပြည်နယ်ခွဲအစိုးရအဖွဲ့၏ ဖိတ်ကြားချက်အရ ဇန်နဝါရီ ၅ ရက်က တယ်ဟုန်ပြည်နယ်ခွဲ ရွှေလီမြို့၌ ကျင်းပခဲ့သည့် ရွှေလီ-မူဆယ် နယ်စပ်ဖြတ်ကျော် မာရသွန်အပြေးပြိုင်ပွဲသို့ တက်ရောက်အားပေးခဲ့သည်။

ထို့အတူ မြစ်တစ်စင်း၏ သံယောဇဉ်-မိသားစုတစ်ခု၏မေတ္တာ ၂၀၂၅ ခုနှစ် နယ်စပ်ဖြတ်ကျော် နှစ်သစ်ကြိုဆိုပွဲကိုလည်း တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရခိုင်ပြည်နယ်မှ ရန်ကုန်တိုင်းဒေသကြီးအတွင်း တွဲဖက်တာဝန်ချထားသည့် ဝန်ထမ်းများနှင့် တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၈**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မိုးမြင့်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ရခိုင်ပြည်နယ်မှ တွဲဖက်တာဝန်ချထားသည့်ဝန်ထမ်းများကို မြောက်ပိုင်းခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ကျင်းပပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းပြည့်စုံမှန်ကန်စေရေး မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှု ဗဟိုကော်မတီကပေးပို့လာသော e-ID လူဦးရေစာရင်းများကို ဗဟိုမဲဆန္ဒရှင်စာရင်းစီမံခန့်ခွဲမှုစနစ် CVLMS သို့ထည့်သွင်းဆောင်ရွက်နေမှုအခြေအနေများနှင့် ဝန်ထမ်းများ၏ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအတွင်းတွဲဖက်တာဝန်ချထားသည့် ရခိုင်ပြည်နယ်အတွင်းရှိရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ အရာထမ်း၊ အမှုထမ်းတို့က လိုအပ်သည်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ပြန်လည်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





**ရှေ့ဖုံးမှအဆက်**

ဒီရေတောများသည် အဏ္ဏဝါဂေဟစနစ်ကိုတည်ငြိမ်မှုအတွက် အရေးပါသည့် ဂေဟစနစ်တစ်ခုဖြစ်ခြင်း၊ ရာသီဥတုပြောင်းလဲမှုအား ထိန်းညှိပေးနိုင်ခြင်းနှင့် မြေတိုက်စားမှုနှင့် ကမ်းပါးပြိုမှုများကဲ့သို့သောသဘာဝဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်သည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

# မကွေးတိုင်းဒေသကြီးအတွင်းရှိ သံဃာ့အဖွဲ့အစည်းများမှ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲအခမ်းအနားကျင်းပ



**မကွေး ဇန်နဝါရီ ၈**

မကွေးတိုင်းဒေသကြီးအတွင်းရှိသံဃာ့အဖွဲ့အစည်းများမှ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် မကွေးမြို့ သံဃာရာမကျောင်းတိုက်၌ကျင်းပရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ မကွေးမြသလွန်စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ မကွေးမြို့ သံဃာရာမစာသင်တိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တစိန္တာသာရ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ဘဒ္ဒန္တဥတ္တရ၊ မကွေးမြို့ မြသလွန်စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဩဝါဒါစရိယဆရာတော်များ၊ မကွေးမြို့ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတိုက် ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တအဂ္ဂဓမ္မနှင့် မကွေးမြို့မဟာဝိသုတာရာမစာသင်တိုက်ဆရာတော် ဘဒ္ဒန္တကုဏ္ဍလတို့ တက်ရောက်ချီးမြှင့်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် မကွေးမြို့သံဃာရာမစာသင်တိုက်ဆရာတော် ဘဒ္ဒန္တစိန္တာသာရထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားသရဇ္ဈာယ်မှုသောမေတ္တာသုတ်ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်က ဝမ်းမြောက်စကားလျှောက်ထားသည်။

ယင်းနောက် မကွေးမြို့ သံဃာရာမစာသင်တိုက်ဆရာတော် ဘဒ္ဒန္တစိန္တာသာရ၊ မကွေးမြို့ မဟာဓမ္မိကာရာမတိုက်ဆရာတော် ဘဒ္ဒန္တဥတ္တရ၊ တောင်တွင်းကြီးမြို့ ငှက်ပစ်တောင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တမာနိတတို့က ဩဝါဒစကားမိန့်ကြားကြသည်။

ထို့နောက် ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ရေစက်ချအနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၁

**(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၂

**(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

**(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

**(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

**(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

**(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၁

**(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

**(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

**(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

**(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၅

**(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIMCard၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာရေးစုံညီပွဲတော်ကို ကျိုင်းတုံမြို့ရှိ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပပြုလုပ်

**နေပြည်တော် ဇန်နဝါရီ ၈**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာရေးစုံညီပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့်အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ဆရာ၊ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား၊ကျောင်းသူများက ဘင်ခရာတီးဝိုင်းဖြင့် နိုင်ငံတော်အလံကို အလေးပြုကြပြီး "ကြိုဆိုပါသည် စုံညီပွဲတော်" သီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။ ထို့နောက် တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ပညာရေး



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင် ထူးချွန်ဆုရရှိသူတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။

စုံညီပွဲတော်အတွက် ချီးမြှင့်ငွေများ ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။ယင်းနောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက ပြည်နယ်အဆင့် ထူးချွန်ဆုရရှိသူများ၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိခဲ့သူများ၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် အတန်းလိုက်ပညာရည်ချွန်ဆုရရှိသူများနှင့် မြို့နယ်အဆင့် ထူးချွန်ဆုရရှိသူ ကျောင်းသား၊ကျောင်းသူများကို ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

၎င်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကျောင်းသား၊ ကျောင်းသူများ၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြပြီး သင်ထောက်ကူပြခန်းနှင့် သိပ္ပံပြခန်းများအတွင်း ခင်းကျင်းပြသထားသည့်ပစ္စည်းများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် ဒေသတွင်းအသားကဏ္ဍ တိုးချဲ့မွေးမြူနိုင်ရေးနှင့် သင့်တင့်သောဈေးနှုန်းဖြင့် ဖြန့်ဖြူးနိုင်ရေး ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး ကွင်းဆင်းဆောင်ရွက်



**နေပြည်တော် ဇန်နဝါရီ ၈**

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးသည် ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ညောင်နှစ်ပင်မွေးမြူရေးဇုန်(၃)ရှိ SUNJIN Myan-marCo.,Ltd ၏ အအေးခန်းမွေးမြူရေးစနစ်(Cooling System)မျိုးဝက်မွေးမြူရေးခြံသို့သွားရောက်ကြည့်ရှုရာ ခြံတာဝန်ခံက မွေးမြူရေးခြံအတွင်း မျိုးဝက်မအကောင် ၁၂၀၀၊ မျိုးဝက်သိုးအကောင်၂၀ မွေးမြူထားရှိမှုနှင့် တစ်နှစ်လျှင် သားပေါက်ကောင်ရေ ၃၀၀၀၀ ကျော်ရောင်းတန်းဝင်အဖြစ် ဖြန့်ဖြူးပေးနေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မွေးမြူရေးလုပ်ငန်းရှင် ဦးလီဟိုက်ချိန်၏ ဥစားကြက်မွေးမြူရေးခြံရှစ်ခြံတွင်ဥစားကြက်ကောင်ရေ ၁၀၀၀၀၀ ကို အအေးပေးအလုံပိတ်စနစ် အစာကျွေးမှုစနစ် (Evaporative Cooling Sy-stem)ဖြင့်မွေးမြူထားရှိမှုနှင့် တစ်နှစ်လျှင် ကြက်ဥ ၂၉ သန်းကျော် ဖြန့်ဖြူးပေးနေမှု အခြေအနေများကိုလည်းကောင်း၊ မှော်ဘီမြို့နယ် ညောင်ကုန်းကျေးရွာFeed MAS Livestock Co., Ltd ၏ ဥစားကြက်မွေးမြူရေးခြံ(ဝါးနက်ချောင်း)တွင် အအေးပေးအလုံပိတ်စနစ် (Evaporative Cool-ing System)ဖြင့် LOHMANN BROWNY ဥစားကြက်ကောင်ရေ ၈၆၈၉၃ ကောင်မွေးမြူနေမှုနှင့် တစ်နှစ်လျှင် ကြက်ဥ ၁၂ ဒသမ ၆ သန်း ထုတ်လုပ်ဖြန့်ဖြူးပေးနေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ယင်းနောက် ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးဇုန်အုပ်ချုပ်မှုရုံး၌ မွေးမြူရေးတောင်သူများနှင့်တွေ့ဆုံ၍ နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အသားကဏ္ဍတိုးတက်ထုတ်လုပ်နိုင်ရေးအတွက် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာရန် လိုအပ်နေမှု၊မွေးမြူရေးကိုအခြေခံသည့် ခေတ်မီကုန်ချောထုတ်လုပ်မှု အားကောင်းလာစေရန် မွေးမြူရေးကဏ္ဍတွင် ပါဝင်ပတ်သက်သူအားလုံး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များကိုဆွေးနွေးမှာကြားကာ မွေးမြူရေးတောင်သူများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ကင်းသာရေထိန်းတမံ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် ကွင်းဆင်းကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၈**

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက တပ်ကုန်းမြို့နယ် ရေဝေချောင်း(ပိတောက်ချောင်း) နှင့် ကျောက်ဆည်ချောင်း(ငါးရံ့ချောင်း) တို့အပေါ်၌ တည်ဆောက်ထားသော ကင်းသာရေထိန်းတမံတွင် ရေကြီးရေလျှံမှုများကြောင့် ထိခိုက်ပျက်စီးခဲ့မှုအပေါ် ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ် တာဝန်ရှိသူများက တမံရေဝင်ချောင်း တစ်ခုဖြစ်သည့် ပိတောက်ချောင်းမှ အခြားရေဝင်ချောင်းတစ်ခုဖြစ်သည့် ငါးရံ့ချောင်းအတွင်းသို့ ရေလွှဲမြောင်းဖောက်လုပ်နေမှု၊ တမံ၏ မူလရေလှောင်ပမာဏ ပြန်လည်ပြည့်မီသိုလှောင်နိုင်ရေးအတွက် ရေဝပ်ဧရိယာအတွင်းမှ သဲနုန်းများတူးဖော်ဖယ်ရှားနေမှု၊ ရေထုတ်ပြွန်နှင့် တမံပိုမိုခိုင်ခံ့စေရန် ကွန်ကရစ်လောင်းနေမှုနှင့်သတ်မှတ်ထားသည့် ရေလမ်းကြောင်းနေရာတူးဖော်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက နောင်ရေကြီးရေလျှံမှုဖြစ်စဉ်များ ဖြစ်ပွားပါက တမံဘေးကင်းလုံခြုံပြီး ရေရှည်ကြံ့ခိုင်စေရေးအတွက် စံချိန်စံညွှန်းအရည်အသွေးပြည့်မီအောင်ဆောင်ရွက်ရန်နှင့် အချိန်မီပြီးစီးအောင်ဆောင်ရွက်ရန်၊ ဆည်ရေ



သောက်ဧရိယာအတွင်းရှိ လယ်မြေများ စိုက်ပျိုးရေအခက်အခဲမရှိ ပေးဝေနိုင်ရေး အတွက် ကြိုတင်စီမံဆောင်ရွက်ပေးရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**






## ဘယ်လာရုစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ရောက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၈**

ဘယ်လာရုစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr.Maxim RYZHENKOV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ည ၉ နာရီ ၁၅ မိနစ်တွင်လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ရောက်ရှိသည်။

နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဖြိုးဝင်း၊ ရန်ကုန်မြို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့အခြေစိုက် ဘယ်လာရုစ်ဂုဏ်ထူးဆောင် ကောင်စစ်ဝန်ရုံးမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင် သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System–CMRS) အပါအဝင်နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၃၀ ရက်မှ ဇန်နဝါရီ ၅ ရက်ထိ နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသောစာရင်းများအရ တရားမဝင်ကျွန်း ၁၄ ဒသမ ၇၅၆၄ တန်၊ သစ်မာ ၃ ဒသမ ၀၆၇၆ တန်၊ အခြား ၂၀ ဒသမ ၇၄၃၆ တန်စုစုပေါင်း ၃၈ ဒသမ ၅၆၇၆ တန်၊ ယာဉ်၊ ယန္တရား ရှစ်စီး၊ တရားခံဦးရေ ၂၀ ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံသစ်တောဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

## မရမ်းကုန်းမြို့နှင့် ကျိုင်းတုံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၈**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၆ ရက် နံနက် ၉ နာရီခွဲတွင် မရမ်းကုန်းမြို့နယ် (၅)ရပ်ကွက်ရှိ စိုးသူအောင် (ခ) ဇင်ဇင်း၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀၊ အိုက်စ် သုည ဒသမ ၉ ကီလိုကိုလည်းကောင်း၊ ဇန်နဝါရီ ၇ ရက် ညနေ ၃ နာရီတွင် ကျိုင်းတုံမြို့ ရပ်ကွက်(၃)ရှိ စိုင်းယီတစ်(ခ)ယီနွဲ့၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရရှိသူ လိုက်နာရမည့်စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့်တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သော တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနက သတ်မှတ်သည့် စာချုပ်စာတမ်းမှတ်ပုံတင်ခတို့ကိုပေးဆောင်၍ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကိုရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(င) စိုက်ပျိုးထုတ်လုပ်မှုအရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကိုပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

(စ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။

(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

(ဇ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လုပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လုပ်ထားရန် အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်ပါက မြေတည်ရှိရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့လုပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက် မပိုစေရ။

(ဈ) လယ်ယာမြေလုပ်ပိုင်ခွင့်မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုဖြစ်ပေါ်နေသောကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

ထို့ပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူမည်သူမဆို သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကို လိုက်နာရမည်။

(လယ်ယာမြေဥပဒေပုဒ်မ ၁၂၊၁၃)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့်စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သောအဖွဲ့အစည်းနှင့်ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

☆ ကျောဖုံးမှအဆက်

ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မင်းဘူးမြို့ မန်းရေနံမြေဝင်းအတွင်း၌ တရားမဝင် ရေနံစိမ်း ၂၃ ဂါလန် ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၅၀၀ ကို ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး ဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၆၀၅၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက်၌ တရားမဝင်ကျွန်းသစ်သုညဒသမ ၁၁၉ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၆၅၀၀ ကို သစ်တောဥပဒေအရလည်းကောင်း၊ ချမ်းအေးသာစံမြို့နယ် ကဉ္စဏမဟီရပ်ကွက်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၇၁၅၀၀ ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၈၈၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇန်နဝါရီ ၇ ရက်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ကြီးနားမြို့ ရန်ကြီးအောင်ရပ်ကွက် အမှတ်(၃၁၆-B)၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ဆိုင်ကယ်အပိုပစ္စည်း ၈၇ မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၆၃၈၀၅၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီးနှင့် မော်တော်ဆိုင်ကယ်ခြောက်စီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့ မြို့ရှောင်လမ်း နောင်နွန်းကျေးရွာအနီး၌မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၅၀၀၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀ ကိုလည်းကောင်း၊ မယ်ယန်းကုန်သွယ်ရေးစခန်းအလွန် မိုင်းကိုးကျေးရွာအုပ်စု ရန်နိုင်(၁)ကျေးရွာအနီး၌ ရပ်တန့်ထားသော မော်တော်ယာဉ် ၁၀စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၃၈ မျိုး၊ လူသုံးကုန်ပစ္စည်း ၁၈ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၈၂၉၄၉၆၃ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck သုံးစီး၊ Mit-subishi Fuso Truck သုံးစီး၊ Isuzu Giga Truck နှစ်စီး၊ Hino Profia Truck တစ်စီး၊ စက်မှုဇုန်ထုတ်MaharNwe Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၅၀၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၅၇၉၄၉၆၃ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




ကချင်ပြည်နယ်၌ ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။




အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Landcruiserမော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျုံပျော်ခရိုင် ရေကြည်မြို့နယ်၌ တရားမဝင်အခြားသစ် ၁ ဒသမ ၁၇၄ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၉၇၄၆ ကို သစ်တောဥပဒေအရ လည်းကောင်း၊ လပွတ္တာမြို့နယ် (၄)မိုင်စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda ADV မော်တော်ဆိုင်ကယ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀ ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၅၉၇၄၆ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ နေပြည်တော်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တပ်ကုန်းမြို့နယ်၊ လယ်ဝေးမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်ခြောက်စီးနှင့် မော်တော်ဆိုင်ကယ် သုံးစီး ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၀၀၀၀၀၀ ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ပျဉ်းမနားခရိုင်၊ လယ်ဝေးခရိုင်နှင့် ဥတ္တရခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၂ ဒသမ ၅၇၁ တန်၊ အခြားသစ် ၅၂ ဒသမ ၆၈၇ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၅၂၄၈၈ ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၄၅၂၄၈၈ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ၁၃ လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၁ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၉၄၀၆၁၇၈ ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာခြောက်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၆၀၈၇၄၃၈ ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာသုံးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ခုနစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၉၈၀၇၉၃၀ ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၅၃၀၁၅၄၆ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၆ ရက်နှင့် ၇ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်း အမှုတွဲ ၇၂ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၂၁၅၉၅၂၉၃ ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စားပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှု မရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်၍ သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဆီဆိုင်မြို့နယ် ထီစုံကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် နေအိမ်နှစ်လုံး မီးလောင်ပျက်စီးပြီး ပြည်သူများ ထွက်ပြေးတိမ်းရှောင်နေရကြောင်း မဟုတ်မမှန်လုပ်ကြံဝါဒဖြန့်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ထီစုံကျေးရွာကို ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ရာ နေအိမ်နှစ်လုံးမီးလောင်ပျက်စီးပြီး ပြည်သူများထွက်ပြေးတိမ်းရှောင်နေရကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံဝါဒဖြန့်လျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ အကြမ်းဖက်သမားများအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းမှုကိုမလိုလားဘဲ ပြည်သူများနေထိုင်ရာနယ်မြေအတွင်း တိုက်ပွဲများဖော်ဆောင်ခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းနှင့် မီးရှို့ဖျက်ဆီးခြင်းများ ဆောင်ရွက်လျက်ရှိသဖြင့် နယ်မြေခံပြည်သူလူထု၏အသက်၊ အိုးအိမ်၊စည်းစိမ်ဥစ္စာများပျက်စီးဆုံးရှုံးရခြင်းဖြစ်ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကသာ အကြမ်းဖက်သမားများ၏ အဖျက်အမှောင့်လုပ်ငန်းများကြောင့် ပျက်စီးဆုံးရှုံးသွားသည့် အဆောက်အအုံများကို ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိပြီး ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ် စောင့်ရှောက်ပေးလျက်ရှိကြောင်း၊ တရားမဝင်ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ ဥပဒေမဲ့လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် မဟုတ်မမှန်ရေးသားဖြန့်ဝေနေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)



# လော့စ်အိန်ဂျလိစ်မြို့အနီးတွင် တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် လူဦးရေ ၃၀၀၀၀ ကျော် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရ



**ဝါရှင်တန် ဇန်နဝါရီ ၈**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျလိစ်မြို့အနီးတွင် ဇန်နဝါရီ ၇ ရက်က တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် နေအိမ်တချို့ ပျက်စီးခဲ့ရပြီး ဒေသခံ ဦးရေ ၃၀၀၀၀ ကျော် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရကြောင်း ကယ်လီဖိုးနီးယားပြည်နယ် မီးသတ်ဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့ သတင်းများအရ သိရသည်။

တောမီးလောင်ကျွမ်းမှုသည် လော့စ်အိန်ဂျလိစ်မြို့အပြင် ဆန်တာမိုနီကာမြို့နှင့်မာလီဘူမြို့တို့တွင်လည်း ကူးစက်လောင်ကျွမ်းနေပြီး သစ်တောမြေ ဟက်တာ ၂၉၂၁ ဧကထိ ပျက်စီးနေပြီဖြစ်ကြောင်း၊ တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် ပျက်စီးခဲ့သည့် နေအိမ်နှင့်အခြေခံအဆောက်အအုံ ပမာဏကို မသိရသေးဘဲ တောမီး အမြန်ဆုံးထိန်းချုပ်နိုင်ရေးကိုသာ ဦးစားပေး ဆောင်ရွက်လျက်ရှိကြောင်း၊ အရေးပေါ်အခြေအနေဖြင့် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူများကို ကယ်ဆယ်ရေးစခန်းများတွင် နေရာချပေးထားပြီး ဘေးလွတ်ရာ ရွှေ့ပြောင်းရမည့် လူဦးရေ ဆက်လက်မြင့်တက်လာဖွယ်ရှိနေကြောင်း ကယ်လီဖိုးနီးယားပြည်နယ် မီးသတ်ဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

"တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် အခြေခံအဆောက်အအုံတချို့နဲ့ နေအိမ်တချို့ ပျက်စီးခဲ့ပါတယ်။ ပျက်စီးမှုကိုတော့ မစိစစ်ရသေးတဲ့အတွက် မသိရသေးပါဘူး။ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူ အယောက် ၃၀၀၀၀ ကျော် ရှိနေပါပြီ။ တောမီးကူးစက်လောင်ကျွမ်းမှုဟာ လော့စ်အိန်ဂျလိစ်မြို့အပြင် ဆန်တာမိုနီကာမြို့နဲ့ မာလီဘူမြို့တို့မှာလဲ ဖြစ်ပေါ်နေပါတယ်" ဟု ကယ်လီဖိုးနီးယားပြည်နယ် မီးသတ်တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ခရောလေက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# ထိုင်းနိုင်ငံတွင် လေထုညစ်ညမ်းမှုမြင့်တက်လျက်ရှိသဖြင့် တာဝန်ရှိသူများက အနီးကပ်စောင့်ကြည့်ဖြေရှင်းမှုများ ပြုလုပ်လျက်ရှိ

**ဗန်ကောက် ဇန်နဝါရီ ၈**

ထိုင်းနိုင်ငံ မြို့တော်ဗန်ကောက်တွင် မီးခိုးမြူများနှင့် ဖုန်မှုန့်များ ဖုံးအုပ်နေမှုကြောင့် ဇန်နဝါရီ ၇ ရက်က လေထုအတွင်းအမှုန်အမွှား ပါဝင်မှု အနီရောင်အဆင့်သို့ ရောက်ရှိရာ တာဝန်ရှိသူများက အနီးကပ် စောင့်ကြည့်ဖြေရှင်းမှုများ ဆောင်ရွက်လျက်ရှိကြောင်း ဘူမိသတင်းအချက်အလက်နှင့် အာကာသနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီက ထုတ်ပြန်ထားကြောင်း သိရသည်။

ထိုင်းနိုင်ငံတွင် ဇန်နဝါရီ ၇ ရက်က မီးခိုးမြူများ ဖုံးလွှမ်းနေမှုကြောင့် ဗန်ကောက်မြို့အပါအဝင် ခရိုင် ၅၀ စလုံးတွင် လေထုအတွင်း အမှုန်အမွှားပါဝင်မှုသည် အန္တရာယ်ရှိသောအနီရောင်အဆင့်သို့ရောက်ရှိခဲ့ပြီး ၂၄ နာရီအတွင်း တစ်ကုဗမီတာလျှင် ၈၈ ဒသမ ၆ မိုက်ခရိုဂရမ်ပါဝင်ခဲ့ကာ အစိုးရက သတ်မှတ်ထားသော ဘေးကင်းရေးကန့်သတ်ချက်ဖြစ်သည့် တစ်ကုဗမီတာလျှင် ၃၇ ဒသမ ၅ မိုက်ခရိုဂရမ်ထက် နှစ်ဆခန့်ပိုများခဲ့ကြောင်း သိရသည်။



လေထုညစ်ညမ်းမှု ဖြစ်ပွားလျက်ရှိသော ခရိုင် ၅၀ အနက် ဘန်ခွန်လန်ခရိုင်သည် အဆိုးရွားဆုံးအခြေအနေသို့ ရောက်ရှိခဲ့ပြီး လေထုအတွင်း အမှုန်အမွှားပါဝင်မှု တစ်ကုဗမီတာလျှင် ၉၆ ဒသမ ၇ မိုက်ခရိုဂရမ်ထိ ရောက်ရှိနေသကဲ့သို့ အခြားပြည်နယ်များဖြစ်သော နွန်သဘူရီ၊ ဆမတ်ပရာခန်၊ ဆမတ်ဆခွန်၊ ပသမ်သနီပြည်နယ်တို့တွင်လည်း တစ်ကုဗမီတာလျှင် ၇၉ ဒသမ ၁ မိုက်ခရိုဂရမ်မှ ၈၃ ဒသမ ၆ မိုက်ခရိုဂရမ်ကြား ရောက်ရှိနေကြောင်း သိရသည်။

လေထုညစ်ညမ်းမှုကြောင့် ဒေသခံများနှင့်ခရီးသွားများအတွက် ကျန်းမာရေးဆိုင်ရာ ထိခိုက်မှုများ ဖြစ်ပေါ်နိုင်သဖြင့် တာဝန်ရှိသူများက လေထုညစ်ညမ်းမှုမြင့်တက်လျက်ရှိသော ပြည်နယ်များနှင့် ဒေသအများအပြားကို အနီးကပ်စောင့်ကြည့်ဖြေရှင်းမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

Ref : Russia Today

Trs : AZH

# တရုတ်နိုင်ငံ တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ငလျင်ကြောင့် သေဆုံးသူ ၁၂၆ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၁၈၈ ဦးထက်မနည်းရှိလာ

**ပေကျင်း ဇန်နဝါရီ ၈**

တရုတ်နိုင်ငံ တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဇန်နဝါရီ ၇ ရက်က ပြင်းအား ၆ ဒသမ ၈ မဂ္ဂနီကျူရှိသည့် ငလျင်လှုပ်ခတ်မှုကြောင့် သေဆုံးသူ ၁၂၆ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၁၈၈ ဦးထက်မနည်း ရှိလာကြောင်း တိဗက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မီးသတ်နှင့် ကယ်ဆယ်ရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ငလျင်လှိုင်းကြောင့် နေအိမ်များပျက်စီးပြိုကျကာ သေဆုံးသူများပြားလာခဲ့ကြောင်း၊ ရှိဂတ်စ်နယ်မြေအတွင်း ပျက်စီးမှုများခဲ့ပြီး ငလျင်လှိုင်းဒဏ်သင့်ခဲ့သည့် နေအိမ် ၈၀၀၀၀ ကျော်ထိ ရှိခဲ့ကြောင်း၊ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့ရသည့်နေအိမ်များမှ ဒေသခံများကို ယာယီကယ်ဆယ်ရေးစခန်းများတွင် နေရာချပေးထားသော်လည်း အအေးဓာတ်မြင့်မားနေပြီး အပူချိန်မှာ အနုတ် ၆ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိနေကြောင်း တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မီးသတ်နှင့် ကယ်ဆယ်ရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု သိရသည်။

အပူချိန်သည် ညပိုင်းအချိန်တွင် အနုတ် ၁၆ ဒီဂရီစင်တီဂရိတ်ထိ ကျဆင်းနေသည့်အတွက် အနွေးထည်နှင့်စောင်များ လိုအပ်ချက်ရှိနေပြီး တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ အာဏာပိုင်အဖွဲ့အစည်းက ကယ်ဆယ်ရေးစခန်းများသို့ အနွေးထည်နှင့်စောင်များ ကူညီပံ့ပိုးလျက်ရှိကြောင်း မီးသတ်နှင့် ကယ်ဆယ်ရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု သိရသည်။

Ref : Sputnik News

Trs : Sai Sat

# ဂျာမနီနိုင်ငံ၏ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု ၂၀၂၄ ခုနှစ်တွင် ၄၈ ရာခိုင်နှုန်း ကျဆင်းခဲ့

**ဘာလင် ဇန်နဝါရီ ၈**

ဂျာမနီနိုင်ငံ၏ ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုသည် ၂၀၂၄ ခုနှစ်တွင် ၄၈ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ရာသီဥတုဆိုင်ရာ အကြံပေးအဖွဲ့တစ်ဖွဲ့ဖြစ်သော အက်ဂိုရာအဖွဲ့က ဇန်နဝါရီ ၇ ရက်တွင် အစီရင်ခံစာတစ်စောင် ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဂျာမနီနိုင်ငံအနေဖြင့် ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုကို ၁၉၉၀ ပြည့်နှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၃၀ ပြည့်နှစ်တွင် ၆၅ ရာခိုင်နှုန်း လျှော့ချနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း အက်ဂိုရာအဖွဲ့၏ ဒါရိုက်တာ ဆိုင်မွန်မူလာက ပြောကြားခဲ့သည်။

ဂျာမနီနိုင်ငံအနေဖြင့် ရာသီဥတုကာကွယ်ရေး အစီအမံများဖြစ်သည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးပြုမှု တိုးမြှင့်ခဲ့ပြီး လေနှင့်နေရောင်ခြည်သုံး စွမ်းအင် ထုတ်လုပ်မှုကဏ္ဍတွင် စွမ်းအင်ထုတ်လုပ်မှု လုပ်ငန်းများ၏ ၅၅ ရာခိုင်နှုန်းထိ လွှမ်းခြုံထားနိုင်သဖြင့် ရာသီဥတုဆိုင်ရာမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဂျာမနီ စီးပွားရေးဝန်ကြီး ရောဘတ်ဟာဘက်က ကိန်းဂဏန်းများအရ ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုလျှော့ချရေးလုပ်ငန်းများ အောင်မြင်ကြောင်း ပြောကြားခဲ့ပြီး ဓာတ်ငွေ့ထုတ်လွှတ်မှု ဆက်လက်လျော့ကျစေရေးအတွက် ဓာတ်အားသုံးစွဲခများ လျှော့ချခြင်း၊ လျှပ်စစ်နှင့်ပတ်သက်သောအခွန်များ ဖျက်သိမ်းခြင်းနှင့် လျှပ်စစ်ကားများ အသုံးပြုခြင်း အပါအဝင် သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးလုပ်ငန်းများတွင် လျှပ်စစ်နည်းပညာများကို တိုးချဲ့အသုံးပြုရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

Ref : Russia Today

Trs : AZH

# ဘီလီဇီနိုင်ငံ ရေဘေးသင့်တောင်သူများကို တရုတ်(တိုင်ပေ)က ငွေကြေးပံ့ပိုးကူညီ

**ဘယ်လ်မိုပန် ဇန်နဝါရီ ၈**

၂၀၂၄ ခုနှစ် နိုဝင်ဘာလက ဆာရာဟု အမည်ပေးထားသော အပူပိုင်းမုန်တိုင်း ဘီလီဇီနိုင်ငံသို့ ဝင်ရောက်တိုက်ခတ်ခဲ့ပြီး မုန်တိုင်းကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတွင် ကြီးမားသော ပျက်စီးဆုံးရှုံးမှုများဖြင့် ရင်ဆိုင်ခဲ့ရသော တောင်သူများအတွက် တရုတ်(တိုင်ပေ)က ဇန်နဝါရီ ၇ ရက်တွင်အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ ပံ့ပိုးမှု ပြုလုပ်ပေးခဲ့ကြောင်း ဘီလီဇီနိုင်ငံ National Emergency Management Organization (NEMO) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဘီလီဇီနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး(တိုင်ပေ)က တောင်သူများအတွက် ပံ့ပိုးကြေးငွေကို ဘီလီဇီနိုင်ငံ နိုင်ငံခြားရေးနှင့် နိုင်ငံခြားကုန်သွယ်မှုဝန်ကြီးဌာနမှတစ်ဆင့် ပေးအပ်ခဲ့ကြောင်း၊ ဆာရာအပူပိုင်းမုန်တိုင်းကြောင့် ဘီလီဇီရေးဗားချို့ဝှမ်းဒေသနှင့် ခရော့သရီးဒေသတို့တွင် စိုက်ခင်းအမြောက်အမြား ပျက်စီးခဲ့ရပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နေဆဲဖြစ်ကြောင်း သိရသည်။

"ဆာရာ အပူပိုင်းမုန်တိုင်းကြောင့် ဆုံးရှုံးနစ်နာမှုတွေရှိခဲ့တဲ့ တောင်သူတွေအတွက် ဘီလီဇီနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံး(တိုင်ပေ)က ဇန်နဝါရီ ၇ ရက်မှာ အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ ပံ့ပိုးပေးအပ်ခဲ့ပါတယ်" ဟု ဘီလီဇီနိုင်ငံ National Emergency Management Organization (NEMO)မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

ဆာရာ အပူပိုင်းမုန်တိုင်းကြောင့် ဘီလီဇီနိုင်ငံတွင် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူ ၆၇၃၈ ဦးရှိခဲ့ပြီး နေအိမ် ၃၂၂၇ လုံး ပျက်စီးခဲ့ကာ သေဆုံးသူ နှစ်ဦးရှိခဲ့ကြောင်း၊ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူတချို့မှာ ကယ်ဆယ်ရေးစခန်းတွင် နေထိုင်နေရဆဲဖြစ်ပြီး နေရပ်ကိုပြန်နိုင်ခြင်း မရှိသေးကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

ဝတ္ထုတိုကဏ္ဍ

# မမြင်နိုင်သော ကံကြမ္မာ

မောင်နိုင်လင်း(ရိုးရှား)



(၁)

ကျွန်တော်နှင့် ဇနီးဖြစ်သူကေသီ ဝက်ရောင်း၍ ရသောငွေများကိုရေတွက်ရင်းကြည်နူးပျော်ရွှင်နေ၏။

ဇနီးဖြစ်သူကေသီက–

" ကိုကျော်ခန့် ဒီအလုပ်က မဆိုးဘူးတော့ အရင်းသိပ်မစိုက်ရဘဲနဲ့ အမြတ်များများရတယ်။ ဒီတစ်ခါဝက်မွေးရင် တစ်ကောင်တည်းမမွေးနဲ့ သုံးလေးကောင်လောက်မွေး တော့်တစ်ယောက်တည်း မလုပ်နိုင်ရင် ကျုပ်ပါ ထမင်းရည်ကူသယ်ပေးမယ်"

" ငါနိုင်ပါတယ် ကေသီရာ"

"အမှိုက်ထဲကရွှေဖြစ်တယ်ဆိုတာ ဒါမျိုးကို ပြောတာနေမှာ"

"လင်နဲ့မယား လျှာနဲ့သွားတဲ့ လိုက်လဲလိုက်ပါ့တော်။ ရှေ့သွားနောက်လိုက်လည်း ညီပါ့။ ပြောကိုမပြောချင်ဘူး။ ဒါနဲ့ ငါ့မြေး လွင်ဦးကော ဘယ်သွားလဲ မမြင်ပါလား"

အမေသည် ကျွန်တော်တို့အနားသို့ ဆိုင်းမဆင့် ဗုံမဆင့်ရောက်လာ၏။အမေ့အသံ၊အမေ့မျက်နှာသည် မနှစ်မြို့ဟန် သိသာပေါ်လွင်နေ၏။

"လာ ထိုင် အမေ"

"မထိုင်ပါဘူး။ ငါ ငါ့မြေးကို လာခေါ်တာ သူကြိုက်တတ်တဲ့ ငါးဟင်းချက်ထားလို့ ကျွေးမလို့"

"သား မရှိဘူး အမေ။ သံချောင်း လာခေါ်လို့ လိုက်သွားတယ်"

ကျွန်တော့်စကားကြောင့် အမေ့မျက်နှာသည် တင်းမာခက်ထန်သွားသည်။

" ဒါကြောင့်မို့ နင့်အိမ်မလာချင်တာ။ ငါ့မြေး အဲဒီကိုသွားရင် ဘာလုပ်နေသလဲဆိုတာ သိရဲ့သားနဲ့ တားမယ်မရှိဘူး"

"အမေရယ် သွားကူလုပ်ပေးတော့ ဟင်းချက်စရာတောင်မပူရဘူး"

"ဒါတွေဟာ အဆိပ်တွေ မိကေသီရဲ့ မဖြစ်ပါဘူး။ ငါသွားခေါ်မယ်"

အမေက တဗျစ်တောက်တောက်ပြောကာ ကိုလှခိုင်တို့အိမ်ဘက်သို့ သွား၏။

ကိုလှခိုင်နှင့်ကျွန်တော့်အိမ်က သုံးလေးအိမ်သာခြားသည်။ ကိုလှခိုင်နှင့်ကျွန်တော်က သူငယ်ချင်း။ သူငယ်ချင်းတွေမို့ တစ်ယောက်အိမ် တစ်ယောက် ဝင်ထွက်သွားလာနေကြသည်။

ကိုလှခိုင်သားသံချောင်းနှင့် ကျွန်တော့်သား လွင်ဦးကလည်း သူငယ်ချင်းတွေဖြစ်နေကြ၏။ ကျောင်းသွားကျောင်းပြန် အမြဲ၊ တစ်တွဲတွဲ၊ တစ်ယောက်နှင့် တစ်ယောက်ချစ်ကြသည်၊ ခင်ကြသည်။ အိမ်ချင်းကလည်း နီးနေသည်မို့ တားဖို့လည်းအခက်သား။ အမေကသူ့မြေးနှင့် လှခိုင် သားသံချောင်းတို့အတူတွဲ သွားလာတာမကြိုက်ပေ။

အမေမကြိုက်မှန်း သိသော်လည်း ကျွန်တော့် အဖို့ရှောင်ကွင်းလို့မရ။ လုပ်ငန်းသဘောအရ ကျွန်တော်နှင့်ကိုလှခိုင်က ကိုင်းကျွန်းမှီကျွန်းကိုင်းမှီ လိုဖြစ်နေကြသည်။

ကိုလှခိုင်သည် ရွာတွင် တရားဝင်သားသတ် လိုင်စင်မျိုးစုံရထားသူလည်းဖြစ်သည့်အတွက် သူ့အိမ်ဝိုင်းထဲမှာဘဲ သားသတ်သူဖြစ်သည်။

ကျွန်တော်က ဝက်ကိုစီးပွားဖြစ်မွေးသူ၊ကိုလှခိုင်က ဝယ်ပြီ သားသတ်သူ၊ သူ့တွင် သားသတ်မည့် တပည့်တစ်ပန်းတွေအများကြီးရှိသည်။ ကျွန်တော့် သားလွင်ဦးလည်းပါသေးသည်။

(၂)

ဒေါ်မာလာသည် မျက်နှာကြောကြီးတင်းမာလျက် ကိုလှခိုင် အိမ်သို့ရောက်လာခဲ့သည်။ ဒေါ်မာလာ ထင်သည့်အတိုင်းပင်။ မြေးဖြစ်သူ လွင်ဦးက ကူညီလုပ်ကိုင်ပေးနေ၏။ မြေးတစ်ကိုယ်လုံးတွင်လည်း သွေးစသွေးနများ စွန်းထင်းပေကျံနေ၏။

ဒေါ်မာလာမြေးကို ချစ်သည့်ဇောနှင့်သာလာခဲ့ရသည်။ လှခိုင် အိမ်ပတ်ပတ်လည်တွင် မြက်များ အမှိုက်သရိုက်များနှင့်ရှုပ်ပွနေ၏။ ညှီစော်ကနံ ဆေးကြောထားသည့် ရေများကြောင့်ဗွက်ထကာ လူတောင်ချော်လဲမသွားအောင် မနည်းထိန်းပြီး လျှောက်နေရ၏။

လွင်ဦးက အဘွားဒေါ်မာလာ သူ့ဆီလာနေတာ သိသော်လည်းမသိဟန်ပြုကာ သူ့လုပ်စရာရှိတာ ဆက်လုပ်နေ၏ ။

ဒေါ်မာလာသည် သူ့မြေးအနားရောက်လာပြီး ပြန်လိုက်ဖို့ခေါ်သည်။ သို့တိုင် လွင်ဦးက မလိုက်ဘဲ ဇွတ်ငြင်း၏။

"ဘာလုပ်မလို့လဲ အဘွားရာ။ ကျွန်တော် မအားဘူး"

" ငါ့မြေး အကြိုက် ငါးဟင်းချက်လို့ လာခေါ်တာ"

"ကျွန်တော် ငါးဟင်းလဲမစားဘူး။ အားလဲ မအားဘူး''

"မောင်လွင်ဦး မင်းအဘွားက မင်းစားစေချင်လို့ လာခေါ်တာပဲ လိုက်သွားလိုက်ပါ"

"ဦးလေးလှခိုင်က ဘာသိလို့လဲ အဘွားက ဦးလေးလှခိုင်အိမ်သွားမှန်းသိလို့တမင်လိုက်ခေါ်တာ"

"တကယ်ပါ ငါမြေးရယ်"

"မလိုက်ဘူးဆို မလိုက်ဘူးဗျာ"

"လိုက်သွားလိုက်ပါ လွင်ဦးရာ "

ဘာမှုမသိတဲ့ ဦးလေးလှခိုင်က လိုက်ဖို့ပင်တိုက်တွန်းနေသည်။ လွင်ဦးလည်း အဘွား အကြောင်းကို သိနေသည်မို့ အမှန်အတိုင်းပဲပြောလိုက်၏။

"အဘွားက ဦးလေးလှခိုင်တို့အိမ် သွားတာ မကြိုက်ဘူးဗျ"

လွင်ဦးစကားကြောင့် ဒေါ်မာလာမျက်နှာပျက် သွား၏။ ကိုလှခိုင်လည်း ဘာပြန်ပြောရမှန်းမသိ အောင်ဖြစ်သွား၏။ ကလေးတွေက ပြောချင်ပြီဆို အဆီးအတားမရှိပြောတတ်ကြသည်။

သူတို့စကားကို နားစွန်နားဖျားကြားတဲ့ သံချောင်းက–

"မင်းအဘွားက ငါတို့အိမ်လာတာ ဘာလို့ မကြိုက်တာလဲ"

"မင်းတို့က သားသတ်လို့တဲ့ မင်းနဲ့တွဲရင် ငါလဲ တစ်နေ့သားသတ်မဲ့ကောင်တဲ့"

သံချောင်းက ဒေါသထွက်သောမျက်ဝန်းနှင့် အရီးဒေါ်မာလာကို ကြည့်နေ၏။ကိုလှခိုင်ကလည်း အနာပေါ်တုတ်ကျသလို တဆတ်ဆတ်ခါလျက်။

"လွင်ဦးပြောတာ အမှန်တွေပဲလား အရီးမာလာ"

ဒေါ်မာလာ မဖြေ၊ နှုတ်ဆိတ်နေ၏။

"ခင်ဗျားဗျာ လူကြီးပီပီလူကြီးစကားပြောပါ။ ခင်များမြေးကို ခင်များဆုံးမတာ ကျုပ်ဘာမှမပြောဘူး။ ကျုပ်နဲ့လဲမဆိုင်ဘူး။ ဒါပေမဲ့ ဟိုလူပုတ်ခပ်၊ ဒီလူပုတ်ခပ် လာမပြောနဲ့ ကျုပ်ဘာသာ သားသတ်သမားမကလို့ လူပဲသတ်နေပါစေ ခင်များနဲ့မဆိုင်ဘူး။ ဒါကျုပ်အလုပ် ကျုပ်ကို ထမင်းကျွေးတဲ့အလုပ်ဗျ နားလည်လား"

"ငါ့မြေးကို ငါဆုံးမတာ။ နင်တို့သာ ဒီအကုသိုလ်နဲ့ အသက်မွေး ငါ မြေးကိုယ်တော့ ဒီအထဲ ဆွဲမသွင်းနဲ့ လာငါ့မြေး ပြန်မယ်"

"မပြန်ဘူးဗျာ မပြန်ဘူး"

ကျွန်တော်က အမေ့စိတ်ကိုသိနေသည်မို့ အမေ့နောက်သို့လိုက်ခဲ့ မိသည်။ အမေက ထင်သည့်အတိုင်း ကိုလှခိုင်နှင့်စကားအချေအတင် များနေကြ၏။

"အမေကတော့ လုပ်ပြီဗျာ။ လှခိုင် ငါတောင်းပန်ပါတယ်ကွာ"

"ရပါတယ် ကျော်ခန့်ရာ မင်းမျက်နှာထောက်ပြီး သည်းခံလိုက်မယ် နို့မို့ဆိုမလွယ်ဘူး"

အမေ့နှင့် သားကြားမှာ ဗျာများနေသူက ကျွန်တော်။

"ကိုယ့်မြေးကို ပြောချင်လဲ အိမ်ရောက်မှ ပြောပေါ့အမေရာ သူများအိမ်မှာ ပြောဖို့မကောင်းပါဘူး"

"ငါလဲ ဘယ်ပြောချင်ပါ့မလဲ နင့်သားကခေါ်လို့ မှမရတာ"

" သား လွင်ဦး အဖေနဲ့ပြန်လိုက်ခဲ့"

"ဟုတ်ကဲ့ အဖေ ဦးလေးလှခိုင် ကျွန်တော်ပြန်တော့မယ်။ သံချောင်း ငါ ပြန်လိုက်အုံးမယ်"

အဖေဖြစ်သူကိုကြောက်လို့သာ လွင်ဦးပြန်လိုက်လာခဲ့သော်လည်း စိတ်ကနည်းနည်းမှ လိုက်ချင်တာမဟုတ်။ အဘွားကိုလည်းလုံးဝ မကျေနပ်ပေ။

(၃)

"အမလေး ရောမမြွေကြီး"

ဒေါ်ပုမသည်ကိုလှခိုင်အိမ်သို့အဝင် မြက်တောထဲတွင် မည်းမည်းကွက်ကွက်ကြီးကို မြင်လိုက်ရသောကြောင့် လန့်ဖျပ်ကာ ခုန်ပေါက်မိ၏။ ကြက်သီးမွေးညင်းများ ထကာ တစ်ကိုယ်လုံးတဆတ်ဆတ်တုန်သွား၏။ မြွေကြီးကလည်း သူ၏အော်သံကြောင့် လျောခနဲ့မြက်တောထဲပြေးဝင် ပျောက်ကွယ်သွား၏။ မြန်လိုက်သည့်ဖြစ်အင်။ သည်အဖြစ်အပျက်ကို မြင်ပြီး ဟားတိုက်ရယ်နေသူက ကိုလှခိုင်၏သား သံချောင်းပင်ဖြစ်သည်။

"အရီးပုမကလဲ မကြီးမငယ်နဲ့ စိန်ပြေးတမ်းကစားနေတာလား"

" ငါက ဘာလို့ကစားရမှာလဲ မြွေတွေ့လို့ဟဲ့။ မြွေက ရောမမြွေကြီး မည်းမည်းကွက်ကွက်ကြီးနဲ့ ငါဖြင့် တုန်သွားတာပဲ"

"ကြံကြံဖန်ဖန် အရီးပုမရယ်။ ကျွန်တော်တို့နေလာတာ ကြာလှပြီ တစ်ခါမှလဲ မတွေ့ဖူးပါဘူး။ မြွေလဲ မရှိပါဘူး"

"ဟဲ့ ငါ့က မဟုတ်ဘဲ လိမ်ပြောပါ့မလား"

ထိုစဉ် ကိုလှခိုင်သည် ဒေါ်ပုမနှင့်သူ့၏သား သံချောင်းအနားသို့ ရောက်လာ၏။

" ဘာတွေ သဘောကျနေတာလဲ သံချောင်းရ"

"ဒီမှာလေ အဖေရဲ့။ အရီးဒေါ်ပုမက ကျွန်တော်တို့အိမ်နားက မြွေတွေ့လို့ဆိုပြီး ခုန်ပေါက်တာ ကလေးလေးကျနေတာပဲ။ သိပ်ကြည့်လို့ကောင်းတာ အဖေမမြင်လို့"

သားစကားကို ဥပေက္ခာပြုကာ ဒေါ်ပုမကို မေးမိလေ၏။

"မြွေက ဘာမြွေလဲ အရီးပုမ "

" ဘာမြွေလဲတော့ ငါလဲ မသိဘူး။ မည်းမည်း ကွက်ကွက်ကြီးပဲ လှခိုင်ရယ်။ နင့်အိမ်လာတာ ကျော်မကောင်း ကြားမကောင်း မြွေကိုက်လို့ သေတော့မလို့။ ဒီလောက်မြက်တွေရှုပ်နေတာ နည်းနည်းပါးပါး ရှင်းအုံးမှပေါ့ ဟယ်။ နေလဲနေနိုင်ကြတယ် တကယ်ပဲ အံ့ပါရဲ့"

ဒေါ်ပုမစကားကြောင့် ကိုလှခိုင်တစ်ယောက် တွေဝေငေးငိုင်သွားသည်။ ဇနီးဖြစ်သူ သိန်းကြည်ကလည်း တစ်ည သူအပေါ့အပါးသွားစဉ် မြွေတွေ့သည်ဟု ပြောဖူးသည်။ သူလည်း အမူမဲ့အမှတ်မဲ့ နေခဲ့သည်။ ယခုအခါ ဒေါ်ပုမနှင့် ထပ်တွေ့ပြန်ပြီမို့ စဉ်းစားရခက်သွား၏။

ကေန္ဒအညှီအနံ့ရပြီး မြွေကအနားကမခွာနိုင် ဖြစ်နေတာ သေချာသည်။

"ကဲပါဗျာ။ နောက်နေ့တွေ ကျွန်တော် သေချာ ရှင်းထားလိုက်ပါ့မယ် ဟုတ်ပြီလား။ ခင်ဗျား ဝက်သား ဘယ်လောက်သား ယူမှာလဲ"

"ငါးဆယ်သားပေါ့ ဟဲ့။ အသားများပါစေနော်။ ငါ့ယောကျ်ားက အဆီမကြိုက်ဘူး"

"အေးပါဗျာ အေးပါ"ဟုဆိုကာ ကိုလှခိုင်သည် ဇနီးသည် သိန်းကြည် ကို မခိုင်းတော့ဘဲ သူကိုယ်တိုင်

စာမျက်နှာ ၂၅ သို့ ➤

# ကလေးဝမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၅၁၈၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကလေးဝ ဇန်နဝါရီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ၅၁၈၁ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ကလေးဝမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၆၇၅၃ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ခုနှစ် အောက်တိုဘာလတတိယပတ်မှ စတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၁၈၁ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ကလေးဝမြို့နယ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ နေကြာဧက ၆၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက၅၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပြည်ပမှ တင်သွင်းတဲ့စားအုန်းဆီကို လျှော့ချနိုင်ရန်အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့ စိုက်ပျိုးရေး ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက် များပါတယ်"ဟု ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြသည်။

ကလေးဝမြို့နယ်တွင် နေကြာ စိုက်ပျိုးမည့် တောင်သူများကို နေကြာမျိုးများ တောင်သူမှ တောင်သူ ဖလှယ်သည့်နည်းစနစ်ဖြင့် ဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ တစ်ဧကပန်းတိုင် အထွက်နှုန်း ရရှိအောင် ပိုမိုစိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပြည်ပပို့ကုန် အဖြစ်ပါ တိုးတက် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့်ဈေးကွက် လိုအပ်ချက်ဖြစ်သည့်ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများမြင့်မားလာမည်ဖြစ်သဖြင့် နေကြာကို အထွက်နှုန်း တိုးတက်စေရန် ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောပြ၍ သိရသည်။ (၂၀၆)

---

➤ **စာမျက်နှာ ၂၄ မှအဆက်**

ချိန်ပေးလိုက်သည်။

(၄)

သားကတော့ ဘယ်သူတွေ ဘယ်လိုပင်ပြောပါစေ သံချောင်းနှင့် အတွဲမပျက်ခဲ့ပေ။ ကျွန်တော်က သားကိုပြောသောအခါ ကေသီက–

"ကိုကျော်ခန့်ရယ် တော်ကလဲ တော့်အမေနဲ့ တစ်ပုံစံတည်းပဲ သားအခုလို လုပ်ပေးတာ ကျုပ်တို့အတွက်အကျိုးယုတ်လို့လား။ တော်လဲ ဝမ်းစိုတယ်။ ဟင်းကောင်းကောင်းလည်းစားရတယ်။ သားလေးအခုလို လုပ်ပေးတာ ကျုပ်ကတော့ သဘောကျတယ်"

ကေသီ အပြောက ဟုတ်နေသည်မို့ ကျွန်တော့်မှာမငြင်းသာပေ။ သို့တိုင် ကျွန်တော့်စိတ်ထဲထင့်နေ၏။

"အိမ်အတွက် ဖူလုံပေမဲ့ ငါကတော့ မလုပ်လဲမလုပ်စေချင်ဘူး။ သွားလဲမသွားစေချင်ဘူး။ ဒီဝက်ရောင်းပြီးရင် ငါဝက်မမွေးတော့ဘူးလို့ ဆုံးဖြတ်ထားတယ်"

"တော် တကယ်ပြောနေတာလား။ ကျုပ် အိပ်မက်များမက်နေသလားတော်"

"အိပ်မက်မဟုတ်ဘူး ကေသီ။ သားလေးက သူကိုယ်တိုင်အသားတွေ လှီးဖြတ်နေတာ ငါတွေ့ခဲ့တယ်။ ကြာရင် သားလေးက ကိုလှခိုင်လို သားသတ်တဲ့ အလုပ်ကိုဦးစီးပြီးလုပ်ချင်လုပ်နေမှာ။ ကေသီ ငါ့သားဘဝကို ဒီအမည်းစက်ကြီးမစွန်းထင်းစေချင်ဘူး။ ဒါနဲ့သား ဘယ်သွားလဲ ကေသီ"

"သံချောင်းတို့အိမ်ပဲ နေမှာပေါ့ ကိုကျော်ခန့်ရယ်"

"ငါ သားကို သွားခေါ်လိုက်အုံးမယ်"

"မသွားပါနဲ့ ကိုကျော်ခန့်ရယ် မီးကမလာနဲ့ အပြင်မှာမှောင်မည်းနေတာ"

"ကိုလှခိုင် အိမ်နဲ့ငါတို့အိမ် ဘယ်လောက်ဝေးတာမှတ်လို့"

"မဝေးမှန်းတော့ သိတာပေါ့။ တော် ပြောမရရင်လဲ ကျုပ်ဓာတ်မီး တတ်ယူလိုက်အုံးမယ် ခဏစောင့်"

"မလိုပါဘူး ကေသီရာ ငါသွားနေကျ လမ်းတွေပါ။ မင်းနှယ် ပူတတ်ရန်ကော ငါသွားပြီ"

ကျွန်တော်သည် ကေသီ အိမ်ပေါ်ဓာတ်မီးတက်ယူတာကို မစောင့်နိုင်တော့ဘဲကို သူငယ်ချင်းဖြစ်သူ ကိုလှခိုင်အိမ်သို့ ခြေဦးလှည့်လာသည်။

မီးက မလာသေးသည်မို့ ဝန်းကျင်တစ်ခုလုံး အမှောင်များဖြင့် ဖုံးလွှမ်းနေ၏။

(၅)

ကိုကျော်ခန့် အိမ်က ထွက်သွားပြီးအတော်လေးကြာမှ သားဖြစ်သူ လွင်ဦးပြန်လာတာတွေ့ရ၏။ကိုကျော်ခန့်တစ်ယောက်နှင့်တော့ ခက်ပါသည်။ ကိုကျော်ခန့်က ကိုလှခိုင်နှင့်တွေ့ပြီဆိုလျှင် ထမင်းမေ့၊ ဟင်းမေ့ စကားတွေအားရအောင်ပြောပြီးမှ ပြန်လာတတ်သည်။

"သားကလဲ ဘာလို့တစ်ယောက်တည်း ပြန်လာတာလဲ မင်းအဖေကိုတစ်ခါတည်း ခေါ်ခဲ့တာ မဟုတ်ဘူး "

"အဖေက ဘယ်သွားမှန်းမှမသိတာ သားကဘယ်လိုလုပ်ခေါ်ရမှာလဲ" သားအဖြေစကားကြောင့်ကေသီ စိတ်ထဲတစ်မျိုးဖြစ်သွားသည်။

"နေပါအုံး သားကသံချောင်းတို့အိမ်ကပြန်လာတာမဟုတ်ဘူးလား"

" ပြန်လာတာ ကြာပြီအမေ သားကိုအရီးပုမက ပြောစရာရှိတယ်ဆိုပြီး သူ့အိမ်ခေါ်သွားတာ"

ဒေါ်ပုမဆိုတာ ကေသီ၏အဒေါ်ဝမ်းကွဲဖြစ်သည်။

"အဒေါ်က ဘာခေါ်ပြောလို့လဲ"

"ဘာရယ် မဟုတ်ပါဘူး အမေရာ ညဘက်ဓာတ်မီးမပါဘဲ။ ဦးလေးလှခိုင်အိမ်မသွားနဲ့တဲ့။ တစ်နေ့က သူ ဝက်သားသွားဝယ်တာ အဲဒီအိမ်နားမှာ မြွေတွေ့လို့တဲ့ ခေါ်ပြောတာ"

"မြွေတွေ့လို့ ဟုတ်လားသား ဘာမြွေလို့ ပြောလဲ"

" ဘာမြွေမှန်မသိဘူး မည်းမည်းကွက်ကွက်ကြီးတဲ့ အလကားပါ အမေရာ သားလဲ သံချောင်းတို့အိမ် ခဏခဏရောက်နေတာပဲ။ ဘာမြွေမှမတွေ့ပါဘူး အမေရာ"

"ဩော် သားရယ် မြွေကကြိုးနဲ့ချည်ထားတာမှမဟုတ်တာ။ ပတ်သွားနေမှာပေါ့။ ဒေါ်လေးက မဟုတ်ဘဲ ပြောပါ့မလား"

မကေသီတစ်ယောက် ကိုကျော်ခန့်အတွက် စိတ်ပူသွား၏။ ကိုကျော်ခန့်က သူ ဓာတ်မီးအိမ်ပေါ်တက်ယူပေးသည့်အချိန်တောင် မစောင့်ဘဲ ရေးကြီးသုတ်ပျာနှင့်ထွက်သွား၏။

"လာ သား အမေတို့ မင်းအဖေနောက်လိုက်သွားရအောင်"

မီးက မလာသည်မို့ ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မည်းနေ၏။

ကေသီသည် သားလက်ကိုဆွဲကာဓာတ်မီးတစ်လက်နှင့် ကိုလှခိုင်အိမ်သို့လိုက်လာခဲ့သည်။

မကေသီစိတ်တွေသည်နေ့ကျမှ ခါတိုင်းနှင့်မတူဘဲ အတော်လေးလေးလံနေ၏။

ကိုလှခိုင် အိမ်နားအရောက်တွင် လူတစ်ယောက် မြေပြင်ပေါ်လဲကျနေတာ တွေ့လိုက်ရ၏။

ဓာတ်မီးနှင့် ထိုးကြည့်မိစဉ် လဲကျသူက ကိုကျော်ခန့်ဖြစ်နေသည်။ ကိုကျော်ခန့်တစ်ကိုယ်လုံး တင်းမာတောင့်တင်းနေ၏။တုတ်တုတ်မျှမလှုပ်။ အသက်ဝိညာဉ်ကင်းမဲ့နေခဲ့သည်။

ကိုလှခိုင်တို့ကလည်း သူတို့အလုပ်ပြီးလို့ ဘောက်ဖွင့်ကာ သောက်စားမူးယစ်နေသည်မို့ ကိုကျော်ခန့် ယခုလိုဖြစ်သည်ကို မသိပေ။ ကိုကျော်ခန့် အော်ပြီး အကူအညီတောင်းလျှင်လည်း ကြားနိုင်လိမ့်မည်မထင်။

မကေသီက အသည်းကြွေလုမတတ်ငိုနေသည်။ လွင်ဦးက ဘောက်သံများနှင့်ဆူညံပျော်ပါးနေသည့် ကိုလှခိုင်တို့ဆီ ပြေးသွားကာ အကူအညီတောင်းသော်လည်း အချိန်ခါနှောင်းခဲ့လေပြီ။

ကိုလှခိုင်နှင့်သားဖြစ်သူသံချောင်း အကြည့်ချင်းဆုံမိပြီး သူတို့၏စိတ်ထဲတွင် အရီးပုမ ပြောသွားသည့် မည်းမည်းကွက်ကွက်မြွေကြီးကိုပဲ ထပ်တလဲလဲမြင်ယောင်နေလေတော့၏။ ထိုမည်းမည်းကွက်ကွက်ကြီးက အချစ်ဆုံး သူငယ်ချင်းကျော်ခန့်၏ အသက်ကို နုတ်ယူသွားခဲ့တော့လေသည်။

---

## နိုင်ငံကို ချစ်ပါ

– နိုင်ငံမြေ ချစ်မြတ်နိုး
နိုင်ငံ့အကျိုး ထမ်းဆောင်ပါ၊
တိုးတက်ရန် လမ်းစဖွင့်
တွေးချင့်ညီညာ၊
သွေးမကွဲဘဲ သွေးစည်းကာ
မြဲလိုက်နာ စည်းကမ်းရှိ၊
ဥပဒေ ချိုးမဖောက်နဲ့
ငြိမ်းထောက်လို့သိ။

– နိုင်ငံ့ဂုဏ် မြှင့်တင်ကြလို့
စနစ်တကျ ပညာသင်၊
ရပ်ရွာနယ် အေးချမ်းရေး
အလေးပေးပြုပြင်၊
ငါတို့၏ မြန်ပြည်တစ်ခွင်
မင်္ဂလာအစဉ် ရှိစေသား၊
လက်တွဲညီ တည်ထောင်ပြု
ထုဆစ်စို့လား။

– စည်းလုံးညီ စွမ်းအင်ဖြစ်
နိုင်ငံသစ် ပန်းတိုင်ဆီ၊
ပြည်ဖျက်ရန် အန္တရာယ်ကင်းဖို့
ရှင်းလင်းကြမည်၊
ကာကွယ်ကြ မြန်မာပြည်
ရှေ့သို့တည် ဖွံ့ဖြိုး၊
ကြိုးစားလေ နိုင်ငံကောင်းဖို့
စုပေါင်းသယ်ပိုး။ ။

**မောင်စစ်သွေး**

---

# ဘားအံမြို့နယ် ကော့မရမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဘားအံ ဇန်နဝါရီ ၈**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကော့မရမ်းကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေ တတိယအကြိမ် ထုတ်ချေးခြင်းကို ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းမာအေးကရပ်မိရပ်ဖများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်း တာဝန်ခံဝန်ထမ်းက စီမံကိန်းအကြောင်းအရာများ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ အရင်း၊ အတိုးပေးဆပ်ရမည့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ်သိန်း ၃၆၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကော့မရမ်းကျေးရွာ၌ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၂၃ဦးကိုငွေကျပ်၂၀၅သိန်း၊မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ ၁၄ဦးကိုငွေကျပ်၁၄၇သိန်း၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် ရှစ်သိန်း စုစုပေါင်း အသင်းသား၊အသင်းသူ ၃၈ဦးကိုမြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၃၆၀ ထုတ်ချေး ပေးခဲ့ကြောင်း သိရသည်။ **ဆက်လှ**

# စန္ဒရား

ကိုဇော်ဌေး(ယဉ်ကျေးမှု)

**❖ပီယာနိုဖိုတီတူရိယာသည် မြန်မာနိုင်ငံသို့ ၁၈၇၂ ခုနှစ် မင်းတုန်းမင်းလက်ထက်က အီတာလျံသံမျိုး လက်ဆောင်ပဏ္ဏာ အဖြစ်ယူဆောင်လာ၍ ရှေးဦးစွာရောက်ရှိလာသည်။ ထိုအခါက နန်းတွင်းဂီတပညာသည်များမှ ပတ္တလားဆရာ ဆရာညွန့်သည် ပီယာနိုဖိုတီ၏သံစဉ်သဘောကို စမ်းသပ်လေ့လာပြီးလျှင် ပတ္တလား လက်ကွက်အတိုင်းညှိကာ မြန်မာသီချင်းတီး၍ ရွှေနားတော်သွင်းခဲ့သည်။ နောက်ပိုင်းတွင် မြန်မာနိုင်ငံနှင့် ဥရောပတိုက်တို့ အဆက်အသွယ် များလာချိန်ဝယ် ငွေကြေးတတ်နိုင်သူတို့က စန္ဒရားများကို ဝယ်ယူ သုံးစွဲလာကြရာ ထိုတူရိယာ၏သဘောအမှန်ကို တွေ့ရှိလာကြသဖြင့် စန္ဒရားတီး၍ကျော်ကြားသူများပင် ပေါ်ပေါက်လာခဲ့သည်။ ❖**

ဂီတတူရိယာများတွင် စန္ဒရားသည် လူကြိုက်အများဆုံး၊ အရေးပါဆုံးသော ကြိုးတပ်တူရိယာတစ်ခုဖြစ်သည်။ ကြိုးတပ်တူရိယာဖြစ်သော်လည်း စန္ဒရားမှာ အခြားသော ကြိုးတပ်တူရိယာများကဲ့သို့ မဟုတ်ဘဲ ခလုတ်နှိပ်ယန္တရားတပ်ဆင်၍ တီးရသောကြောင့် လက်ချောင်းတစ်ချောင်းလျှင် အသံတစ်သံနှိပ်လေရာ လက်ဆယ်ချောင်းဖြင့် ဆယ်သံပြိုင်အထိ တစ်ကြိမ်တည်းတီးနိုင်သော တူရိယာဖြစ်သည်။ ပတ္တလား၊ စောင်း၊ ဒုံမင်း စသည့်သံစဉ်တူရိယာများမှာ စန္ဒရားသံစဉ်နှင့်တူကြသည်။ လက်တစ်ဖက်မှ တစ်ကြိမ်လျှင် တစ်သံသာတီးခတ်နိုင်သောကြောင့် စန္ဒရားကဲ့သို့ သံပြိုင်တွဲများ များပြားကျယ်ဝန်းစွာမရရှိချေ။ စန္ဒရားမှာ အသံပြိုင်၊ အသံတွဲများ များပြားကျယ်ဝန်းရုံမက အသံပြောင်း၊ အသံလွှဲများတွင် အကူးအပြောင်းလွယ်ကူလျင်မြန်လှ၍ အခြားသောကြိုးတူရိယာနှင့် တီးခတ်တူရိယာများ စုပေါင်းတီးခတ်သော၊အသံစုံကိုတီးနိုင်သောတူရိယာဖြစ်သည်။ အနောက်တိုင်းဂီတသမိုင်းကိုလိုက်စားသူတို့၏အဆိုအရ စန္ဒရားသည်ရှေးခေတ်ပါးရှင်းလူမျိုးတို့၏မူရင်းဖြစ်သော "ဒါးလဆီမာ" ခေါ် ကြိုးတပ်တူရိယာတစ်မျိုးမှ တဖြည်းဖြည်းတိုးတက်ကောင်းမွန်လာသောတူရိယာဖြစ်သည်။ ဒါးလဆီမာ တူရိယာသည် ရှေးနှစ်ပေါင်းများစွာအခါကပင် အရှေ့တိုင်းပါးရှားပြည်၌ရှိခဲ့သော တူရိယာတစ်ခုဖြစ်၍ ၁၁ ရာစုနှစ်နှင့် ၁၃ ရာစုနှစ်အတွင်း ခရူးဆိတ်စစ်သည်တော်များနှင့်အတူ ဥရောပသို့ရောက်ရှိလာခဲ့သည်။ ရှေးအကျဆုံးဒါးလဆီမာမှာ ကြိုးဆယ်ချောင်းတပ်၊ လက်ခတ်နှစ်ခုနှင့် တီးရသောတူရိယာဖြစ်သည်။ ဥရောပတိုက်တွင် အလယ်ခေတ်ကာလက အသုံးအများဆုံးဖြစ်ခဲ့၍ တိုးတက်ကောင်းမွန်အောင်လည်း ပြုပြင်တီထွင်လာကြသည်။ ထိုခေတ်ကပင် ဒါးလဆီမာကိုလက်ခတ်နှင့်မတီးဘဲ လက်နှိပ်ခလုတ်များဖြင့် တီးသောစနစ်ကိုတီထွင်ခဲ့ကြပြီး ခလုတ်တစ်ခုအတွက် ကြိုး နှစ်ပင်မှ ငါးပင်ထိတပ်ဆင်ခဲ့ကြသည်။

စန္ဒရားတူရိယာသည် တဖြည်းဖြည်းတိုးတက်ကောင်းမွန်အောင်ပြုပြင်ခြင်းခံလာရပြီး ၁၅ ရာစုနှစ်တွင် ယခုခေတ်စန္ဒရားများ၏အစဖြစ်သော ကလာဗီခေါ့ ခေါ်လေးထောင့်ရှည်သေတ္တာပုံလက်နှိပ်ခလုတ်ဖြင့်တီးရသော ကြိုးတူရိယာမျိုး ပေါ်ပေါက်လာခဲ့သည်။ ကလာဗီခေါ့မှာလေးထောင့်ရှည်သေတ္တာပုံတွင် အလျားလိုက်ကြိုးများပြိုင်တန်းလျက်၊ ထိုကြိုးများကိုလက်နှိပ်ခလုတ်နှင့်ဆက်လျက်ရှိသော မောင်းတံဖြင့်ရိုက်ခတ်အသံထွက်စေသော တူရိယာဖြစ်သည်။ အသံမြည်အောင်တီးခတ်ရန်အတွက် လက်နှိပ်ခလုတ်များသာမက လိုသောအသံအနိမ့်အမြင့်ကို ဖိပေးသောမောင်းတံများလည်း စန္ဒရား၌တပ်ဆင်ထားသည်။ ခလုတ်တန်းမှာ ယခုခေတ်စန္ဒရားများတွင် တွေ့မြင်ရသောခလုတ်တန်းကဲ့သို့ပင် အဖြူနှင့်အနက်ခလုတ်များထားပုံအစီအစဉ်တူသော်လည်း အသံစဉ်ထားပုံမှာခြားနားသည်။

ကလာဗီခေါ့မှာ သေတ္တာရှည်ခပ်ပြားပြားကဲ့သို့ဖြစ်၍ ကြမ်းပေါ်တွင်ချ၍ဖြစ်စေ၊ စားပွဲပေါ်တွင် တင်၍ဖြစ်စေတီးနိုင်သည်။ ၁၆ ရာစုနှစ်ရောက်သောအခါ ကလာဗီခေါ့တူရိယာများကို အများအပြားသုံးလျက်ပင်ရှိသော်လည်း အလားတူအခြားတူရိယာတစ်မျိုး ပေါ်ပေါက်လာပြန်သည်။ ထိုတူရိယာမှာ ကလာဗီခေါ့ကဲ့သို့ပင်ဖြစ်၍ အောက်တွင်ခြေထောက်များတပ်ဆင်ထားသည်။ ခလုတ်တန်းမှာလည်း ကလာဗီခေါ့ အတိုင်းပင်ဖြစ်သည်။ သို့ရာတွင် ခလုတ်မောင်းတံ အစီအရင်တွင်မတူသောကြောင့် အသံတွင်လည်း မသိမသာကွဲပြားမှုရှိသည်။ မောင်းတံတွင် ငှက်တောင်ပံကလေးများတပ်ဆင်၍ ခလုတ်နှိပ်လိုက်သောအခါ ထိုငှက်တောင်ပံက ကြိုးကိုခတ်မိပြီး အသံမြည်စေရန်စီမံထားသည်။ စန္ဒရားကို အင်္ဂလန်ပြည်တွင် မိန်းမပျိုကလေးများအသုံးများသဖြင့် "ဗာဂျင်နယ်" ဟူသောအမည်ဖြင့် ခေါ်တွင်လေသည်။

ဗာဂျင်နယ်စန္ဒရားမှတစ်ဆင့် ပုံစံအမျိုးမျိုး၊ ခလုတ်မောင်းစနစ်အမျိုးမျိုးကြံဆပြုပြင်၍ တီးခဲ့ကြရာ ၁၇ ရာစုနှစ်အစတွင် အင်္ဂလန်နိုင်ငံ၌ပေါ်ပေါက်ခဲ့သော "စပင်းနက်" စန္ဒရားမျိုးမှာ အသုံးများသော တူရိယာဖြစ်လာသည်။ ဗာဂျင်နယ်နှင့်စပင်းနက်တို့မှာ ကလာဗီခေါ့၏စနစ်ကိုအခြေခံ၍ တပ်ဆင်ရသော်လည်း ကြိုးနှင့်မောင်းတံချိန်ပုံ၊ အသံကိုထိန်း၍ထားပုံတို့မှာ ကလာဗီခေါ့ထက် ကောင်းမွန်သည်။ ကြိုးများကိုလိုရာအသံညှိရာတွင်လည်း ကလာဗီခေါ့ကဲ့သို့ ခလုတ်နှင့်ဖိပေးရန်မလိုဘဲ အသံစဉ်အလိုက် ညှိအပ်သောကြိုးကိုအတိုအရှည် အစဉ်လိုက်ထား၍ တပ်ဆင်သည်။ စပင်းနက်မှာစောင်းကဲ့သို့သုံးထောင့်သဏ္ဌာန်စားပွဲပုံဖြစ်၍ ယခုခေတ်တွင် တွေ့မြင်ရသော "ဂရင်း"ခေါ်စန္ဒရားကြီးများကဲ့သို့ပင်ဖြစ်သည်။ ဗာဂျင်နယ်၊ စပင်းနက်တို့နှင့် တစ်ခေတ်တည်း ပေါ်ပေါက်ခဲ့သော စန္ဒရားတစ်မျိုးမှာ "ဟာ့ပဆီခေါ့" ခေါ်စားပွဲစန္ဒရားကြီးပင်ဖြစ်သည်။ ဟာ့ပဆီခေါ့တွင် ခလုတ်မောင်းတံနှင့် အသံမြည်စေသောစနစ်မှာ ငှက်တောင်ပံများဖြင့် ကြိုးကိုပွတ်တိုက်သောစနစ်ဖြစ်သည်။ ပမာဏကြီးခြင်း၊ ခလုတ်တန်း နှစ်တန်းထိထားရှိခြင်းတို့ကြောင့် အသံမြိုင်သည်။

ကလာဗီခေါ့၊ ဗာဂျင်နယ်၊ စပင်းနက်နှင့်ဟာ့ပဆီခေါ့တူရိယာများကို ၁၇ ရာစုနှစ်အကုန်ထိ ဥရောပတိုက်နိုင်ငံအနှံ့အပြားတွင် နှစ်သက်စွာသုံးခဲ့ကြသည်။ အဆိုပါတူရိယာများဖြင့် ဥရောပတိုက်ဂီတသမိုင်းတွင် ထင်ရှားသော ဂီတပညာရှင်ကြီးများဖြစ်သည့် ဗါခ်၊ ဟန်းဒယ်၊ ဟိုင်းဒင် အစရှိသူများထွန်းကားခဲ့ကြသည်။ ဂီတပညာရှင်များနှင့်အတူ ဂီတတူရိယာလုပ်သူများကလည်း မနေမနား ထုတ်လုပ်တီထွင်ကြရာ ၁၇၀၉ ခုနှစ်ခန့်တွင် အီတာလျံလူမျိုး "ဟာ့ပဆီခေါ့"ပြင်သူ "ခရီစတော့ဖိုရီ"သည်တိုးတက်ကောင်းမွန်သောစနစ်သစ်ဖြင့် အသံကျယ်၍ ညက်ညောသော "ပီယာနိုဖိုတီ" ခေါ်စန္ဒရားတစ်မျိုးကိုပြုလုပ်ခဲ့လေသည်။ အီတာလျံဘာသာ"ပီယာနိုဖိုတီ"မှ "ပီယာနို"ဟူသော အခေါ်ဖြစ်လာသည်။

ပီယာနိုဖိုတီ သို့မဟုတ် ပီယာနိုများမှာ ကြိုးတပ်ဆင်ပုံ၊ ခလုတ်တန်းထားပုံတို့မှာ ရှေးစန္ဒရားများနှင့်တူသော်လည်း မောင်းတံဖြင့်ကြိုးကိုရိုက်ခတ်ပုံစနစ်မှာမတူချေ။ ခရီစတော့ဖိုရီ၏စနစ်မှာ ခလုတ်နှင့်မောင်းတစ်ဆက်တည်းမဟုတ်ဘဲ နှိပ်လိုက်သောအခါမှ ထိစေရန်ချိန်၍ အလွတ်ထားကာ မောင်းတံထိပ်တွင် သက္ကလတ်စတူကလေးများဖြင့် ကြိုးကိုတီးခေါက်အသံထွက်စေရန်စီမံသည်။ ခလုတ်ကိုနှိပ်လိုက်သောအခါ မောင်းတံကိုတင်ပေးပြီးလျှင် မြောက်တက်သွားသောမောင်းတံ၏အဖျားရှိသက္ကလတ်စတူကလေးက ကြိုးကိုခေါက်သည်။ ထိုသို့စီမံထားရုံမက ကြိုးကို တီးခေါက်ရာတွင် ကောင်းမွန်မှန်ကန်သောအသံကို ရရှိစေရန် မောင်းတံကိုထိန်းသည့်အစီအမံများလည်း တပ်ဆင်ထားသည်။ ခရီစတော့ဖိုရီတွင် တပည့်များရှိသော်လည်း သူ၏လုပ်ငန်းကို အဖွဲ့နှင့်မလုပ်ကိုင်ခဲ့သောကြောင့် ၁၇၃၁ ခုနှစ်တွင် သူကွယ်လွန်သောအခါ သူ၏တပည့်များသည် ဤလုပ်ငန်းကိုဆက်လက်မလုပ်ကိုင်နိုင်ကြတော့ပေ။ သို့ဖြစ်စေ ဂျာမဏီမှ ဩဂင်နှင့်စန္ဒရား (ကလာဗီခေါ့၊ ဟာ့ပဆီခေါ့) များလုပ်သူ "ဂေါ့ဖရိုက်ဆီးလဗားမန်း"ဆိုသူသည် ခရီစတော့ဖိုရီ၏ပီယာနိုဖိုတီမျိုးကို ဆက်လက်လုပ်ကိုင်နိုင်ခဲ့လေသည်။ ခရီစတော့ဖိုရီမကွယ်လွန်မီက စန္ဒရားများကို အထူးကောင်းမွန်အောင်ပြုပြင်လုပ်ကိုင်ခဲ့ကြသူများတွင် "ရှရိုးတား" အမည်ရှိ ဂျာမဏီနိုင်ငံသား တစ်ဦးသည်လည်းထင်ရှားခဲ့သည်။ ဆီးလဗားမန်းသည် ရှရိုးတား၏ပုံစံကို အခြေပြုသည်ဟုလည်း အချို့ကယူဆသည်။ ယူဆသော်ငြား ဆီးလဗားမန်း၏ စန္ဒရားများသည် ခရီစတော့ဖိုရီ၏ စန္ဒရားများနှင့် တစ်စနစ်တည်းဖြစ်လာသည်။ ထို့နောက်တွင် ဂျာမဏီ နိုင်ငံသား "ဖရက်ဒရီဆီ"သည် လေးထောင့် စားပွဲပုံစန္ဒရားကြီးများကို တီထွင်ခဲ့ပြန်သည်။ ထိုလေးထောင့် စားပွဲစန္ဒရားကြီးများသည် နောက်ထပ်ဆက်လက်၍မပေါ်ပေါက်ခဲ့သော်လည်း ထိုစနစ်ယူ၍ ဘရပ်ဆဲလ်မြို့မှ "ဗစ်တာမာအီယွန်း"သည် ၁၇၄၅ ခုနှစ်တွင် ဒေါင်လိုက်စန္ဒရားများကိုလုပ်ကိုင်ခဲ့ရာ ထိုစန္ဒရားသည် "ဖရက်ဒရီဆီ"၏ ဒေါင်လိုက်စန္ဒရားဟုတွင်လေသည်။

ထိုမှစ၍ ပြားလိုက်ဖြစ်သော ခရီစတော့ဖိုရီ၏ စန္ဒရားမျိုး၊ ဖရက်ရီဆီ၏ လေးထောင့်စားပွဲစန္ဒရားမျိုးနှင့် မတ်တတ်(ဒေါင်လိုက်)စန္ဒရားမျိုးဟူ၍ သုံးမျိုးသုံးစားရှိခဲ့သည်။ ပထမအမျိုးဖြစ်သော ပြားလိုက်စန္ဒရားမျိုးကို ဂရင်းဟုခေါ်တွင်သည်။ လေးထောင့်စားပွဲစန္ဒရားမျိုးကား ယခုအခါမသုံးစွဲကြတော့ချေ။ မတ်တတ်စန္ဒရားများမှာ အများအပြားပင် သုံးစွဲလျက်ရှိသည်။

မြန်မာနိုင်ငံ၌ စန္ဒရားဟူသောဝေါဟာရကို ပုဂံဝန်ထောက်ဦးတင်ရေးသော ကဗျာဗန္ဓသာရကျမ်း၌ "သက္ကရာဇ် ၅၉၇ ခုနေ့စွဲပါသော ကျောက်စာတွင် စန္ဒရားဟူ၍လည်းကောင်း၊ သီချင်းသည်(သီချင်းသည်) ဟူ၍လည်းကောင်း၊ စည်သည်ဟူ၍လည်းကောင်း ရေးသားပါရှိသည်"ဟူ၍ဖော်ပြထားသည်ကိုတွေ့ရသည်။ ထို့ကြောင့် စန္ဒရားမှာပုဂံခေတ်ကတည်းကရှိနေသည်ဟုဆိုနိုင်သည်။ သို့သော် ထိုအချက်ကို ခိုင်လုံစေသည့် အခြားအထောက်အထားများမရှိပြန်ချေ။ မြန်မာသက္ကရာဇ် ၁၀၇၆-၁၀၉၅ ခုနှစ်အတွင်း အင်းဝဘုရင်တနင်္ခွေမင်းလက်ထက် စီရင်ရေးသားသော ဦးကုလား၏မဟာရာဇဝင်ကြီးတွင်"အငြိမ့်မျိုး ၆ ပါးဟူသည်ကား စောင်းလည်းတစ်ပါး၊ ငြင်းလည်း တစ်ပါး၊ မိကျောင်းလည်းတစ်ပါး၊ အောင်းကလေး လည်းတစ်ပါး၊ စန္ဒရားလည်းတစ်ပါး၊ တယောလည်း တစ်ပါး၊ ဤခြောက်ပါးတည်း"ဟူသော စကားအရ တနင်္ခွေမင်းလက်တွင် စန္ဒရားရှိနေပြီဟုဆိုနိုင်သည်။ စန္ဒရားကို အစောဆုံးဖော်ပြထားသည့် အထောက်အထားဖြစ်သည်။ သို့သော် ၎င်းကိုချဲ့ထွင်ရေးသားသည့် မှန်နန်းရာဇဝင်တော်ကြီး၌မူ စန္ဒရားနေရာတွင် ပတ္တလားကို ထည့်သွင်းဖော်ပြထားသည်ကို တွေ့ရပြန်သည်။

ထို့ပြင် မာဃဒေဝလင်္ကာသစ်၌လည်း "စောင်းငြင်း၊ မိကျောင်း၊ အောင်း၊ ပတ္တလား၊ တယော အားဖြင့် ခြောက်ပါးငြိမ့်မျိုး"ဟူ၍ အငြိမ့်ခြောက်ပါးတွင် စန္ဒရားနေရာ၌ ပတ္တလားကိုထည့်သွင်းစပ်ဆိုထားသည်ကိုတွေ့ရသည်။ သို့ရာတွင် သက္ကရာဇ် ၁၁၆၀ ပြည့်နှစ်တွင် စပ်ဆိုသော တွင်းသင်းမင်းကြီး၏ ဝေဿန္တရာပျို့၌ သားတော်ဝေဿန္တရာမင်းသားကို ပြန်လည်ခေါ်ဆောင်ရန်အတွက် စေတုတ္တရာပြည်မှ ဝင်္ကပါတောင်သို့ ဆိုက်အောင်ပွဲလမ်းသဘင်များ စီရင်ခန်းတွင် "စောင်းငြင်းမိကျောင်း၊ အောင်းကလေး ကျော်၊ သံငေါ်လက်ခုပ်၊ စည်းဆုပ်ပတ္တလား၊ စန္ဒရား တို့၊ ထွေပြားရေးရာ၊ တေးတျာအေးမြတ်၊ ငြိမ်သက် သီးသီး၊ နားမညီးအောင်၊ မှုတ်တီးလိုက်လား၊ အငြိမ့်သားသည်၊ သံထားညင်းညင်းပွန်စေတုံ" ဟူ၍ အငြိမ့်သားတို့ တီးမှုတ်ရမည့်တူရိယာတွင် ပတ္တလား နှင့် စန္ဒရားနှစ်မျိုးစလုံးကို ထည့်သွင်းဖော်ပြထားသည်။ ထို့ကြောင့် ယခုခေတ် စန္ဒရားနှင့် ပုံစံချင်း တူ၊ မတူဆိုသည်ထက် စန္ဒရားတူရိယာဟူသည့် အသုံးအနှုန်းရှိနေပြီကို လက်သင့်ခံရမည်ဖြစ်သည်။

ပီယာနိုဖိုတီတူရိယာသည် မြန်မာနိုင်ငံသို့ ၁၈၇၂ ခုနှစ် မင်းတုန်းမင်းလက်ထက်က အီတာလျံသံများ လက်ဆောင်ပဏ္ဏာအဖြစ်ယူဆောင်လာ၍ ရှေးဦးစွာရောက်ရှိလာသည်။ ထိုအခါက နန်းတွင်း ဂီတပညာသည်များမှ ပတ္တလားဆရာ ဆရာညွန့်သည် ပီယာနိုဖိုတီ၏သံစဉ်သဘောကို စမ်းသပ်လေ့လာပြီးလျှင် ပတ္တလားလက်ကွက်အတိုင်းညှိကာ မြန်မာသီချင်းတီး၍ ရွှေနားတော်သွင်းခဲ့သည်။ နောက်ပိုင်းတွင် မြန်မာနိုင်ငံနှင့် ဥရောပတိုက်တို့ အဆက်အသွယ်များလာချိန်ဝယ် ငွေကြေးတတ်နိုင်သူတို့က စန္ဒရားများကို ဝယ်ယူသုံးစွဲလာကြရာ ထိုတူရိယာ၏သဘောအမှန်ကို တွေ့ရှိလာကြသဖြင့် စန္ဒရားတီး၍ကျော်ကြားသူများပင် ပေါ်ပေါက်လာခဲ့သည်။ မြန်မာလူမျိုးထဲမှ ရှေးဦးစွာစန္ဒရားဝယ်၍ တီးခဲ့သူမှာ ဦးမေောင်ဆိုသူဖြစ်သည်။ ထို့နောက်တွင် စန္ဒရားဆရာမောင်၊ စန္ဒရားဘအုံး၊ စန္ဒရားမမကြီး၊ စန္ဒရားချန်ပီယံမောင် စသည်ဖြင့် ထင်ရှားသူများ တစ်ခေတ်ပြီးတစ်ခေတ် ထွက်ပေါ်လာခဲ့တော့သည်။ ဤသို့လျှင် အပြည်ပြည်မှ ဂီတပညာရှင်များနှင့်ဂီတ တူရိယာပါရဂူများသည် တစ်စတစ်စတိုးတက်ကောင်းမွန်အောင်ပြုပြင်လုပ်ကိုင်လာခဲ့ကြရာ ယခုအခါ အလွန်ကောင်းမွန်သော ဂရင်းသို့မဟုတ် မတ်တတ်စန္ဒရားကြီးများသည် ကမ္ဘာတစ်ဝန်းလုံးရှိ ဂီတလောကတွင် ခေတ်စားတွင်ကျယ်လျက်ရှိလေသည်။ မြန်မာဂီတလောကတွင်လည်း စန္ဒရားကိုအမှီပြုကာ အနုပညာအမည်မှည့်ခေါ်လာကြသည့် စန္ဒရားချစ်ဆွေ၊ စန္ဒရားလှထွတ်၊ စန္ဒရားချစ်မောင်၊ စန္ဒရားကွန်းဇော်၊ စန္ဒရားတင်ဝင်းလှိုင်၊ စန္ဒရားမောင်လှအေး စသည့်ကျော်ကြားထင်ရှားသူများ ပိုမိုများလာခဲ့တော့သည်။

**ကိုးကား**

- မြန်မာ့စွယ်စုံကျမ်းအတွဲ(၄)

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၄၂၄၇၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်



**ပွင့်ဖြူ ဇန်နဝါရီ ၈**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၄၂၄၇၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ၂၁၈၄၃ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ကုလားပဲ ၄၂၄၇၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ ကုလားပဲ ၄၂၄၇၇ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာ စိုက်ပျိုးပြီးစီးတဲ့ ကုလားပဲစိုက်ခင်းတွေကို သီးနှံအထွက်နှုန်း ကောင်းမွန်စေဖို့ စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ကုလားပဲများ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသနှင့် ကိုက်ညီသော မျိုးကောင်းမျိုးသန့်များရရှိစေရေး၊ မြေဆီလွှာ ကောင်းမွန်အောင် ပြုပြင်ရေး၊ စိုက်ပျိုးနည်းစနစ်များ မှန်ကန်စေရေး၊ အပင်အားဆေးများ စနစ်တကျ သုံးစွဲတတ်စေရေးနှင့် ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စသည့် အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သီးနှံများ စိုက်ပျိုးရာတွင် အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ပြည်ပသို့ ပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည် ဖြစ်ကြောင်းနှင့် တောင်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ သီးနှံများတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ငါးသလဲထိုး ပိဿာချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး ဇန်နဝါရီ ၈**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ငါးသလဲထိုး ပိဿာချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ငါးမျိုးစုံ



ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်ထွေးက ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် ၂၀၂၄ ခုနှစ် ပြီးခဲ့သည့် နိုဝင်ဘာလအတွင်း ငါးသလဲထိုး ပိဿာချိန် ၆၅၀၀၀ ထိသာ ရောင်းချနိုင်ခဲ့ပြီး ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ငါးသလဲထိုး ပိဿာချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးသလဲထိုး တစ်ပိဿာလျှင် ငွေကျပ် ၂၁၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဒီဇင်ဘာလထဲမှာ ဘိုကလေးမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ငါးသလဲထိုး ပိဿာချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်ကိုပဲ ရေထွက်ကုန်တွေကို အဓိကတင်ပို့ရောင်းချနေတာ ဖြစ်ပါတယ်။ လက်ရှိမှာလဲ ဒေသထွက် ရေထွက်ကုန်တွေထဲက ငါးသလဲထိုးကို ရန်ကုန်ဈေးကွက်က မှာယူနေသလို နောက်ထပ်လဲ မှာယူမှုတွေလဲ ရှိပါတယ်။ ကုန်ချိန်အများအပြား တင်ပို့ရတော့ လုပ်သားတွေအပါအဝင် ငါးရောင်းဝယ်ရေးလုပ်ငန်းတွေ အဆင်ပြေတာပေါ့" ဟု ဘိုကလေးမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်ထွေးက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးသလဲထိုးများ အပါအဝင် ရေထွက်ကုန်များ တင်ပို့အား ကောင်းလာသည့်အတွက် ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ရေလုပ်သားများ အလုပ်အကိုင် အဆင်ပြေလျက်ရှိကြောင်း ဘိုကလေးမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်ထွေးက ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

# မိုင်းဖြတ်မြို့နယ် နားအယ်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

**မိုင်းဖြတ် ဇန်နဝါရီ ၈**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၏ ထုတ်ကုန်၊ ထွက်ကုန်များ ဈေးကွက်သို့ အချိန်မီ တင်ပို့ရောင်းချနိုင်စေရန် ရည်ရွယ်၍ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် နမ့်ယွန်းကျေးရွာအုပ်စု နားအယ်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက နားအယ်ကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီအောင် အလေးထား ဆောင်ရွက်သွားကြရန် မှာကြားသည်။

မိုင်းဖြတ်မြို့နယ် နားအယ်ကျေးရွာ၌ လမ်းအရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေ ကိုးလက်မရှိ ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်ခြင်း လုပ်ငန်းကို ပြည်ထောင်စုခွင့်ပြု ရန်ပုံငွေကျပ် ၄၆ ဒသမ ၈ သန်းဖြင့် Hero Family ကုမ္ပဏီမှ ၂၀၂၄ ခုနှစ် ဇွန် ၃၀ ရက်က တာဝန်ယူဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ၈၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **ဇင်မာ**

# စလင်းမြို့နယ် မြောင်းကောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စလင်း ဇန်နဝါရီ ၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြောင်းကောက်ကျေးရွာအုပ်စု မြောင်းကောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ဇန်နဝါရီ ၇ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က မြောင်းကောက်ကျေးရွာရှိ ကျေးရွာရပ်မိရပ်ဖများများနှင့် တွေ့ဆုံကာ မြစိမ်းရောင် ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းလည်ပတ်ဆောင်ရွက်ပုံအဆင့်ဆင့်၊ စီမံကိန်းလက်စွဲစာစောင်ပါ နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ၊ ရန်ပုံငွေအရင်းအတိုးပေးဆပ်ရမည့် ကာလများနှင့် ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြောင်းကောက်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၃၆ ဒသမ ၃ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် အဆိုပါ ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ လုပ်ငန်းအဖွဲ့ဝင်များက မြို့နယ်မှ တာဝန်ရှိသူများ၏ ကြီးကြပ်မှုနှင့်အတူ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ကိုင် လုပ်ကိုင်သူနှင့် အရောင်းအဝယ် လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၆ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကျပ် ၃၆ ဒသမ ၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်ထံမှ သိရသည်။ **သန်းသန်းစိုး**

# ပုဗ္ဗသီရိမြို့နယ် ရွာတော်(မ)ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနကပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ရွာတော်(မ) ကျေးရွာ၌ ကျေးလက်ရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦး၊ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနှင့် တာဝန်ရှိသူများက ကျေးရွာကော်မတီဝင်များနှင့်အတူ ရွာတော်(မ)ကျေးရွာ၌ ကျေးလက်ရေရရှိရေး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

ရွာတော်(မ)ကျေးရွာ၌ ကျေးလက်ရေရရှိရေး အကျယ်လေးလက်မ၊ အနက် ပေ ၇၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင်တည်ဆောက်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်း၊ ခြံစည်းရိုးကာရံခြင်း လုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၇ ဒသမ ၉၅၆ သန်းဖြင့် ဌာနမှ အင်ဂျင်နီယာများစုဖွဲ့ကာ အောက်တိုဘာလ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရွာတော်(မ)ကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၄၀၅ အိမ်၊ လူဦးရေ ၁၆၄၇ဦးတို့အတွက် ရာသီမရွေး သန့်ရှင်းသောသောက်သုံးရေများ ဖူလုံစွာရရှိပြီး လူမှုဘဝများ အဆင်ပြေနိုင်မည်ဖြစ်ကြောင်း ဇေယျာသီရိခရိုင် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦးက ပြောပြ၍ သိရသည်။ **သူသူ**

# အိမ်တွင်းလေထုညစ်ညမ်းမှုအကြောင်း

**နှင်းအိ(ရာမည‌မြေ)**

လေထုညစ်ညမ်းမှုနဲ့ပတ်သက်လာရင် လူတော်တော်များများဟာ ကားအိတ်ဇောကထွက်တဲ့ အခိုးအငွေ့တွေလောက်ကိုပဲ သတိထားမိတတ်ပါတယ်။ တကယ်တမ်း အိမ်ပြင်ပလေထုညစ်ညမ်းမှုထက် အိမ်တွင်းလေထုညစ်ညမ်းမှုက လူတွေရဲ့ကျန်းမာရေးကို ပိုပြီးဒုက္ခဖြစ်စေတာပါ။ ဘာကြောင့်လဲဆိုတော့ အိမ်ပြင်ပမှာက လေထုကိုညစ်ညမ်းစေတဲ့ အရာတစ်ခုက ပတ်ဝန်းကျင်ကို ပြန့်နှံ့သွားဖို့ ပိုလွယ်တဲ့အတွက် ရှူမိရင်တောင် အဆိပ်ပမာဏက သိပ်မများတော့ပါဘူး။ အိမ်ထဲမှာဖြစ်တဲ့ လေထုညစ်ညမ်းမှုဟာဆိုရင် ဘေးဘက်နံရံ၊ ပြတင်းပေါက်၊ တံခါးတွေအလုံပိတ်ထားလိုက်တော့ အဆိပ်ငွေ့တွေက အိမ်အပြင်ဘက်ကိုရောက်မသွားဘဲ အိမ်တွင်းမှာရှိနေတဲ့သူတိုင်း လေကိုရှူမိပြီး အဆိပ်သင့်ရတော့တာပေါ့။ အိမ်တွင်းက ညစ်ညမ်းတဲ့လေကို နေ့စဉ်ရက်ဆက် ရှူနေရတဲ့အခါ အဆုတ်နဲ့အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာတွေအပြင် ပြင်းထန်တဲ့ ကင်ဆာဝေဒနာအဆင့်ထိပါ ဖြစ်လာနိုင်ပါတယ်။ ဒါကြောင့် အဓိက အိမ်တွင်းလေထုညစ်ညမ်းမှုကို ဘယ်အရာတွေက ဖြစ်စေနိုင်လဲ၊ ဘယ်လိုကာကွယ်မှုမျိုးတွေ လုပ်ဆောင်သင့်လဲဆိုတာကို လူတိုင်းသိထားသင့်ပါတယ်။

**အိမ်တွင်းလေထုညစ်ညမ်းမှု**

အိမ်တွင်းလေထုညစ်ညမ်းမှုဟာ အိမ်တွင်းလေဝင်လေထွက်စနစ် အားနည်းတာကြောင့် အိမ်တွင်းမှာခိုအောင်းနေတတ်တဲ့ ကျန်းမာရေးနဲ့မညီညွတ်တဲ့လေကို ရှူမိရာကနေ နောက်ဆက်တွဲကျန်းမာရေးဆိုးကျိုးတွေ ဖြစ်ပွားခြင်းဖြစ်ပါတယ်။ အိမ်တွင်းလေထုညစ်ညမ်းမှု အဓိကဖြစ်ပေါ်စေတဲ့ အကြောင်းရင်းတွေကတော့ ထင်း၊ မီးသွေးကို အသုံးပြုပြီး အစားအသောက်ချက်ပြုတ်တာ၊ ဖယောင်းတိုင်၊ အမွှေးတိုင်၊ ခြင်ဆေးခွေတွေထွန်းတာ၊ အိမ်တွင်းဆေးလိပ်သောက်တာ၊ အိမ်မွေးတိရစ္ဆာန်တွေနဲ့ အိမ်အနီးပတ်ဝန်းကျင်မှာရှိတဲ့ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းတွေမှ တိရစ္ဆာန်တို့ရဲ့ အမွေးအမှင်တွေ၊ အညစ်အကြေးတွေ ထွက်ရှိခြင်းနဲ့ အိမ်အနီးပတ်ဝန်းကျင်မှာ အမှိုက်တွေမီးရှို့ခြင်း စတာတွေကြောင့် ဖြစ်ပါတယ်။

**အိမ်တွင်းလေထုညစ်ညမ်းမှုကို ဖြစ်စေတဲ့အကြောင်းအရာများ**

၁။ သုတ်ထားတဲ့ အိမ်သုတ်ဆေးတွေ၊ နံရံတွေက အမှုန့်တွေကွာကျပြီး လေထဲမှာပြန့်နေတာကို အိမ်အိုအိမ်ဟောင်းတွေမှာ နေထိုင်နေတဲ့သူတွေ သတိထားမိကြမှာပါ။ ဒီအမှုန့်ကို ကျောက်ဂွမ်းမှုန့်လို့လည်းခေါ်ပြီး ဟောင်းနေတဲ့ တိုက်အိမ်တွေ၊ နံရံ၊ မျက်နှာကြက်၊ ကြမ်းခင်း၊ အိမ်ဆောက်ပစ္စည်းတွေမှာအများဆုံးတွေ့ရပြီး ဆောက်ပြီးစတိုက်အိမ်အသစ်တွေမှာတော့ သိပ်မတွေ့ရပါဘူး။ အဲ့အမှုန့်တွေဟာ အိမ်တွင်းလေထုညစ်ညမ်းမှုကို ဖြစ်စေပြီး နေ့စဉ်လိုလို ရှူရှိုက်ရင်းကနေ ကျောက်ဂွမ်းမှုန့်ကြောင့်ဖြစ်တဲ့ အဆုတ်နာရောဂါတွေကိုပါ ဖြစ်စေနိုင်ပါတယ်။

၂။ ၂၀၀၀ ပြည့်နှစ်မတိုင်ခင်က အချို့သော အိမ်သုတ်ဆေးတွေ၊ လေ၊ ရေလုံစေဖို့ ချိပ်ပိတ်ပစ္စည်း၊ သစ်သားကြမ်းခင်းတွေမှာ အလွန်အနံ့ပြင်းပြီး အဆိပ်ရှိတဲ့ ဖော်မယ်ဒီဟိုက်ခရိုက်ငွေ့ ပါဝင်နေတတ်ပါတယ်။

၃။ သဘာဝမြေဆီလွှာ၊ ကျောက်တုံးတွေက ခရိုက်ပြိုကွဲပျက်စီးပြီး ရေဒွန်ခရိုက်ငွေ့တွေ အများအပြား ထွက်လာပါတယ်။ ပုံမှန်အားဖြင့် အိမ်အများစုမှာ ရေဒွန်ခရိုက်ငွေ့တွေရှိနေတတ်ပြီး မြေညီထပ်၊ မြေအောက်ခန်းတွေမှာ ခရိုက်ငွေ့သိပ်သည်းဆပိုများတတ်ပါတယ်။ အနံ့၊ အရသာမရှိတဲ့အပြင် မျက်စိနဲ့လည်းမမြင်နိုင်တဲ့ ရေဒွန်ခရိုက်ငွေ့ကို နေ့စဉ်ရှူရှိုက်မိတဲ့သူတွေမှာ အသက်ရှူလမ်းကြောင်းကိုလည်း ထိခိုက်စေပြီး အဆုတ်ကင်ဆာ၊ မရပ်မနား ချောင်းဆိုးခြင်း၊ ချောင်းဆိုးသွေးပါခြင်း၊ အသက်ရှူရခက်ခြင်း၊ နမိုးနီးယားအဆုတ်ရောင်ရောဂါတွေပါ ဖြစ်စေနိုင်ပါတယ်။

၄။ စီးကရက်၊ ဆေးပြင်းလိပ်၊ ဆေးပေါ့လိပ်၊ အီးစီးကရက် သောက်သုံးခြင်းဟာလည်း အိမ်တွင်းရော အိမ်ပြင်ပကိုပါ လေထုညစ်ညမ်းစေပြီး ဒီအငွေ့တွေကို ရှူရှိုက်နေရတဲ့အိမ်သားတွေနဲ့ ဘေးပတ်ဝန်းကျင်ကလူတွေကိုပါ ဒုက္ခဖြစ်စေနိုင်ပါတယ်။

၅။ သန့်ရှင်းရေးမလုပ်တဲ့ အိမ်တွေ၊ စားကြွင်းစားကျန်တွေ၊ အမှိုက်တွေပုံနေတာ၊ ပြတင်းပေါက်မှန်တွေမှာ ဖုန်တက်နေတာ၊ မလျှော်ရသေးတဲ့ အဝတ်ပုံတွေဟာ ပိုးမွှားအင်းဆက်ပေါင်းများစွာကို ဖိတ်ခေါ်ပေးသလိုဖြစ်စေပြီး ခတ်မတည့်ဖြစ်ခြင်း၊ မှိုတက်ခြင်း၊ အရေပြားမှိုစွဲခြင်း၊ အသက်ရှူကျပ်ခြင်း၊ အရေပြားယားယံခြင်းတွေဖြစ်စေပါတယ်။

၆။ ကျောက်မီးသွေးမီးဖိုတွေ၊ ထင်းမီးဖိုတွေ သုံးခြင်း၊ သစ်ရွက်အမှိုက်မီးရှို့ခြင်း၊ အမွှေးတိုင်၊ ဖယောင်းတိုင်တွေ အများအပြားထွန်းခြင်းနှင့် အကြော်ညှော်နံ့တွေမှာ အသက်ရှူလမ်းကြောင်းကို ထိခိုက်စေတဲ့အဆိပ်ငွေ့တွေ၊ ဓာတုပစ္စည်းတွေ အများအပြား ပါဝင်ပါတယ်။

၇။ အိမ်သန့်ရှင်းရေးလုပ်တဲ့ ပစ္စည်းတချို့မှာ အနံ့ပြင်းလွန်းတဲ့ ဓာတုအဆိပ်တွေ ပါဝင်တတ်ပါတယ်။ ဒီပစ္စည်းတွေနဲ့ အိမ်သန့်ရှင်းရေးလုပ်ပြီးသွားတဲ့အခါ အနံ့၊ အဆိပ်အတောက်ခရိုက်ငွေ့တွေဟာ အိမ်ခန်းထဲမှာ ရက်ပေါင်းများစွာ ကျန်နေတတ်ပြီး အသက်ရှူလိုက်တိုင်း အဆိပ်ငွေ့တွေ ဝင်သွားတတ်ပါတယ်။



အိမ်တွင်းသန့်ရှင်းရေးဆောင်ရွက်နေစဉ်။

**အိမ်တွင်းလေထုညစ်ညမ်းမှုကြောင့် လတ်တလောခံစားရနိုင်သောရောဂါများ**

- ခေါင်းမူးခြင်း၊ ခေါင်းကိုက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ အသက်ရှူကျပ်ခြင်း၊ ပျို့ခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်းနှင့် မျက်စိ၊ နှာခေါင်း၊ လည်ချောင်း၊ အရေပြားယားယံခြင်း စသည်တို့ဖြစ်နိုင်ပါတယ်။

**အိမ်တွင်းလေထုညစ်ညမ်းမှု ရေရှည်ခံစားရခြင်းကြောင့် ဖြစ်ပေါ်နိုင်သောကျန်းမာရေးပြဿနာများ**

အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ (ပန်းနာရင်ကျပ်ရောဂါ၊ အဆုတ်ရောဂါ၊ နာတာရှည်အဆုတ်ပွလေပြွန်ကျဉ်းရောဂါ)၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ လေဖြတ်ရောဂါ၊ အဆုတ်၊ နှာခေါင်း၊ လည်ချောင်းနှင့် အသံအိုးကင်ဆာရောဂါများ၊ ကလေးငယ်များတွင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ဖွံ့ဖြိုးမှုအားနည်းခြင်းနှင့် ခန္ဓာကိုယ်ကြီးထွားမှုနှေးကွေးခြင်းများဖြစ်နိုင်ပါတယ်။

**အိမ်တွင်းလေထုညစ်ညမ်းမှုမဖြစ်အောင်ကာကွယ်ခြင်း**

- လေထုညစ်ညမ်းမှုကိုမဖြစ်စေဖို့ ကြိုတင်ကာကွယ်ခြင်းဟာ မိမိအိမ်၊ မိမိ မိသားစုကနေစတင်ပြီး မိမိရဲ့ရပ်ကွက်၊ မိမိပတ်ဝန်းကျင်ကလူတွေပါ အားလုံးဝိုင်းဝန်းဆောင်ရွက်ဖို့ အရေးကြီးပါတယ်။
- အိမ်မှာ ဆေးသုတ်ထားတဲ့ နေရာတွေ၊ နံရံနဲ့ မျက်နှာကြက်တွေမှာ အပေါက်တွေ၊ အက်ကွဲကြောင်းတွေ ဖြစ်နေလား၊ အမှုန့်တွေ ကျနေလားဆိုတာ သေချာစစ်ပါ။
- လိုအပ်တဲ့နေရာတွေမှာ အိမ်သုတ်ဆေးအသစ်ပြန်သုတ်ပါ။
- အိမ်ထဲမှာ ဖယောင်းတိုင်၊ အမွှေးတိုင်တွေ ထွန်းတာ တတ်နိုင်သလောက်ရှောင်ပါ။
- အိမ်တွင်းမှာ မီးသွေးမီးဖို၊ ထင်းမီးဖို တွေကို မသုံးဘဲ အိမ်အပြင်မှာသုံးပါ။ ဂက်စ်မီးဖို၊ လျှပ်စစ်မီးဖိုတွေကို အသုံးပြုပါ။
- အဝတ်တွေကို အမြဲလျှော်ဖွပ်ပါ။ ဝတ်ထားပြီးသား အဝတ်တွေကိုပုံမထားပါနဲ့။
- အမှိုက်တွေကို တစ်နေ့ တစ်ကြိမ်လောက် သေချာစွန့်ပစ်ပါ။
- အိမ်သန့်ရှင်းရေးကို တစ်နေ့တစ်ခါ မလုပ်နိုင်ရင်တောင် တစ်ရက်ခြား၊ နှစ်ရက်ခြား တစ်ကြိမ်လောက်လုပ်ပေးပါ။ ပိတ်ရက်တွေမှာ မိသားစုဝင်တွေကိုပါ ကူလုပ်ခိုင်းပါ။
- ကော်ဇောအထူကြီးတွေ ခင်းတာထက် ကြမ်းခင်းပါးပါးလေးတွေပဲ ခင်းပါ။ ဖုန်အရမ်းမတက်သလို သန့်ရှင်းရေးလုပ်ရတာလည်း ပိုလွယ်ကူစေပါတယ်။
- အိမ်မှာ လေသန့်စင်စက် သို့မဟုတ် စိုထိုင်းဆထိန်းညှိစက်တွေ၊ လေအေးပေးစက် သို့မဟုတ် အဲကွန်းတပ်ဆင်ထားပြီး တစ်နေ့တစ်ကြိမ်လောက် ဖွင့်ပေးထားပါ။
- အိမ်တွင်းမှာ ဆေးလိပ်သောက်ခြင်းကိုရှောင်ပါ။
- လေထဲကို ဖျန်းတဲ့ အမွှေးနံ့ဖျန်းဆေးတွေကို လျှော့သုံးပါ။
- အိပ်ရာထတဲ့အချိန် စောင်တွေ၊ ခေါင်းအုံးတွေကို သေချာခါပါ၊ တစ်ပတ်တစ်ကြိမ် စောင်၊ အိပ်ရာခင်း၊ခေါင်းအုံးစွပ်တွေကို လျှော်ပါ။
- အိမ်ကို ဖုန်စုပ်စက်နဲ့ဖြစ်စေ၊ တံမြက်စည်းနဲ့ဖြစ်စေ သန့်ရှင်းပေးပါ။

**အိမ်တွင်းလေထုညစ်ညမ်းမှု လျှော့နည်းစေရန်နည်းလမ်းများ**

၁။ နေအိမ်အခန်းများနှင့် မီးဖိုချောင်အား လေဝင်လေထွက်ကောင်းအောင် ထားရှိပါ။

၂။ အိမ်တွင်းဆေးလိပ်သောက်ခြင်းနှင့် နေအိမ်ခန်းများကို အလုံပိတ်၍ မီးစက်မောင်းခြင်း၊ ဖယောင်းတိုင်၊ အမွှေးတိုင်နှင့် ခြင်ဆေးခွေထွန်းခြင်းတို့ကို ရှောင်ကြဉ်ပါ။

၃။ ချက်ပြုတ်ရာ၌ ထင်းနှင့်မီးသွေးအစား လျှပ်စစ်မီး သို့မဟုတ် ဓာတ်ငွေ့လောင်စာကိုအသုံးပြုပါ။ လျှပ်စစ်မီး သို့မဟုတ် ဓာတ်ငွေ့မရရှိနိုင်သည့်နေရာများတွင် မီးခိုးငွေ့အထွက်နည်းစေရန် စနစ်တကျပြုလုပ်ထားသည့် မီးဖိုအမျိုးအစားများနှင့် စနစ်တကျပြုပြင်ထားသည့်လောင်စာများကို ရွေးချယ်အသုံးပြုပါ။

၄။ အိမ်အနီးပတ်ဝန်းကျင်တွင် အမှိုက်သရိုက်များ စုပုံခြင်း၊ မီးရှို့ခြင်းများကို ရှောင်ကြည်ပါ။ အနံ့ဆိုးများထွက်ရှိသော စီးပွားရေးလုပ်ငန်းများအနေဖြင့် လူနေရပ်ကွက်နှင့်ဝေး၍ ပတ်ဝန်းကျင်သန့်ရှင်းရေး စနစ်တကျလုပ်ကိုင်ဆောင်ရွက်ခြင်း စတဲ့ နည်းလမ်းတွေကို သေချာလိုက်နာကြရမှာ ဖြစ်ပါတယ်။

အချုပ်အားဖြင့် အိမ်တွင်းလေထုညစ်ညမ်းမှုကို ကာကွယ်ဖို့နဲ့ တတ်နိုင်သလောက်လျှော့ချဖို့ လုပ်ဆောင်မှသာ ကျန်းမာသောလူမှုဘဝများရရှိစေမှာဖြစ်ကြောင်း ရေးသားလိုက်ရပါတယ်။

**ကိုးကား**

(၁) မြန်မာ့စွယ်စုံကျမ်း၊အတွဲ(၁၅)

(၂) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သိကောင်းစရာစာအုပ်(အတွဲ-၁)

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ဆရာကောင်းသန့်၏ ဝေသီမြင့်မားသောတောင်ထိပ်ဖျားပေါ်မှ တစ်ခုသောပန်းဥယျာဉ်ဝတ္ထုရှည်ကိုလေ့လာခြင်း

ကျောင်းဆရာကောင်းတစ်ယောက်တွင် စိတ်ဓာတ်ကြံ့ခိုင်မှုနှင့် စွမ်းရည်ထက်မြက်မှုတို့ရှိရမည်ဖြစ်သည်။ စိတ်ဓာတ်မည်မျှကြံ့ခိုင်သည်ဖြစ်ပါစေ ဤဆရာသည် မိမိ၏စွမ်းဆောင်ရည်ကိုမဖော်ပြနိုင်လျှင် အောင်မြင်သည့်ဆရာကောင်းတစ်ယောက်မဖြစ်နိုင်ပါ။

ဆန္ဒနှင့်ဘဝသည် တွဲဖက်နေပါသည်။ ဆန္ဒသာရှိ၍ အောင်မြင်သောဘဝအဖြစ် မတည်ဆောက်နိုင်လျှင်လည်း အချည်းနှီးသာဖြစ်ပါသည်။ ကျွန်တော်သည် ဆရာကောင်းသန့်၏ "ဝေသီမြင့်မားသောတောင်ထိပ်ဖျားပေါ်မှ တစ်ခုသောပန်းဥယျာဉ်"ဟူသောဝတ္ထုရှည်ကိုဖတ်နေမိသည်။ ဆရာကောင်းသန့်က နှစ်နှစ်မျှအချိန်ယူပြီး ရေးသားခဲ့သည်။ ဝတ္ထုရှည်ကို ကျွန်တော်က နှစ်ညဖြင့် အပြီးဖတ်ခဲ့ပါသည်။ စာဖတ်နေစဉ်က တစ်ညဖြင့်အပြီးဖတ်ရန် ရည်ရွယ်ခဲ့သော်လည်း မိမိမျက်စိများက လက်မခံ၊ ဝေသီမှုန်ဝါးလာသဖြင့် နှစ်ညဆက်ကာ ဖတ်ခဲ့ရသည်။

ဤဝတ္ထုရှည်ကိုဖတ်ရင်း ကျောင်းဆရာကောင်းတစ်ဦး၏စိတ်ဓာတ်ကို ကျွန်တော်တွေ့သည်။ ရည်ရွယ်ချက်မြင့်မားသော ဆရာတစ်ယောက်သည် မဏိပူရမြစ်ရှိ မန်ဆောင်တံတားဖြတ်ရမည်ကို ဝန်မလေးပါ။ ပေပေါင်း ငါးထောင်ကျော်မြင့်သော တောင်ကိုးလုံးကို ဖြတ်ကျော်ရမည်ကိုလည်း မကြောက်ပါ။ တစ္ဆေဖြူကြီးနှစ်ကောင်ရှိသည်ဆိုသည့် အိမ်ကြီးပေါ်တွင်နေရသည်ကိုလည်း မရွံ့ပါ။ ထင်းစိုများကို ထင်းရှူးချောင်းများဖြင့် မီးခိုးတလူလူထအောင် မီးမွေးချက်ပြုတ်ရသည့်ဒုက္ခ၊ တစ်နေ့ရေတစ်ပုံးသာရရှိအသုံးပြုရသည့်ဒုက္ခကိုလည်းမမှုပါ။

သူ၏ချစ်ဇနီး၊ သားကြီးနှင့် သမီးလေး မြဝတ်ရည်တို့ကို ခွဲခွာနေရခြင်းကိုလည်း အလေးဂရုမပြုနိုင်ပါ။

ကျောင်းရုံးခန်းသည် သက်ဆိုင်ရာဖိုင်များ၊ စာရွက်စာတမ်းများ၊ (က)စာရင်း၊ (ခ)စာရင်းစာအုပ်များ ပြည့်စုံစွာ ဖြည့်စွက်မှတ်တမ်းပြုထားရေးကိုသာ သူအဓိကထားသည်။

သူသည် စိတ်ဓာတ်ကြံ့ခိုင်သူသာမဟုတ်၊ စွမ်းရည်လည်း ပြည့်ဝသူတစ်ယောက်ဖြစ်ကြောင်း လက်တွေ့ပြသခဲ့သည်။ သူကိုယ်တိုင်က အထက်တန်းပြဆရာဘဝတွင် သူများ၏စီမံခန့်ခွဲမှုအောက်၌ လုပ်ရခြင်းကို စိတ်ကုန်နေသူဖြစ်သည်။ သူကိုယ်တိုင် စီမံခန့်ခွဲရသည့် ကျောင်းအုပ်ကြီးလုပ်ချင်သူဖြစ်သည်။

အသက် ၃၁ နှစ်အရွယ်၊ တက်ကြွသောကြက်ဖတစ်ကောင်၊ ထို့ကြောင့် အစွမ်းပြချင်သည်။ မိမိကိုယ်တိုင်လုပ်ပြချင်သော သူရဲကောင်းစိတ်ဓာတ်၊ အများအကျိုးဆောင်ရွက်လိုသောစေတနာ၊ ငါလုပ်လျှင် ဘာမဆိုဖြစ်ရမည်ဟူသော လူငယ့်အားမာန်တို့၏ တိုက်တွန်းနှိုးဆော်မှုတို့ကြောင့် မိသားစုကိုပင်မငဲ့ညှာတော့ဘဲ စေလိုရာစေလျှောက်လွှာတင်ကာ ချင်းပြည်နယ် တီးတိန်မြို့နယ် လိုင်တွီးရွာကလေးသို့ အလယ်တန်းကျောင်းအုပ်ရာထူးဖြင့် ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ဤအခါ သူ၏အစွမ်းကိုပြရတော့မည်။ အစွမ်းပြသည်ဆိုရာတွင် တစ်ကိုယ်တော်လူစွမ်းကောင်းလုပ်ပြနေ၍ရသည်မဟုတ်ပါ။ မိမိကျောင်းမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများကို မိမိလိုချင်သောပုံစံရောက်အောင် စည်းရုံးသိမ်းသွင်းရသည်။ လွယ်သည့်အလုပ်များမဟုတ်ပါ။

လိုင်တွီးကျေးရွာကောင်စီဥက္ကဋ္ဌနှင့် ပါတီစိတ်မှူးတို့အား မိမိဆန္ဒသဘောထားများကို အကောင်အထည်ဖော်နိုင်ရန်စည်းရုံးတင်ပြရသည်။ မိဘ၊ ဆရာအသင်းလူကြီးများသာမက ရပ်ရွာအတွင်းရှိ ဘာသာရေးခေါင်းဆောင်များကိုလည်း မိမိဘက်ပါလာအောင် စည်းရုံးသိမ်းသွင်းခဲ့ရသည်။ လွယ်တော့မလွယ်၊ ဤမလွယ်ကူသည့်ကိစ္စအဝဝကို စွမ်းဆောင်နိုင်မှသာဆရာ၏စွမ်းရည်သည် ပေါ်လွင်လာမည်ဖြစ်သည်။

ပထမကျောင်းရုံးခန်းတွင် သက်ဆိုင်ရာရုံးဖိုင်များ၊ စာရွက်စာတမ်းများနှင့် စာအုပ်များပြည့်စုံမှန်ကန်ရန် ကြိုးစားသည်။ ဆရာ၊ ဆရာမများ လုံလောက်မှုတအောင် ဆောင်ရွက်သည်။ ကျောင်းသား၊ ကျောင်းသူများ တစ်ကိုယ်ရေသန့်ရှင်းမှုရှိစေရန် အထူးအလေးထားဆောင်ရွက်သည်။ ကျောင်းကောင်စီအသင်းလေးသင်းအား အမှတ်ပေးယှဉ်ပြိုင်မှုများ အကောင်အထည်ဖော်သည်။

ကျောင်းသား၊ ကျောင်းသူများမှာ မြန်မာစကားမတတ်ကျွမ်းကြ၊ ဆရာကြီးပြောသည်ကို ကောင်းစွာနားမလည်ကြ၊ မြန်မာလိုရေးထားသည့်စာများကို ကောင်းစွာနားမလည်ကြ၊ သူတို့လေးတွေ မည်သို့ရေးမှတ်ကျက်နေကြပါသနည်း။ ဆရာကြီးသည် ကျောင်းသား၊ ကျောင်းသူများ မြန်မာစာ၊ မြန်မာစကား နားလည်တတ်ကျွမ်းရန် အထူးအလေးပေးဆောင်ရွက်သည်။

ကျောင်းအလံတိုင်၊ ကျောင်းဂေါ်ဖီစိုက်ခင်းနှင့် မြင်း၊ နွားပြသနာများ၊ ကျောင်းသားဦးရေ တိုးပွားစေရေးအတွက် "ဆီမီးရောင်စစ်ဆင်ရေး"၊ ကျောင်းပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် "ဇိုဇန်ပန်းဥယျာဉ်" တည်ထောင်ခြင်း၊ ကာယလေ့ကျင့်ခန်းများကို ဗုံသံလေးဖြင့် အချက်ပြကာ ကျောင်းသား၊ ကျောင်းသူများအား ကာယလေ့ကျင့်ခန်းများ ညီညာစွာလုပ်ဆောင်စေခြင်း၊ ရေလောင်းအိမ်သာစီမံကိန်းကို အကောင်အထည်ဖော်ကြခြင်း၊ ကျောင်းတွင်းအားကစားပြိုင်ပွဲများ ပြုလုပ်ပေးကာ ယှဉ်ပြိုင်ကြစေခြင်း၊ အားကစားတံခွန်စိုက်ဒိုင်းကို နို့ဆီခွက်များ အသုံးပြုကာ လက်သမားဆရာများနှင့် ပြုလုပ်ကြခြင်း၊ ကျောင်းအိပ်စာကျက်ဝိုင်းကို ဆရာ၊ ဆရာမများနှင့်ညှိနှိုင်းကာ အကောင်အထည်ဖော်ခြင်း၊ ကျောင်းတွင် ဘာသာစုံဆုတောင်းပွဲများကို အခက်အခဲများအားကျော်ဖြတ်ကာ ကျင်းပနိုင်ခဲ့ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သည်။

စာမေးပွဲများကျင်းပပြီးစီး၍ အောင်စာရင်းများထွက်လာသောအခါ ၁၉၈၄-၁၉၈၅ ပညာသင်နှစ်တွင် အဋ္ဌမတန်းအောင်ချက်ကောင်းခဲ့သည်။ ၁၄ ဦးဖြေဆိုခဲ့ရာ ၁၀ ဦးအောင်သဖြင့် ၇၁ ဒသမ ၄၃ ရာခိုင်နှုန်းအောင်မြင်သည်။ စတုတ္ထတန်းစာမေးပွဲတွင် ၄၆ ယောက်ဖြေဆိုရာ ၃၉ ယောက်အောင်မြင်သဖြင့် ၈၄ ဒသမ ၇၈ ရာခိုင်နှုန်းအောင်မြင်သည်။

ဤသည်မှာ ကျောင်းဆရာကောင်းများ၏စွမ်းရည်ကို ပြသခဲ့ခြင်းဖြစ်သည်။ ဤသည်ထက် ထူးခြားစွာအောင်မြင်မှုသရဖူဆောင်းနိုင်ခြင်းမှာ လိုင်တွီးအလယ်တန်းကျောင်းလေးအား စံပြကျောင်းအဖြစ် တီးတိန်မြို့နယ်အထက်တန်း၊ အလယ်တန်းကျောင်းအုပ်ကြီးများ လာရောက်လေ့လာခဲ့ကြခြင်းပင်ဖြစ်သည်။

> **❖ဤသို့အဆင့်ဆင့်အောင်ပွဲခံနိုင်ခြင်းမှာ ကျောင်းဆရာကောင်းတစ်ယောက်၏စိတ်ဓာတ်နှင့်စွမ်းရည်များကြောင့်ဟု ဆိုနိုင်ပါသည်။ စိတ်ဓာတ်မည်မျှပြင်းထန်ပါစေ၊ စွမ်းရည်မရှိလျှင် ဤမျှမအောင်မြင်နိုင်ပါ။ ဤကဲ့သို့ ဦးဆောင်စွမ်းရည်ရှိသောဆရာမျိုး များစွာပေါ်ပေါက်လာပါက ယခုကဲ့သို့ စံပြကျောင်းများ များစွာပေါ်ပေါက်လာမည်ဖြစ်ပါသည်။ ဤသို့ဖြင့် နောင်နှစ်ပေါင်း ၂၀ ခန့်ကြာသောအခါ လိုင်တွီးအလယ်တန်းကျောင်းလေးသည် အထက်တန်းကျောင်းခွဲဖြစ်သွားလေပြီ။ ယခင်က ကျောင်းသား၊ ကျောင်းသူဦးရေ ၃၀၀ ခန့်သာရှိရာက ယခုဦးရေ ၈၀၀ ကျော်ရှိနေပြီ။ ဆယ်တန်းစာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်မြင်သူများပင်ရှိနေကြပြီ။ ❖**

ဤအခါ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးတို့သည် ကျောင်းဝင်းစိမ်းလန်းစိုပြည်ရေးစီမံချက်အရ ကျောင်းပတ်လည်တွင် သစ်ပင်များစိုက်ပျိုးထားသည်ကို မြင်ကြသည်။ ကျောင်းအလယ်တွင် ဇိုဇန်ပန်းဥယျာဉ်လေးကို မြင်ကြသည်။ ကျောင်းနောက်တွင် ဘောလုံးကွင်းနှင့် ဘော်လီဘောကွင်းတို့ကို မြင်ကြသည်။ မိန်းကလေးများ၏ ထုပ်ဆီးကွင်း၊ မူလတန်းကလေးများအတွက် ဒန်းနှင့်စီးဆောတို့ကို မြင်ရသည်။ ကျောင်း၏ဂေါ်ဖီစိုက်ခင်းကိုလည်း မြင်ကြရသည်။

ကာယလေ့ကျင့်ခန်းကို ဗုံသံဖြင့် ညီညာစွာသရုပ်ပြလှုပ်ရှားနေကြသည်ကိုလည်း မြင်ကြရသည်။ ရေလောင်းအိမ်သာ၊ ရေအခက်အခဲကြောင့် ရေအိုးအခက်အခဲကြားမှ မဖြစ်မနေအကောင်အထည်ဖော်ထားသည်ကို တွေ့ကြသည်။ ကျောင်းရုံးခန်းကိုလည်း စနစ်တကျစီမံထားသည်ကို မြင်ကြရသည်။

တီးတိန်မြို့နယ် ပညာရေးမှူးနှင့် ဆရာကြီး ၁၄ ဦးတို့အား တူမီးသေနတ် ၈၂ နှစ်လက်ဖြင့် ပစ်ဖောက်ကြိုဆိုကြပုံ၊ ရွာမှလှပျိုဖြူမလေးများက ပန်းစည်းဆက်ကာ ကြိုဆိုကြပုံ၊ ကြိုဆိုရေးသီချင်းများဖြင့် သီဆိုကြိုဆိုကြပုံ၊ ချင်းရိုးရာ ဗုံ၊ မောင်းများ တီးကာ ကြိုဆိုကြပုံ၊ စားသောက်ဖွယ်ရာများ၊ ခေါင်ရည်များဖြင့် ဧည့်ခံကြပုံ၊ ညတွင်မီးပုံပွဲဆင်နွဲကြပြီး ခွာဒိုအကကကြပုံ၊ ထို့နောက် လိုင်တွီးကျောင်းသူ၊ ကျောင်းသားများ၏ ပဒေသာကပွဲ။

ဤသို့အဆင့်ဆင့်အောင်ပွဲခံနိုင်ခြင်းမှာ ကျောင်းဆရာကောင်းတစ်ယောက်၏စိတ်ဓာတ်နှင့်စွမ်းရည်များကြောင့်ဟု ဆိုနိုင်ပါသည်။ စိတ်ဓာတ်မည်မျှပြင်းထန်ပါစေ၊ စွမ်းရည်မရှိလျှင် ဤမျှမအောင်မြင်နိုင်ပါ။ ဤကဲ့သို့ ဦးဆောင်စွမ်းရည်ရှိသောဆရာမျိုးများစွာပေါ်ပေါက်လာပါက ယခုကဲ့သို့ စံပြကျောင်းများ များစွာပေါ်ပေါက်လာမည်ဖြစ်ပါသည်။

ဤသို့ဖြင့် နောင်နှစ်ပေါင်း ၂၀ ခန့်ကြာသောအခါ လိုင်တွီးအလယ်တန်းကျောင်းလေးသည် အထက်တန်းကျောင်းခွဲဖြစ်သွားလေပြီ။ ယခင်က ကျောင်းသား၊ ကျောင်းသူဦးရေ ၃၀၀ ခန့်သာရှိရာက ယခု ဦးရေ ၈၀၀ ကျော်ရှိနေပြီ။ ဆယ်တန်းစာမေးပွဲကို ဂုဏ်ထူးဖြင့်အောင်မြင်သူများပင်ရှိနေကြပြီ။

ဆရာ၊ ဆရာမများနေထိုင်ရန် အိမ်များဆောက်လုပ်ပေးပြီး ငှက်ပျောပင်များ၊ မျောက်ငိုပင်များကိုလည်း စိုက်ပျိုးပေးထားသည်။ ကျေးရွာလည်း တိုးတက်လာပြီး ပေ ၃၀ ကျော်ကျယ်ဝန်းသည့် လမ်းကြီးဖြင့် အိန္ဒိယနယ်စပ်ကျန်ဖိုင်ထိ သွားလာနိုင်ကြပြီ။

ရွာထဲတွင် စွဲမက်၊ Sweet night၊ ပန်းချယ်ရီ စသောစားသောက်ဆိုင်များလည်း ဖွင့်လှစ်ထားသည်။ ရွာမှာ မီးလည်းရပြီ၊ ရေလည်းမရှားတော့ဟုဆိုသည်။

"ဆရာကြီးတပည့် ထန်ရှန်ဒါလ်က ဩစတြေးလျ ရောက်နေတယ်။ တွမ်းဆောင်းခိုင်ကလည်း ဩစတြေးလျမှာ နိုင်ငံရေးဘာသာရပ်ယူပြီး တက္ကသိုလ်မှာဆက်တက်နေတယ်။ အင်ခေါခိုင်က တောင်ကိုးရီးယားမှာ ဝုန်းဆွမ်ပေါင်နဲ့ ဒန်ရှန်ခိုင်တို့က ဘာသာရေးဆရာတွေဖြစ်နေကြတယ်။ ကျန်းမာရေးဝန်ထမ်းလုပ်နေကြသူတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေလည်း အများကြီး၊ ဆရာကြီးရှိစဉ်က ဆရာကြီးရဲ့ကြိုးစားပျိုးထောင်ပေးမှုကြောင့် တပည့်တွေ က ပညာတန်ဖိုးကို သိသွားကြပြီး ကြိုးစားကြတယ်၊ သူတို့သားသမီးတွေကို ပညာရေးမှာ ဖြစ်ထွန်းအောင်မြင်လာအောင် ကြိုးစားပေးနေကြတယ်။ အဲဒါ ဆရာကြီးကျေးဇူးကြောင့်ပဲဆိုတာ ကျွန်တော်တို့တစ်ရွာလုံးက သဘောပေါက်လက်ခံထားကြပါတယ်"

တပည့်ဟောင်း ထန်ခန်းဆောင်က စာပေဟောပြောရန် တီးတိန်သို့ရောက်ရှိလာသော စာရေးဆရာကောင်းသန့် (ယခင်ကျောင်းအုပ်ဆရာကြီးဟောင်း ဦးခင်မောင်ကြွယ်)အား ရွာသို့အလည်ခေါ်ရင်း ရှင်းပြသည်။

ဆရာကောင်းသန့်က စာပေဟောပြောပွဲ အစီအစဉ်များအရ တီးတိန်ပြီးပါက တခြားတစ်နေရာသို့ ကူးပြောင်းရမည်ဖြစ်၍ လိုက်ချင်သော်လည်း မလိုက်နိုင်သေးကြောင်း၊ နောင်အခွင့်သင့်ရင် လာခဲ့ပါဦးမည်ဟု သူတပည့်ကိုရှင်းပြသည်။

မည်သို့ဆိုစေ ခေါင်းဆောင်ကောင်း၊ စီမံခန့်ခွဲမှုကောင်းပြီး ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျေးရွာကောင်စီဥက္ကဋ္ဌ၊ ပါတီစိတ်မှူး၊ ဘာသာရေးခေါင်းဆောင်များ၏လက်တွဲပူးပေါင်းဆောင်ရွက်မှုများကြောင့် လိုင်တွီးအလယ်တန်းကျောင်းလေးသည် စံပြကျောင်းဆုရရှိကာ ထူးချွန်သောကျောင်းသား၊ ကျောင်းသူများ ပေါ်ပေါက်ခဲ့ကြသည်။

"ဝေသီမြင့်မားသော တောင်ထိပ်ဖျားပေါ်မှ တစ်ခုသောပန်းဥယျာဉ်"လေးသည် နှစ်ပေါင်းများစွာ ပန်းပေါင်းဝေဝေဆာဆာဖြင့် ဖူးကြပွင့်ကြကာ မွှေးရနံ့လှိုင်နေမည်သာဖြစ်ပါသတည်း။

**ကိုးကား**

- **ကောင်းသန့်၏ "ဝေသီမြင့်မားသော တောင်ထိပ်ဖျားပေါ်မှ တစ်ခုသောပန်းဥယျာဉ်" ဝတ္ထုရှည်။**

**ပုသိမ်အောင်သန်းဦး**

# ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၂၅ ခုနှစ် ဇန်နဝါရီလ (၄)ရက်၊ (၇၇)ကြိမ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၂၅)ဖြင့် လူပုဂ္ဂိုလ်များဆိုင်ရာ သာသနာ့နုဂ္ဂဟဘွဲ့၊ ''သုဓမ္မသိင်္ဂီဘွဲ့တံဆိပ်''ကို မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ဖျောက်ဆိပ်ကုန်းရပ်ကွက် (၆၈)လမ်းနေ ဒေါ်ဝင်းကြည် (ခေါ်) ဒေါ်ကြည်ကြည်ဝင်းအား ထိုက်ထိုက်တန်တန်ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဘာသာ၊ သာသနာအကျိုးကို ဆက်လက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ဂုဏ်ပြုအပ်ပါသည်။

ခင်ပွန်း ဦးစိန်အောင် (ခေါ်) ဦးဆိတ်ပေါက်
သမီး - ကိုစိုင်းဝဏ္ဏ + မသီတာဦး
သား - ကိုမြင့်ဦး + မခင်ဆွေလှိုင်
သား - ကိုအောင်ဇော်ဦး + မဇင်မီဟန်
သမီး - မနီလာဦး၊ မခိုင်ဇာဦး
သား - မောင်မင်းဝိုင်းခန့်
မြေး - မမေသရဖီအောင်၊ မသီရိမေဇင်၊ မလှလှဦး၊
မောင်အောင်ဘုန်းမြတ်မင်း၊ မောင်သုတထက်မြက်အောင်

**''စိန်''သံရည်ကျိုစက်ရုံမိသားစု**

## ဘိုးဘပိုင် / မြေပိုင် အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

စစ်ကိုင်းမြို့၊ **ပန်းဘဲတန်း**ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၆)၊ အကွက်အမည် **ဆင်များရှင်**ကွင်း၊ ဦးပိုင်အမှတ်(၂၇)၊ ဧရိယာ(**၀.၉၀၃**)ကေရှိသည့်အနက်မှ ဧရိယာ(**၀.၁၅၁**)ကေ၊ ဦးပိုင်အမှတ်(၂၈)၊ ဧရိယာ(**၀.၉၀၈**)ကေရှိသည့်အနက်မှ ဧရိယာ(**၀.၀၁၆**)ကေ၊ စုစုပေါင်းဧရိယာ(**၀.၁၆၇**)ကေရှိ အောက်ဖော်ပြပါအလားအလာရှိသည့်-

(က) အရှေ့လားသော် - ဦးပိုင်အမှတ်-၂၆-က
(ခ) အနောက်လားသော် - ဦးပိုင်အမှတ်-၂၈ ကျန်မြေ
(ဂ) တောင်လားသော် - ဦးပိုင်အမှတ်-၂၇ ကျန်မြေ၊ ၂၈ ကျန်မြေ
(ဃ) မြောက်လားသော် - ဦးပိုင်အမှတ်-၂၄-က

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် **ဒေါ်ဌေးဌေး**မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ(၆)ရက်နေ့** မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**စစ်ကိုင်းမြို့နယ် မြေစာရင်းဦးစီးဌာန**
**စစ်ကိုင်းမြို့**

## ဘိုးဘပိုင် / မြေပိုင် အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

စစ်ကိုင်းမြို့၊ **ပန်းဘဲတန်း**ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၆)၊ အကွက်အမည် **ဆင်များရှင်**ကွင်း၊ ဦးပိုင်အမှတ်(၂၇)၊ ဧရိယာ(**၀.၉၀၃**)ကေရှိသည့်အနက်မှ ဧရိယာ(**၀.၁၆၉**)ကေ၊ ဦးပိုင်အမှတ်(၂၈)၊ ဧရိယာ(**၀.၉၀၈**)ကေရှိသည့်အနက်မှ ဧရိယာ(**၀.၀၃၅**)ကေ၊ စုစုပေါင်းဧရိယာ(**၀.၂၀၄**)ကေရှိ အောက်ဖော်ပြပါအလားအလာရှိသည့်-

(က) အရှေ့လားသော် - ဦးပိုင်အမှတ်-၂၆-က
(ခ) အနောက်လားသော် - ဦးပိုင်အမှတ်-၂၈ ကျန်မြေ
(ဂ) တောင်လားသော် - ဦးပိုင်အမှတ်-၂၇ ကျန်မြေ၊ ၂၈ ကျန်မြေ
(ဃ) မြောက်လားသော် - ဦးပိုင်အမှတ်-၂၇ ကျန်မြေ၊ ၂၈ ကျန်မြေ

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် **ဒေါ်ပိုးစန္ဒီဇေ**မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ(၆)ရက်နေ့** မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**စစ်ကိုင်းမြို့နယ် မြေစာရင်းဦးစီးဌာန**
**စစ်ကိုင်းမြို့**

## ပျောက်ဆုံးကြောင်း

ဝမ်းတွင်းမြို့နယ်၊ ထန်းပင်ကုန်းကျေးရွာနေ မထက်နန္ဒာလှိုင် (ဘ) ဦးမြင့်သိန်း (၉/ပဘန(နိုင်)၁၀၂၂၀၀)၏ နိုင်ငံကူးလက်မှတ်အမှတ် (MC-653810)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၇၈၄၃၄၀၃၄၀

## ဘိုးဘပိုင် / မြေပိုင် အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

စစ်ကိုင်းမြို့၊ **ပန်းဘဲတန်း**ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၆)၊ အကွက်အမည် **ဆင်များရှင်**ကွင်း၊ ဦးပိုင်အမှတ်(၂၇)၊ ဧရိယာ(**၀.၉၀၃**)ကေရှိသည့်အနက်မှ ဧရိယာ(**၀.၁၉၀**)ကေ၊ ဦးပိုင်အမှတ်(၂၈)၊ ဧရိယာ(**၀.၉၀၈**)ကေရှိသည့်အနက်မှ ဧရိယာ(**၀.၀၁၈**)ကေ၊ စုစုပေါင်းဧရိယာ(**၀.၂၀၈**)ကေရှိ အောက်ဖော်ပြပါအလားအလာရှိသည့်-

(က) အရှေ့လားသော် - ဦးပိုင်အမှတ်-၂၆-က
(ခ) အနောက်လားသော် - ဦးပိုင်အမှတ်-၂၈ ကျန်မြေ
(ဂ) တောင်လားသော် - ဦးပိုင်အမှတ်-၂၇ ကျန်မြေ၊ ၂၈ ကျန်မြေ
(ဃ) မြောက်လားသော် - ဦးပိုင်အမှတ်-၂၇ ကျန်မြေ၊ ၂၈ ကျန်မြေ

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် **ဒေါ်အေးအေး**မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ(၆)ရက်နေ့** မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**စစ်ကိုင်းမြို့နယ် မြေစာရင်းဦးစီးဌာန**
**စစ်ကိုင်းမြို့**

## ဘိုးဘပိုင် / မြေပိုင် အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

စစ်ကိုင်းမြို့၊ **ပန်းဘဲတန်း**ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၆)၊ အကွက်အမည် **ဆင်များရှင်**ကွင်း၊ ဦးပိုင်အမှတ်(၂၇)၊ ဧရိယာ(**၀.၉၀၃**)ကေရှိသည့်အနက်မှ ဧရိယာ(**၀.၁၈၃**)ကေ၊ ဦးပိုင်အမှတ်(၂၈)၊ ဧရိယာ(**၀.၉၀၈**)ကေရှိသည့်အနက်မှ ဧရိယာ(**၀.၀၂၃**)ကေ၊ စုစုပေါင်းဧရိယာ(**၀.၂၀၆**)ကေရှိ အောက်ဖော်ပြပါအလားအလာရှိသည့်-

(က) အရှေ့လားသော် - ဦးပိုင်အမှတ်-၂၆-က
(ခ) အနောက်လားသော် - ဦးပိုင်အမှတ်-၂၈ ကျန်မြေ
(ဂ) တောင်လားသော် - ဦးပိုင်အမှတ်-၂၇ ကျန်မြေ၊ ၂၈ ကျန်မြေ
(ဃ) မြောက်လားသော် - ဦးပိုင်အမှတ်-၂၇ ကျန်မြေ၊ ၂၈ ကျန်မြေ

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် **ဒေါ်ခင်ခင်**မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ(၆)ရက်နေ့** မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**စစ်ကိုင်းမြို့နယ် မြေစာရင်းဦးစီးဌာန**
**စစ်ကိုင်းမြို့**

**သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက် ကိုစိုး။**

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ တံတားဦးမြို့နယ်နေ မောင်နိုင်အောင်(ဘ) ဦးအောင်လှိုင်(၉/တတဥ(နိုင်)၁၀၆၆၃၂)၏ နိုင်ငံကူးလက်မှတ်အမှတ် (M-123334)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၉၇၁၀၅၅၃၂

## ပျောက်ဆုံးကြောင်း

ကွက်ခိုင်မြို့နယ်၊ ကျောက်ဟုန်ကြိုင်ရွာ၊ ခိုပျဉ်အုပ်စုနေ မအူကွမ်ဟွေ (ဘ) ဦးအူဝင်ကျန် (၁၃/ကခန(နိုင်)၁၁၅၉၁၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၆၅၈၈၈၈၁၉

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်နေ ဒေါ်ကြည်မြင့် (ဘ) ဦးခမ်းလိုင်ပန်း(၁၃/တယန(နိုင်)၀၁၄၉၂၃)၏ နိုင်ငံကူးလက်မှတ်အမှတ် (M 608566)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၂၆၉၅၂၅၈







## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်း၊ ပုသိမ်ကြီးမြို့နယ်၊ ထုံးဘိုရွာ (၁၅)ရပ်ကွက်နေ ဒေါ်နှင်းအေး(၉/ပသက(နိုင်)၀၆၁၃၄၆)တို့၏သား မောင်အောင်ကြည်မိုး(PTI-၀၄၄၂၂၆)သည် မိဘကို အကြိမ်ကြိမ်စိတ်ဆင်းရဲဒုက္ခရောက်အောင်ပြုလုပ်နေပါသဖြင့် ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝတို့ကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဒေါ်နှင်းအေး(၉/ပသက(နိုင်)၀၆၁၃၄၆)

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပြင်ဦးလွင်မြို့နယ်၊ အောင်ချမ်းသာကျေးရွာအုပ်စု၊ စည်းကားရွာနေ ဦးချစ်စိန် (ခ) ဦးဖိုးနီ၏သားဖြစ်သူ မောင်စိုင်းမင်းထွေး(၉/ပဥလ(နိုင်)၀၉၈၈၆၄)သည် မိဘဆုံးမစကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ ရာသက်ပန်အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား (လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဦးချစ်စိန် (ခ) ဦးဖိုးနီ (၉/မမန(နိုင်)၀၆၄၃၈၅)
စည်းကားကျေးရွာ၊ ပြင်ဦးလွင်မြို့နယ်

## အဖိုးတန်ရေချိုကို ချွေတာပါ

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Pro-gramme-PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်



- ❖ **သစ်ပင်သစ်တောစိုက်ပျိုးခြင်းများဖြင့် သဘာဝဘေးအန္တရာယ်ကို အထိုက်အလျောက် လျှော့ချနိုင်သဖြင့် ဒေသအသီးသီးရှိ ကျေးရွာအုပ်စုများအလိုက် သစ်တောစိုက်ခင်းများစိုက်ပျိုးပြီး နိုင်ငံတစ်ဝန်း၌ သစ်ပင်သစ်တောများ ဖြစ်ထွန်းအောင်မြင်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် ပြည်သူများနှင့်ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လို...**
- ❖ **သစ်တောပြုန်းတီးမှုများ မရှိစေရေးအတွက်လည်း အမျိုးသားရေးစိတ်ဓာတ်ဖြင့် ထိန်းသိမ်းဆောင်ရွက်သွားကြရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဧပြီ ၂၂ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၄/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ ဆိုင်ကယ်အပိုပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ



ရှမ်းပြည်နယ်၌ ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။

**နေပြည်တော် ဇန်နဝါရီ ၈**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူ နိုင်ရေးဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၆ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မကွေးမြို့နယ်နှင့် မင်းလှမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ် တစ်စီးနှင့် မော်တော်ဆိုင်ကယ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၈၀၀၀၀၀ ကို

စာမျက်နှာ ၂၂ ကော်လံ ၁ ☆

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ထူးခြားသည့် ညအပူချိန်များ (၈-၁-၂၀၂၅)

| | | | | |
|---|---|---|---|---|
| နမ့်စန် | ၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၄ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ဟားခါး | ၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၆ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၆ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |

